ကြေးမုံ
The Mirror Daily
ခုနှစ်ရာ ခုနှစ်ဆယ် ... တောင်ကြည့်တော်တည်ဆောက်ခဲ့သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

**မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)**

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 10 April 2020 ၉၉၈၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## ကိုယ်ခံအားအကြောင်းနှင့် စားနပ်ရိက္ခာကူညီဖြန့်ဖြူးမှုအစီအစဉ်နှင့် စပ်လျဉ်း၍ သတင်းစကားပါး ရေးသား



နေပြည်တော် ဧပြီ ၉

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုယ်ခံအားအကြောင်းနှင့် စားနပ်ရိက္ခာကူညီဖြန့်ဖြူးမှုအစီအစဉ်နှင့်စပ်လျဉ်း၍ ယနေ့တွင် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -**

"ကိုယ်ခံအား" ဆိုတဲ့ စာသားလေး ခုတလော ခဏခဏ ခေါင်းထဲရောက်လာပါတယ်။ COVID-19 ကြောင့် ကျွန်မတို့ပြည်သူ (၃)ဦး ဆုံးပါးသွားရရှာပါပြီ။ ကွယ်လွန်သွားသူ (၃)ဦးလုံး ရောဂါအခံတွေရှိကြပါတယ်။ ဒါ့ကြောင့် COVID ကို တွန်းလှန်ဖို့ အားနည်းသွားပါတယ်။ ကိုယ်ခံအားနည်းတယ်ဆိုတဲ့သဘောပါ။ ရောဂါအခံရှိသူတွေ၊ သက်ကြီးရွယ်အိုတွေ ကိုယ်ခံအားနည်းတယ်လို့ သိနေကြမယ်လို့ ထင်ပါတယ်။

အနေအထိုင်၊ အစားအသောက် မဆင်ခြင်ရင်လည်း ကိုယ်ခံအား ကျနိုင်တယ်ဆိုတာ မမေ့ကြပါနဲ့။ ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ။ ပြည်သူတစ်ဦးချင်းဟာ နိုင်ငံအတွက် တန်ဖိုးရှိပါတယ်။ ပြည်သူတွေရဲ့ စုပေါင်းအင်အားက နိုင်ငံရဲ့ ကိုယ်ခံစွမ်းအားပါဘဲ။

မနက်ဖြန် ကျွန်မတို့နိုင်ငံ တဝှမ်း ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား ပြည်သူတွေအတွက် စားနပ်ရိက္ခာကူညီဖြန့်ဖြူးတဲ့ အစီစဉ် စပါမယ်။ တစ်ခါမျှမလုပ်ဖူးတဲ့ စီမံကိန်းကြီးမျိုးပါ။ သံမဏိချိန်းကြိုး တစ်ကြိုးရဲ့ အင်အားဟာ ကြိုးရဲ့ အပျော့ဆုံးကွင်းရဲ့ အားလောက်သာရှိတယ်လို့ဆိုပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ကိုယ်ခံစွမ်းအားရဲ့ အတိုင်းအတာကို၊ အားအနည်းဆုံးပြည်သူတွေကို စောင့်ရှောက်နိုင်တဲ့ အတိုင်းအတာက ပြပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

- **အနေအထိုင်၊ အစားအသောက် မဆင်ခြင်ရင်လည်း ကိုယ်ခံအားကျနိုင်တယ်ဆိုတာ မမေ့ကြပါနဲ့။**
- **ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ။ ပြည်သူတစ်ဦးချင်းဟာ နိုင်ငံအတွက် တန်ဖိုးရှိပါတယ်။ ပြည်သူတွေရဲ့ စုပေါင်းအင်အားက နိုင်ငံရဲ့ ကိုယ်ခံစွမ်းအားပါဘဲ။**
- **ရိက္ခာဖြန့်ဖြူးရေးအစီအစဉ် အောင်မြင်ဖို့ ဝိုင်းဝန်းကူညီပေးကြပါ။**

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု (၁) စုလျှင် ထောက်ပံ့ကူညီမှု (၅) မျိုး အခမဲ့ထောက်ပံ့ခြင်း ဧပြီ ၁၀ ရက် (ယနေ့တွင်) စတင်ဖြန့်ဖြူးမည်

**နေပြည်တော် ဧပြီ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု (၁) စုလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာ စုစုပေါင်း ထောက်ပံ့ကူညီမှု ၅ မျိုးစီကို ဧပြီ ၁၀ ရက်မှစတင်၍ အခမဲ့ ထောက်ပံ့ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ၂၀၂၀ ပြည့်နှစ် ဧပြီလ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထိုသို့ အခမဲ့ထောက်ပံ့ဖြန့်ဖြူးပေးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က **ရိက္ခာဖြန့်ဖြူးရေးအစီအစဉ် အောင်မြင်ဖို့ ဝိုင်းဝန်းကူညီပေးကြရန်နှင့် စေတနာဟာ ဝေဒနာမဖြစ်ရအောင်၊ စည်းစနစ်နှင့် လောဘ၊ ဒေါသများကို ဟန့်တားပေးကြရန် တိုက်တွန်းထားသည့်** အပြင် **လိုအပ်နေသူ မည်သူကိုမျှ မချန်ထားဘဲ စောင့်ရတာလေးတွေရှိရင် သည်းခံစိတ်ရှည်ပေးကြရန်** မေတ္တာရပ်ခံထားသည်။

ယခုကဲ့သို့ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထောက်ပံ့လှူဒါန်းပေးခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြသည့် ဝင်ငွေနည်း အိမ်ထောင်စုစာရင်းများကို Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက စိစစ်လျက်ရှိပြီး နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ဧပြီ ၁၀ ရက်မှစတင်၍ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထက်လျှံ**



# ကြေးမုံ

## မြန်မာ့ရုပ်ရှင်ကိုဂုဏ်ပြု ပိတ်ရက်တွင်အပန်းဖြေ

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်မှ ၁၃၈၂ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ယနေ့ ဧပြီလ ၁၀ ရက်နေ့မှ ဧပြီလ ၁၉ ရက်နေ့သည် မြန်မာနှစ်သစ်ကူးသင်္ကြန်ရုံးပိတ်ရက်များကို ဖြတ်သန်းနေပြီ ဖြစ်သည်။ ယခုနှစ် သင်္ကြန်ရုံးပိတ်ရက်ကာလသည် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါဆိုးကြောင့် ယခင်နှစ်များကကဲ့သို့ လွတ်လပ်စွာဖြတ်သန်းရမည့်ကာလတော့ မဟုတ်ပေ။ ရုံးပိတ်ရက်ကာလများအတွင်း ရောဂါကူးစက်မှုဘေးမှ ကင်းဝေးရေးအတွက် မိမိတို့တည်ရှိရာ အိမ်ဂေဟာအတွင်း ငြိမ်းချမ်းပျော်ရွှင်စွာနေထိုင်ကြရန် အသိပေးထားသည်။

ယခုနှစ် သင်္ကြန်ရုံးပိတ်ရက်ကာလသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအဖို့ တစ်မူထူးခြားလေးနက်မှုရှိသောကာလဟု ဆိုရမည်ဖြစ်သည်။ ယခင်နှစ်များက အပျော်လွန်ကဲခဲ့ရသလောက် ယခုနှစ်တွင် အေးချမ်းတည်ငြိမ်စွာဖြင့် ပြင်ပသို့မထွက်ဘဲ ပြုသင့်ပြုထိုက်သည်တို့ကို ပြုလုပ်ရမည့်ကာလဖြစ်သည်။ သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်ကာလတွင် ကုသိုလ်ကောင်းမှုပြုလိုသူများက ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ ဗဟုသုတ၊ အသိအမြင်တိုးလိုသူများက စာပေဖတ်ရှုခြင်း၊ အွန်လိုင်းသတင်းအချက်အလက်များလေ့လာခြင်း၊ စိတ်အပန်းဖြေပျော်ရွှင်မှုကို ခံစားလိုသူများက နှစ်သက်ရာ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းတွဲများကို ကြည့်ရှုခြင်းဖြင့် အကျိုးရှိစွာ ဖြတ်သန်းကြမည် ဖြစ်သည်။

လူတို့အနေဖြင့် ပျော်ရွှင်ချမ်းမြေ့မှုကို လိုလားကြသည်ဖြစ်ရာ မိမိတို့နေအိမ်တွင်နေထိုင်ရသည့် ရက်သတ္တပတ်ကာလအတွင်း စိတ်လက်အပန်းဖြေပျော်ရွှင်မှုကိုလည်းဖြစ်စေ၊ မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်ကို ဂုဏ်ပြုရာလည်းရောက်သည့် မြန်မာရုပ်ရှင်ဇာတ်လမ်းတွဲများကို ကြည့်ရှုအားပေးနိုင်ကြစေရန် ဆန္ဒပြုပါသည်။ ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို ကြိုတင်အသိပေးထားပြီးဖြစ်ရာ မိမိတို့နှစ်သက်ရာဇာတ်လမ်းများကို ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ရုပ်ရှင်သည် ပြည်သူအတွက်ဖြစ်သည်ဆိုသည်နှင့်အညီ ယခုကဲ့သို့ နေအိမ်တွင်သာ နေထိုင်ရသောအချိန်တွင် ပြည်သူတို့အား တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်မည်ဖြစ်သည်။

ရုပ်ရှင်သည် ဖန်တီးမှုအနုပညာတစ်ရပ်ဖြစ်သည်။ အမှန်တကယ်ဟုထင်ရသော်လည်း ဖန်တီးထားခြင်းဖြစ်နိုင်သလို၊ ဖန်တီးထားခြင်းသည်လည်း အမှန်တကယ်ထင်ရသည့် အနုပညာမှော်အတတ်ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားများသည် မူရင်းဝတ္ထု၊ ဇာတ်လမ်း၏အနှစ်သာရကို အသက်ဝင်အောင်ဖော်ဆောင်ခြင်းဖြစ်ရာ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာများ၏ ဝတ္ထုကောင်း၊ ဇာတ်လမ်းကောင်းများသည် ရုပ်ရှင်ဇာတ်ကားကောင်းများ ဖြစ်လာသည်။ ထို့အတူ သရုပ်ဆောင်ကောင်းများ၊ အနုပညာရှင်စစ်စစ်များ ပေါ်ထွက်လာရာ တစ်ခေတ်တစ်ခါက ပြောင်မြောက်သောသရုပ်ဆောင်မှုများအား ပြန်လည်မျှဝေပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင် ငွေရတုကာလ (၁၉၂၀-၁၉၄၅) ခုနှစ်၊ ရွှေရတုကာလ (၁၉၄၆-၁၉၇၀) ခုနှစ်၊ စိန်ရတုကာလ (၁၉၇၁-၁၉၉၅) ခုနှစ်နှင့် နှစ် (၁၀၀) ပြည့်ကာလ (၁၉၉၆-၂၀၂၀) ခုနှစ် ထိုခေတ်ကာလ လေးခုအတွင်း တွေ့မြင်သမျှ၊ ကြုံဆုံခဲ့သမျှ၊ မှတ်တမ်းတင်နိုင်ခဲ့သမျှ ဂန္ထဝင်မြောက်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများနှင့် ရုပ်ရှင်သရုပ်ဆောင် မင်းသား၊ မင်းသမီးများ၏ ဇာတ်ကြောင်းများ၊ သရုပ်ဆောင်မှုများကို မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်ကာလနှင့် ရောဂါဘေးကြောင့် ပြင်ပသို့မထွက်သင့်သည့်ကာလတွင် လွယ်လင့်တကူ ရွေးချယ်ကြည့်ရှုခံစားနိုင်သည်မှာ အဆိုးထဲမှအကောင်းအခြေအနေတစ်ရပ်ကို ထူးထူးကဲကဲ ရရှိလိုက်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဘေးမှ လျော့ပါးသက်သာရှောင်ရှားနိုင်ရေးအတွက် ယခုကဲ့သို့ အများပြည်သူရုံးပိတ်ရက်ရှည်ကာလ၌ မိမိတို့နေအိမ်တွင် နေထိုင်ကြခြင်းသာ အကောင်းဆုံးဖြစ်ရာ ယင်းကိုလိုက်နာဆောင်ရွက်ကြခြင်းဖြင့် ပြည်သူအားလုံးအတွက် အကျိုးပြုရာလည်းရောက်၊ မိမိနေအိမ်တွင်နေထိုင်ရင်း တင်ဆက်ပြသသည့်ဇာတ်ကား၊ ဇာတ်လမ်းတွဲများကို ကြည့်ရှုခြင်းဖြင့် မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်ကို ဂုဏ်ပြုရာလည်း ရောက်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးနှစ်ခုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း




**ရန်ကုန် မေ ၉**

Golden City Charity Foundation မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများကို ယနေ့ နံနက်ပိုင်းက ဆေးရုံကြီးနှစ်ခုနှင့် အခြားနေရာများသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆေးရုံကြီးနှစ်ခုမှာ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် သဃ်န်းကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတို့ဖြစ်ပြီး ဆေးရုံတစ်ခုလျှင် ငွေကျပ် သိန်း ၂၀ ကျော်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရန်ကင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့သို့လည်း ငွေကျပ် ၁၀ သိန်းခန့်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး အထောက်အကူပြု ပစ္စည်းများ လှူဒါန်းခဲ့ပြီး ရန်ကင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့သို့ အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့သည်။

မတ် ၃၁ ရက်ကလည်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ နှင့် သက်ဆိုင်သော လူနာများထားရှိရန် စီစဉ်ထားသော သီးသန့်ခွဲထားသည့် နေရာများမှ လူနာများ အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၃၀၀၀ ခန့် တန်ဖိုးရှိ oxygen supply Pipeline နှစ်စုံအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိသည်။ **မြင့်မောင်**

# သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**သထုံ မေ ၉**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ အသိပညာပေး ဗီနိုင်း၊ ပိုစတာများ၊ လက်ဆေးရန် ဘေစင်များ၊ ရေပုံးများ၊ ရေခွက်များ၊ လက်ဆေးဆပ်ပြာများ တပ်ဆင်ထားရှိခြင်း၊ နှာခေါင်းစည်းများ လှူဒါန်း ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးမိုးဝင်း၏ ကြီးကြပ်မှုဖြင့် သထုံမြို့နယ်အတွင်း ၁၃ နေရာတွင် လည်းကောင်း၊ ဘီးလင်းမြို့နယ်အတွင်း ၁၁ နေရာတွင် လည်းကောင်း၊ ပေါင်မြို့နယ်အတွင်း ၁၆ နေရာတွင် လည်းကောင်း စုစုပေါင်း နေရာ ၄၀ တို့တွင် တပ်ဆင်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **မိုးဝင်း**

# မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ မီးသတ်ဦးစီးဌာနက ပိုးသတ်ဆေးများ လာရောက်ပက်ဖျန်း

**ငပုတော မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်အတူ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးများ လာရောက်ပက်ဖျန်းခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအပါအဝင် ငပုတောမြို့အဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်၊ မြို့နယ်တရားရုံး၊ သမဝါယမဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်စသည့် ဌာနဆိုင်ရာရုံးများသို့လည်း သွားရောက် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **လှမင်းထွဋ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၅၀၀ | ၃,၂၁၆ | ၃၄,၅၉၉,၅၀၀ |
| MTSH | ၃,၇၀၀ | ၃,၆၅၀ | ၁၁,၅၂၈ | ၄၂,၇၇၈,၁၅၀ |
| MCB | ၉,၁၀၀ | ၈,၅၀၀ | ၃၀ | ၂၇၂,၄၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၁၁ | ၂၃၆,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃၁၈ | ၈၉၀,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၉**

ရန်ကုန်(ရွှေဈေး) ၁၁၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၅ ကျပ် | ၅၃၀/၅၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၈၀/၄၀၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၉.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၅၃.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂.၄၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၅၇၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၇၂၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၃.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၇.၁၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၉.၅၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄.၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူသာလျှင် အဓိက



* ရှေ့ဖုံးမှ

ရိက္ခာဖြန့်ဖြူးရေး အစီအစဉ် အောင်မြင်ဖို့ ဝိုင်းဝန်းကူညီပေးကြပါ။ စေတနာဟာ ဝေဒနာမဖြစ်ရအောင်၊ စည်းစနစ်နဲ့ လောဘ ဒေါသတွေကို ဟန့်တားပေးကြပါ။ လိုအပ်နေသူ မည်သူကိုမျှ မချန်ထားပါဘူး။ စောင့်ရတာလေးတွေရှိရင် သည်းခံစိတ်ရှည်ပေးကြပါ။

ကျွန်မတို့ ရင်ဆိုင်ရမဲ့ စိန်ခေါ်မှုတွေကို အားလုံးအတူ နိုင်ငံရဲ့ကိုယ်ခံအားမွေးပြီး ကျော်လွှားကြရအောင်။

ဒီ message ကို အကြွားလေးနဲ့ အဆုံးသတ်ပါရစေ။ ကျွန်မ mask ချုပ်လို့ပြီးပါပြီ။ အောက်မှာ ကြည့်ပါ။

- **လိုအပ်နေသူ မည်သူကိုမျှ မချန်ထားပါဘူး။ စောင့်ရတာလေးတွေရှိရင် သည်းခံ စိတ်ရှည်ပေးကြပါ။**
- **ကျွန်မတို့ ရင်ဆိုင်ရမဲ့ စိန်ခေါ်မှုတွေကို အားလုံးအတူ နိုင်ငံရဲ့ ကိုယ်ခံအားမွေးပြီး ကျော်လွှားကြရအောင်။**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ပါမောက္ခဒေါက်တာဌေးလှ | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေး<br>လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (၂) ပါမောက္ခဒေါက်တာလှလှဝင်း | ပါမောက္ခချုပ်<br>ပြည်သူ့ကျန်းမာရေး<br>တက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေး<br>လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၂၅)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးသို့ ပါဝင်တက်ရောက်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၂၅)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးသို့ တက်ရောက်စဉ်။

**နေပြည်တော် မေ ၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၂၅)ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council) အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပြီး ယင်းအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးအသီးသီးက ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ သတင်းအချက်အလက်၊ အတွေ့အကြုံနှင့် မူဝါဒအပြောင်းအလဲများ ပုံမှန်ဖလှယ်ရေး၊ ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါတုံ့ပြန်ရေးဆိုင်ရာ အာဆီယံရန်ပုံငွေတစ်ရပ်ထူထောင်ရေး၊ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံ (သို့မဟုတ်) တတိယနိုင်ငံတစ်ခုရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းခံနေရသော အာဆီယံနိုင်ငံသားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက အကူအညီပေးရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် လူမှု-စီးပွား ထိခိုက်နစ်နာမှုများကို ပူးပေါင်းဖြေရှင်းရေးစသည့် ကိစ္စရပ်များအပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးတို့ကို Video Conferencing စနစ်ဖြင့် ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့၏ ထောက်ခံတင်ပြချက်များကို အတည်ပြုခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရက ဆောင်ရွက်နေသည့် အစီအမံများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအဖွဲ့တစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ခေါင်းဆောင်သည့် အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ပြည်သူအင်အားကို စုစည်းရယူ၍ ပြည်သူများအား ယင်းကူးစက်ရောဂါအကြောင်း အသိပညာပေးပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရယူခြင်းနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ယင်းသို့သော တုံ့ပြန်ရေးအစီအမံများကို ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်စေဘဲ နေရပ်စွန့်ခွာသူများ၏စခန်းများ၊ ပြည်ပမှ ပြန်ရောက်လာသည့် အလုပ်သမားများအပါအဝင် အသိုင်းအဝိုင်းအားလုံးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရာတွင် အာဆီယံ ရွှေ့ပြောင်းအလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစွာနေရပ်ပြန်လာရေး ကိစ္စအပါအဝင် နယ်စပ်ဖြတ်ကျော်သွားလာမှုကို စနစ်တကျ စောင့်ကြပ်ကြည့်ရှုရေး၊ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ပြန်လာသည့် အလုပ်သမားများအား သက်ဆိုင်ရာ နှစ်နိုင်ငံညှိနှိုင်း၍ စနစ်တကျနှင့် လုံခြုံစွာ လွှဲပြောင်းရေး၊ ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအမှားများနှင့် သတင်းတုများ ပူးပေါင်းတိုက်ဖျက်ရေး၊ ပြည်သူလူထုအကြား ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များ ဖြန့်ဝေရေး၊ ရောဂါဖြစ်ပွားနေသည့် အကျပ်အတည်းကာလတွင် အရေးကြီးသည့် ကုန်ပစ္စည်းများ၊ အထူးသဖြင့် အရေးပေါ်ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် အချင်းချင်းကူညီပံ့ပိုးရေး၊ ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေချိန်တွင် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်ရပ်တန့်မသွားစေဘဲ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး စသည့်ကဏ္ဍများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

အဆိုပါ Video Conferencing အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

● ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ရှင်းလင်းတင်ပြကြရာတွင် ကိုဗစ်-၁၉ ရောဂါ သံသယလူနာများအား စစ်ဆေးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လက်ရှိသီးခြားစောင့်ကြည့်ရမည့်သူများ လက်ခံထားရှိမှုနှင့် နေထိုင်စားသောက်ရေး ဆောင်ရွက်ထားရှိမှု၊ တပ်မတော်ဆေးရုံများနှင့် အခြားအဆောက်အဦများတွင် အရေးပေါ်လူနာနှင့် အတည်ပြုလူနာများ လက်ခံကုသနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆေးအကာအကွယ်ပေးရေးအတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများရရှိရေး ဆောင်ရွက်ထားရှိမှု ရှင်းလင်းဆွေးနွေး တင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းစီစဉ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကျန်းမာရေးအခြေအနေကောင်းမွန်**

ယနေ့အထိ တပ်မတော်အတွင်း ကိုဗစ် -၁၉ ရောဂါကူးစက်ခံရသူ၊ ရောဂါပိုးတွေ့ရှိသူမရှိ (မရှိ) သေးဘဲ Hospital Isolation စောင့်ကြည့်သူ တပ်မတော်သားတစ်ဦး၊ မှီခိုနှစ်ဦး၊ Hospital Quarantine စောင့်ကြည့်သူ တပ်မတော်သား ၁၄ ဦး၊ မှီခို ၁၄ ဦး၊ Home Quarantine စောင့်ကြည့်သူ တပ်မတော်သား ၁၆၁ ဦး၊ မှီခို ၈၈ ဦး၊ Facility Quarantine စောင့်ကြည့်သူ တပ်မတော်သား ၄၄ ဦး၊ မှီခို ၅၅ ဦး စုစုပေါင်း ၉၉ ဦး၊ Facility Quarantine စောင့်ကြည့်ရန်အတွက် မေ ၈ ရက်အထိ ရန်ကုန်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ပြည်သူ ၁၃၂ ဦး၊ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ပြည်သူ ၂၄၂ ဦး၊ စုစုပေါင်း ပြည်သူ ၃၇၄ ဦးတို့ဖြစ်ကြောင်းနှင့် ၎င်းတို့အားလုံး၏ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) ပြင်ဆင်ထားရှိမှုများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကွင်းဆင်းကြည့်ရှု



**ရန်ကုန် မေ ၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ လူနာများထားရှိ ကုသနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ ပုဂ္ဂလိကဆေးရုံများအသင်းစသည်တို့နှင့်ပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား စံချိန်စံညွှန်းကိုက်ညီမှု ရှိ၊ မရှိ အခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ ကွင်းဆင်း၍ လှည့်လည်ကြည့်ရှုသည်။

**များစွာအထောက်အကူပြုနိုင်မည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) ပြင်ဆင်ဆောင်ရွက်ရာတွင် တာဝန်ယူဆောင်ရွက်နေသူများနှင့်တွေ့ဆုံရာ၌ ယခုကဲ့သို့ ပြည်သူများ အကျိုးအတွက် ခံယူချက်စိတ်ထားပြည့်ဝစွာဖြင့် ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားကာ အချိန်တိုအတွင်း ကိုဗစ်-၁၉ ကုသရေးဌာနဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိ၌ ကိုဗစ်-၁၉ ခွဲခွဲ အတည်ပြုလူနာ ၂၂ ဦးသာ တွေ့ရှိရသေးသော်လည်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ဝေဘာဂီအထူးကုဆေးရုံကြီးအပြင် တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးရှိ လေးထပ်ဆောင်သစ်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တို့တွင် ကိုဗစ်-၁၉ ကုသရေးဌာနများ ပြင်ဆင်ထားရှိခြင်းဖြစ်ပါကြောင်း၊ လူနာများကုသရန်လိုအပ်ပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ မွမ်းမံပြင်ဆင်လျက်ရှိသော ကိုဗစ်-၁၉ ကုသရေးဌာနကို အသုံးပြုမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နိုးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ ဤရောဂါဆက်လက်ပြန့်ပွားမှုမရှိစေရေးအတွက် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် ဤရောဂါသည် အသစ်အဆန်းဖြစ်သော ရောဂါတစ်ခုဖြစ်သည့်အပြင် အခြားကမ္ဘာ့နိုင်ငံများ၌ လျင်မြန်စွာကူးစက်ပြီး သေဆုံးမှုများနေမှုများဖြစ်ပွားနေသည်ဆိုသည့်အချက်ကို နောက်ခံထား၍ အဆိုးဆုံးသော အခြေအနေဖြစ်လာပါက လူနာများကို ထိရောက်စွာ ကုသပေးပြီး သေဆုံးမှုလျှော့ချနိုင်ရေးအတွက် ဤကဲ့သို့ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)ကို ပြင်ဆင်လျက်ရှိသည်မှာ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံကဲ့သို့ ချမ်းသာကြွယ်ဝမှုမရှိသော နိုင်ငံတစ်ခုတွင် လက်ဝယ်ရှိသော အရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ အကောင်းဆုံးဆောင်ရွက်နေခြင်းဖြစ်ပြီး ဝိုင်းဝန်းပံ့ပိုးပေးသော အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ကုသရေးကဏ္ဍပြင်ဆင်မှုများ ဆောင်ရွက်နေသကဲ့သို့ ရောဂါဖြစ်ပွားမှုနှင့် ကူးစက်ပြန့်ပွားမှုများမရှိစေရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အထူးအားစိုက်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများကို ယခုထက်အကြိမ်ရေများစွာ တိုးမြှင့်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသာမက အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာ (quarantine site) နေရာများတွင်လည်း ဆောင်ရွက်စေလိုပါကြောင်း၊ ဤကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) စီမံခန့်ခွဲရေးအဖွဲ့နှင့် ကုသရေးဆိုင်ရာလုပ်ငန်း ကော်မတီများဖွဲ့စည်းပြီး ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် ဆေးပညာပါမောက္ခများ၊ အရေးပေါ်ဆေးပညာပါမောက္ခများ၊ မေ့ဆေးပညာပါမောက္ခများ၊ အပူပိုင်းဆိုင်ရာရောဂါပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများ၊ စီမံခန့်ခွဲအုပ်ချုပ်ရေးမှ တာဝန်ရှိသူများက တိုင်ပင်ညှိနှိုင်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် အထူးကျေနပ်မှုရှိပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) အတွက် လိုအပ်သည်များကို ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။


ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မိမိတို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအကြား ကိုဗစ်-၁၉ ဆက်လက်ပြန့်ပွားမှုမရှိစေရေး အကောင်းဆုံးကို မျှော်လင့်ဆောင်ရွက်နေပြီး အကယ်၍ ကိုဗစ်-၁၉ လူနာများ များပြားပြီး အဆိုးဆုံးအခြေအနေဖြစ်လာပါကလည်း အဆင်သင့်ထားရှိ ကုသမှုပေးနိုင်ရေးအတွက် ဖြစ်မြောက်စေရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)ကို မေ ၂၀ ရက်တွင် အသင့်ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေပြီး လာရောက်တာဝန်ထမ်းဆောင်မည့် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ နေထိုင်ရေး၊ စားသောက်ရေးတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူနာခန်းသို့ အခန်းပြင်ပမှ စောင့်ကြပ်ကြည့်ရှုနိုင်ရန် CCTV များနှင့် လူနာခန်းအတွင်းမှ ပြင်ပသို့ ဆက်သွယ်နိုင်ရန်တို့ကိုလည်း နည်းပညာပိုင်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ လုံခြုံရေးအစီအမံများကိုလည်း စီစဉ်ဆောင်ရွက်ထားပြီး လုပ်ငန်းများ စတင်ဆောင်ရွက်သည့်အခါ တက္ကသိုလ်အတွင်းသို့ တာဝန်ရှိသူများမှအပ ဝင်ရောက်သွားလာခြင်းအားလုံးကို တားမြစ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လူနာနှင့် လူနာမိသားစုများ အင်တာနက်ကွန်ရက်အသုံးပြုချိတ်ဆက်ကာ Video Call ခေါ်ဆိုနိုင်ရန်အတွက် ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)တွင် အင်တာနက်ကွန်ရက်များ တပ်ဆင်ထားပြီး မိသားစုများချိတ်ဆက်နိုင်ရေးအတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် စီစဉ်ထားရှိပါကြောင်း၊ လူနာများ သယ်ယူပို့ဆောင်ရေးအတွက်ကိုလည်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့(YRTA)မှ ယာဉ်များကို လူနာထားရှိရာနေရာနှင့် ယာဉ်မောင်းတို့အကြား မှန်ချပ်ကာထားရှိသော ယာဉ်များ စီစဉ်ထားရှိပါကြောင်း၊ ထို့အပြင် စေတနာ့ဝန်ထမ်းများကလည်း လုပ်ငန်းများတွင် ပါဝင်ကူညီသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကို ပိတ်ဆို့မှုများ ပြုလုပ်သွားရန် အစီအစဉ်မရှိပါကြောင်း၊ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်နှင့်အညီ ကိုက်ညီစေရေး ချိန်ဆကာ အသင့်တော်ဆုံးဖြစ်စေရေး ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဆေးတက္ကသိုလ် (၁) ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ အပူပိုင်းဆေးပညာဌာန ပါမောက္ခ/ဌာနမှူး၊ မေ့ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး၊ အရေးပေါ်ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး၊ မင်္ဂလာဒုံအထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ပထမအဆင့်အနေဖြင့် အထူးကြပ်မတ်ကုသဆောင် (ICU) ခုတင် ၂၀၊ High Dependency Unit အဖြစ်အသုံးပြုနိုင်မည့် ခုတင် ၂၄၀၊ လူနာခုတင် ၂၄၀ စုစုပေါင်း ခုတင် ၅၀၀ စီစဉ်ထားရှိမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် အထူးကြပ်မတ်ကုသဆောင် (ICU) ခုတင် ၄၀၊ High Dependency Unit အဖြစ် အသုံးပြုနိုင်မည့် ခုတင် ၄၈၀၊ လူနာခုတင် ၄၈၀ စုစုပေါင်း ခုတင် ၁၀၀၀ နှင့် တတိယအဆင့်တွင် ခုတင် ၂၀၀၀ အထိ တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ Green ဇုန်၊ Yellow ဇုန်၊ Red ဇုန်များခွဲခြား လုပ်ဆောင်မည့်အစီအစဉ်များ၊ Oxygen Plant နှင့် အောက်ဆီဂျင်ပိုက်လိုင်းများ တပ်ဆင်နေမှု၊ ကုသမှုလုပ်ငန်းများအတွက် လိုအပ်သော အဆောက်အဦများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တို့က တာဝန်ယူဆောက်လုပ်မွမ်းမံပြင်ဆင်ပေးနေသည့် လူနာခုတင်များ၊ အသက်ရှူစက်များ၊ လူနာအခြေအနေစောင့်ကြပ်ကြည့်ရှုစက်များအပါအဝင် ကုသမှုစက်ပစ္စည်းကိရိယာများကို ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကဆေးရုံများအသင်းတို့၏ ပံ့ပိုးငှားရမ်းမှုများဖြင့် ရရှိဆောင်ရွက်ထားမှု၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးရန် မီးရှို့စက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ပံ့ပိုးမှုဖြင့် တည်ဆောက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများသည် ဆေးနှင့် ဆေးပစ္စည်းသိုလှောင်ရုံအဖြစ် အသုံးပြုမည့်နေရာ၊ လူနာဆောင်များပြင်ဆင်ထားရှိမှု၊ အထူးကြပ်မတ်ကုသဆောင်များ ပြင်ဆင်ထားရှိမှုနှင့် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးရန် မီးရှို့စက်များ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**



## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

**ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။**

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန ထားရှိရေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် မေ ၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (COVID-19 Medical Center) ထားရှိမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမတွင် ကျင်းပသည်။



**အဆင်သင့်ဖြစ်ဖို့ပြင်ဆင်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားရာ၌ "မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ အရှိန်အဟုန်မြင့်တက်လာခဲ့မယ်ဆိုရင် ထိန်းချုပ်ကာကွယ် ကုသပေးနိုင်အောင် ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး Medical Center တစ်ခု ဖွင့်လှစ်ထားဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒီအတွက် ကျွန်တော်တို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှာ COVID-19 Medical Center အဖြစ် ဆောင်ရွက်ဖို့ ညှိနှိုင်းခဲ့ကြပါတယ်။ ကိုဗစ်-၁၉ အတွက် အဆင်သင့်ဖြစ်ဖို့ ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ ကုသရေးပိုင်းဆောင်ရွက်သူတွေအားလုံး၊ ထုတ်လုပ်ရေးပိုင်း၊ ဝန်ဆောင်မှုအပိုင်း ဆောင်ရွက်ပေးသူတွေအားလုံး ဒီမှာ မေ ၁၉ ရက်နေ့ သတင်းပို့ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ မေ ၁၉ ရက်နေ့မှာ ရောက်ရှိလာမယ့်သူတွေကို မေ ၂၀ ရက်နေ့မှာ ကြိုတင်ပြင်ဆင်ပြီး မေ ၂၁ ရက်နေ့မှာ လူနာထားနိုင်တဲ့အဆင့်ကို ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပဲဖြစ်ဖြစ်၊ အခြားသော တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာပဲဖြစ်ဖြစ် ကိုဗစ်-၁၉ ရောဂါ ကုသပေးဖို့ လိုအပ်လာခဲ့မယ်ဆိုရင် ဒီ Medical Center ဟာ အားလုံးအတွက် ဆောင်ရွက်နိုင်မယ့် အခြေအနေကို ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒီစင်တာကြီးဟာ စတင်ချိန်မှာပဲ ခုတင် ၄၀၀ အထိ ထားနိုင်အောင် ပြင်ဆင်ထား တာဖြစ်ပါတယ်။ အဲဒီကနေ ခုတင် ၁၀၀၀ အထိထားဖို့ မှန်းထားပါတယ်။ တကယ်လိုအပ်လာခဲ့ရင် ခုတင် ၂၀၀၀ လောက်အထိထားဖို့ ဆောင်ရွက်နိုင်တဲ့ အခြေအနေရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကုသရေးကိစ္စရပ်တွေကို စနစ်တကျ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဝန်ဆောင်မှုကောင်းတွေ ပေးနိုင်ဖို့အတွက် နည်းပညာပိုင်းတွေကို တပ်ဆင်အသုံးပြုဖို့အတွက်လည်း ပြင်ဆင်ထားပါတယ်။ အင်တာနက်ချိတ်ဆက်ဖို့နဲ့ CCTV ကင်မရာတွေ တပ်ဆင်ဖို့လည်း ဆောင်ရွက်ထားပါတယ်။ လူနာတွေကို ထားမယ့်နေရာ၊ ICU ခန်းတွေကို ထားရမယ့်နေရာဖြစ်တဲ့အတွက် လုံခြုံစိတ်ချတဲ့ နေရာဖြစ်အောင် ကူညီဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ လျှပ်စစ်ပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ဒီနေရာမှာ ကျွန်တော်တို့က လျှပ်စစ်မီးလုံလောက်စွာရရှိဖို့နဲ့ မီးစက်ကြီးတွေပါ လည်ပတ်နိုင်ဖို့ YESC က စီစဉ်ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်" ပြောကြားသည်။

ထို့ပြင် ဝန်ကြီးချုပ်က "COVID-19 Positive လူနာဖြစ်ပြီဆိုရင် မိသားစုတွေက တွေ့ဆုံဖို့ ခက်ခဲနိုင်ပါတယ်။ ဒါကြောင့်မို့ ဒီအဝန်းအဝိုင်းအတွင်းမှာ အုပ်စု ၃ စု၊ ဇရိယာ ၃ စုခွဲပြီး ဆောင်ရွက်ဖို့ပြင်ထားပါတယ်။ တစ်ပိုင်းက အစိမ်းရောင်ဇရိယာပါ။ အဲဒီမှာ ကြပ်မတ်ကူညီဆောင်ရွက်ပေးကြမယ့် ကော်မတီဝင်တွေ၊ ဒီဆေးရုံရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးမယ့် (ပို့ဆောင်ဆက်သွယ်ရေး၊ စားသောက်ရေးပိုင်း)ကဏ္ဍတွေ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ဆင့်က သံသယလူနာတွေ၊ သင့်တင့်လျောက်ပတ်တဲ့ ဆောင်ရွက်မှုတွေ ဆောင်ရွက်ပေးမယ့်သူတွေကို အဝါရောင် ဇရိယာလိုင်းတစ်ခု ပိုင်းဖြတ်ထားပါတယ်။ နောက်တစ်ဆင့်အနေနဲ့ Positive လူနာတွေနဲ့ ICU ကုသရမယ့် လူနာတွေအတွက် အနီရောင် ဇရိယာလိုင်း သတ်မှတ်ပြီး ခွဲခြားဆောင်ရွက်သွားဖို့ ပြင်ဆင်ထားပါတယ်။

Medical Center မှာ တာဝန်ယူဆောင်ရွက်ကြမယ့် ဆရာဝန်တွေ၊ ဆရာမတွေကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့က ကူညီပေါင်းစပ်ပေးနေတာတွေရှိပါတယ်။ ကျန်းမာရေးကုသပေးနိုင်တဲ့ ဆရာဝန်၊ ဆရာမတွေ၊ ဆေးပညာကျွမ်းကျင်တဲ့သူတွေနဲ့ ကျွန်တော်တို့ Medical Center ကြီးကို အရပ်ဘက်၊ စစ်ဘက်၊ နယ်ဘက်တွေ ပေါင်းစပ်ပြီး ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဓိက ရည်ရွယ်ချက်က ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်တဲ့သူတွေ၊ မြန်မာနိုင်ငံအတွင်း နေထိုင်နေကြတဲ့ ပြည်သူလူထုအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ တကယ်လို့ ဒီရောဂါ ကပ်ဘေးကြီးဖြစ်ပေါ်ခဲ့ရင် ဆိုးရွားတဲ့ အခြေအနေတွေဖြစ်ပေါ်ခဲ့ရင် ဘယ်လို ကုသဆောင်ရွက်ပေးမလဲဆိုတာ ကျွန်တော်တို့ ပြင်ဆင်ထားခြင်းပဲဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက " မေ ၃ရက်နေ့မှာ ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်က အထူးကြပ်မတ်ကုသဆောင်တွေအဖြစ် ဆောင်ရွက်မယ့်စာသင်ဆောင် (၁)၊ (၂)၊ (၃)၊ (၄) တို့ကို ပြုပြင် ဆောင်ရွက်ခဲ့ပါတယ်။ ပိတောက်ဆောင်၊ သင်တန်းအိပ်ဆောင်က အဆောင်မှူးရုံးခန်းကို ဓာတ်ခွဲခန်းနဲ့ ဓာတ်မှန်ခန်းအသုံးပြုဖို့ ပြုပြင်ခြင်းတို့ကိုလည်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်ရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်းကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဖောင်ကြီးဓာတ်အားခွဲရုံမှ ဥက္ကလာစာသင်ဆောင်အနီးထိ ၁၁ ကေဗွီအေမီးလိုင်းများ သွယ်တန်းဖို့ ကွန်ကရစ်တိုင်တွေ စိုက်ထူပြီး လျှပ်စစ်မီးကြိုးများ သွယ်တန်းဆောင်ရွက်လျက်ရှိပါတယ်။ ဒဂုံဆောင်၊ မြတ်လေးဆောင်၊ သဇင်ဆောင်၊ ခတ္တာဆောင်နဲ့ ခွာညိုဆောင်တွေမှာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတွေနဲ့ ဥက္ကလာဆောင်အနီးမှာ ၅၀၀ ကေဗွီအေ ထရန်စဖော်မာတို့ကို တပ်ဆင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ကလည်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုကုသမှုခံယူတဲ့ လူနာတွေ အသုံးပြုပြီးတဲ့ပစ္စည်းတွေ၊ အသုံးအဆောင်တွေကို မီးရှို့ဖျက်ဆီးဖို့ တက္ကသိုလ်နယ်နိမိတ်အပြင်ဘက် ပန်းတောကုန်းကျေးရွာအနီးမှာ မီးရှို့စက် တည်ဆောက်ခြင်းနဲ့ လမ်းဖောက်ခြင်းတို့ကို ဆောက်ရွက်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနက မင်းကုန်းကျေးရွာနဲ့ ဗဟိုသမဝါယမကောလိပ်မှ ဥတ္တရဆောင်ကို သီးခြားအဝင်လမ်း(၆၆၀ မီတာ)ကို စက်ယန္တရားတွေနဲ့ ဖောက်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်းအတွင်း မိသားစုများရဲ့ လုံခြုံရေးအနီးအနား ရွာများမှ လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်နေတဲ့ တက္ကသိုလ်နယ်မြေအတွင်း မသက်ဆိုင်သူတွေ ဝင်ရောက်မှုမရှိစေရေးအတွက် မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ရဲတပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန၊ ဖောင်ကြီး၊ ကြီးကြပ်မှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က "တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကို ပထမဦးဆုံး ခံစားခဲ့ရတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဒီရောဂါကို အောင်အောင်မြင်မြင်တွန်းလှန်တိုက်ဖျက်နိုင်တဲ့ နိုင်ငံတစ်ခုအနေနဲ့ တွေ့ရမှာ ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါပိုးရှိတဲ့သူကို လက်ရှိ ရှိနေတဲ့ဆေးရုံကြီးတွေမှာနေပြီး ကုသရတာထက် သီးခြားဆေးရုံတစ်ခု တည်ဆောက်ပြီးတော့ ကုသမှ သေဆုံးမှုကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်တယ်ဆိုတဲ့ အတွေ့အကြုံကို နမူနာယူပါတယ်။ လက်ရှိအနေအထားမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ပေးတဲ့ နေရာအနေအထားနဲ့ ကျွန်တော်တို့ အားလုံးစုပေါင်းပြီး ဒီကနေ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID-19 Medical Center တစ်ခု အောင်မြင်စွာ အကောင်အထည်ဖော်နေတဲ့ အနေအထားဟာ ပြီးစီးလုနီးနီးဖြစ်တယ်ဆိုတာကို တွေ့နိုင်ပါတယ်။

**သေပျောက်မှုအနည်းဆုံးဖြစ်အောင်**

ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ဖို့၊ ကုသဖို့၊ ထိန်းချုပ်ဖို့ နိုင်ငံရဲ့ အမျိုးသားရေးအနေနဲ့ ဆောင်ရွက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကနေ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်အားလုံး ပါဝင်ပါတယ်။ ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနများအားလုံး စုပေါင်းပြီးတော့ ပါဝင်တယ်။ ပုဂ္ဂလိကအခန်းကဏ္ဍက လုပ်ငန်းရှင်တွေရဲ့ ထောက်ပံ့မှုလည်း အင်တိုက်အားတိုက်ပါဝင်နေတာ တွေ့ရပါတယ်။ ပြည်သူလူထုကလည်း ဒီရောဂါတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ Quarantine နေရာတွေမှာ စေတနာ့လုပ်အားပေးအနေနဲ့ ပါဝင်နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အားလုံးစုပေါင်းပြီး တိုက်ဖျက်မယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းဆုံးနဲ့ သေပျောက်မှုအနည်းဆုံးဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ COVID-19 Medical Center ဖောင်ကြီးကို ဖွင့်လှစ်ဖို့ကြိုးစားတဲ့ ရည်ရွယ်ချက်ဟာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနည်းဆုံးနဲ့ သေပျောက်မှုအနည်းဆုံးဖြစ်အောင် တည်ဆောက်ရတဲ့ ရည်ရွယ်ခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကုသရေးဌာန တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ကိုဗစ်-၁၉ ရောဂါ ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးခင်အောင်ထွန်းက ပူးပေါင်းပါဝင်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်က ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်-၁၉ ကုသရေးဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများ အသုံးပြုရန်အတွက် ဒေါက်တာမောင်မောင်မြင့်၊ ဒေါက်တာပြုံးပြုံးတို့၏ Shining Pearl ကုမ္ပဏီလီမိတက်မှ ကိုယ်တိုင်စီမံပြုလုပ်လှူဒါန်းသည့် မျက်နှာကာ ၁၁၀၀ ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ကိုယ်စား အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ကုသလူနာ ၁၂၀ ထားရှိမည့် သရဖီဆောင်တွင် အိပ်ဆောင် ၁၀ ဆောင်ရှိပြီး အိပ်ဆောင်တစ်ဆောင်လျှင် 3.H.P အဲကွန်း သုံးလုံးစီဖြင့် စုစုပေါင်း အလုံး ၃၀ တပ်ဆင်ထားသွားမည်ဖြစ်ကာ အခန်း ၁၂၀ အတွက် အောက်စီဂျင်ပိုက်လိုင်းများလည်း တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးကြပ်မတ် ကုသဆောင် (ICU) အဖြစ် အသုံးပြုမည့် စာသင်ဆောင် (၁)၊ (၂) ၊ (၃) ၊ (၄)တို့တွင် တစ်ဆောင်နှင့်တစ်ဆောင်အကြား သွားလာနိုင်မည့် အလုံပိတ်စင်္ကြံလမ်းများ၊ အဆောင်အတွင်း ဆရာဝန်များက လူနာများအား စောင့်ကြပ်ကြည့်ရှုသည့် အခန်း၊ PPE ဝတ်စုံလဲလှယ်သည့်အခန်း၊ လူနာ ၁၀ ဦး ထားရှိသည့် အခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်စည်ဝန်ဆောင်မှုများကို ရွေးချယ်ရယူသုံးစွဲကြပါစို့

နိုင်ဦး (DOCA)

ယနေ့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များ၊ အသုံးအဆောင်များ၊ လူသုံးကုန်ပစ္စည်းများကြောင့် ရခဲလှသောလူ့ဘဝကို များစွာအန္တရာယ်ပေးလျက်ရှိနေပါသည်။ စားသုံးသူများသည် အဆိုပါပစ္စည်းများကြောင့် ရောဂါဆန်းများ၊ ပုံစံအမျိုးမျိုးဖြင့် ထိခိုက်သေဆုံးမှုများ ကြုံတွေ့နေရပါသည်။

လူသားများသက်တမ်းစေ့နေထိုင်နိုင်ရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လုံခြုံစိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများရရှိသုံးစွဲဆောင်ရွက်ရေး၊ လုပ်ငန်းရှင်များအတွင်း တရားမျှတသောပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာရေးအတွက် စားသုံးသူများ အကာအကွယ်ပေးရေးလုပ်ငန်းများဖြင့် စားသုံးသူများ၏ ရပိုင်ခွင့်ရှိသော အခွင့်အရေးများ အပြည့်အဝရရှိရေးဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။

စားသုံးသူများသည် ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များ၊ ထုတ်လုပ်သောအစားအစာ၊ အလှကုန်၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် အခြားထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နေ့စဉ်အမှီပြုကာ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများကို ဖြေရှင်းလျက်ရှိနေကြသည်။ ဘေးအန္တရာယ်ကင်းရှင်းပြီး အမှန်တကယ်အကျိုးရှိစေမည့် ကုန်စည်၊ ဝန်ဆောင်မှုများကို ခံစားလိုကြသည်။ စီးပွားရေးပညာရှင်တစ်ဦးက ပြောခဲ့ဖူးသည် “လူသားတို့သည် မျှော်လင့်ချက်များကို ငွေဖြင့်လဲလှယ်ယူကြသည်” ဟူ၍ဖြစ်သည်။ လုပ်ငန်းရှင်များသည် စားသုံးသူများ၏ မျှော်လင့်ချက်များကို ပေးအပ်သောဝန်ဆောင်ခများနှင့်အညီ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကိုပေးအပ်ရန် တာဝန်ရှိပါသည်။

စားသုံးသူများအတွက် ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုပေးသောလုပ်ငန်းများ စိတ်ချရမှု၊ လုံခြုံမှု အပြည့်အဝရရှိစေရေးအတွက် ဌာနဆိုင်ရာများမှ ပြဋ္ဌာန်းထားသော ဥပဒေများ၊ လိုက်နာရမည့် ညွှန်ကြားချက်များ၊ ထုတ်ပြန်ထားသည့် အမိန့်များအတိုင်း တိကျစွာလိုက်နာ၍ မိမိနိုင်ငံနှင့် နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။

ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုံခြုံစိတ်ချရမှုအဆင့်တိုင်းတွင် လုပ်ငန်းရှင်များသာမက ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်သွင်းသူ၊ လက်ကားရောင်းချသူ၊ လက်လီရောင်းချသူအားလုံး အကျုံးဝင်သည်။ ကိုယ်စီကိုယ်ငအဆင့်တိုင်းတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး စိစစ်ကြပ်မတ် စစ်ဆေးဆောင်ရွက်ကြရပါမည်။ သို့မှသာ စားသုံးရာတွင်လည်းကောင်း၊ သိုလှောင်၊ ကိုင်တွယ်၊ ထိန်းသိမ်းရာတွင်လည်းကောင်း လုံခြုံစိတ်ချရမှုမရှိ၍ ထိခိုက်နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်ပါက ကုစားဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှု မရှိ၍ အောက်ပါအဖြစ်အပျက်များကို ကြုံတွေ့ရလျက်ရှိပါသည်-

(က) ရက်လွန်၊ တရားမဝင်သော ဓာတုဆေးသုံး အစားအစာများကို စားသောက်မိ၍ အော့အန်၊ မူးဝေ၊ သတိလစ်၊ သေဆုံးမှုများ ဖြစ်ပေါ်နေရခြင်း။

(ခ) ပဲဆီစစ်စစ်ဟူ၍ ဈေးကြီးပေးကာ ဝယ်ယူသုံးစွဲသောစားဆီများတွင် တရားမဝင်ဓာတုဆေးအနံ့ရောစပ်၍ ရောင်းချနေခြင်းများကြောင့် ရောဂါပေါင်းစုံခံစားနေရခြင်း။

(ဂ) အရည်အသွေးညံ့ဖျင်း၍ စံချိန်စံညွှန်းမညီသော ဆောက်လုပ်ရေးသုံးပစ္စည်းများ သုံးစွဲဆောက်လုပ်၍ အချိန်မတိုင်မီ ပြိုကျကာ သေကျေပျက်စီးခြင်း။

(ဃ) အရည်အသွေးမပြည့်မီသော မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအချို့ကြောင့် ယာဉ်များ တိမ်းမှောက်ပျက်စီးကာ လူများစွာ သေကျေပျက်စီးခြင်း။

> **ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုံခြုံစိတ်ချရမှုအဆင့်တိုင်းတွင် လုပ်ငန်းရှင်များသာမက ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်သွင်းသူ၊ လက်ကားရောင်းချသူ၊ လက်လီရောင်းချသူအားလုံးအကျုံးဝင် သည်။ ကိုယ်စီ ကိုယ်ငအဆင့်တိုင်းတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှု ရှိစေရေး စိစစ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရပါမည်။ သို့မှသာ စားသုံးရာတွင်လည်းကောင်း၊ သိုလှောင်၊ ကိုင်တွယ်၊ ထိန်းသိမ်းရာ တွင်လည်းကောင်း လုံခြုံစိတ်ချရမှုမရှိ၍ ထိခိုက်နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်ပါက ကုစားဖြေရှင်းပေးနိုင်မည်ဖြစ်**

(င) တရားမဝင်တင်သွင်းလာသော အရည်အသွေး၊ စံချိန်စံညွှန်းကိုက်ညီမှု မရှိသော ဆေးဝါးများကြောင့် လူများစွာ သေကျေပျက်စီးရခြင်း။

(စ) အရည်အသွေးအာမခံချက်မရှိသော အလှကုန်ပစ္စည်းများကြောင့် မြန်မာအမျိုးသမီးများစွာ အလှပျက်သည့်အပြင် ဆိုးကျိုးများစွာ ကြုံတွေ့နေရခြင်း။

(ဆ) ဆောက်လုပ်ရေးလုပ်ငန်း အချို့တွင်လည်း အခန်းများ၊ အထပ်မြင့်အခန်းများ ဆောက်လုပ်ရောင်းချရာတွင် ကြော်ငြာ၊ အာမခံထားသည့်ပစ္စည်းများ သုံးမည့်အစား အခြားဈေးပေါ၍ အရည်အသွေးမမီသော ပစ္စည်းများ သုံးစွဲ၍ နစ်နာနေရခြင်း။

(ဇ) အရည်အသွေးမပြည့်ဝသော လျှပ်စစ်ပစ္စည်းများကြောင့် မီးဘေးအန္တရာယ်များဖြစ်ပွားကာ လူများစွာ အိုးမဲ့အိမ်မဲ့ဖြစ်၍ သေကျေပျက်စီးခြင်း။

(ဈ) တယ်လီဖုန်းများ ဝယ်ယူခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ရာတွင် ကြော်ငြာထားသည့်အတိုင်း၊ အာမခံထားသည့်အတိုင်း ဆောင်ရွက်ပေးမှုမရှိခြင်း။

(ည) လူမှုမီဒီယာနည်းလမ်းများကို အသုံးပြု၍ ကုန်ပစ္စည်းများ၊ အစုရှယ်ယာများအား လိမ်လည်ရောင်းချခြင်း။

(ဋ) တယ်လီဖုန်းဘေလ်များကို မသမာမှုပြုကာ ဖြတ်တောက်ခံနေရခြင်း။

အဆိုပါထိခိုက်နစ်နာမှုများကို စားသုံးသူများကြုံတွေ့နေရကြောင်း မီဒီယာများမှ မပြတ်ဖော်ပြလျက်ရှိသော်လည်း လက်လှမ်းမမီသော၊ ပညာအသိဉာဏ်နည်းပါးသော စားသုံးသူများ ကြုံတွေ့နေရဆဲဖြစ်နေသည်ကို ဝမ်းနည်းဖွယ် ကြားသိနေရသည်။

ထို့ကြောင့်ပင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ကို ပြဋ္ဌာန်းကာ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သောပြည်သူများ ဘေးကင်းလုံခြုံရေးအတွက်လည်းကောင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက်လည်းကောင်း အောက်ပါလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးလက်အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ဆောင်ရွက်ခြင်း။

(ခ) ထုတ်ကုန်များ လုံခြုံစိတ်ချရမှုမရှိသော လုပ်ငန်းများသို့ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကာကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း အရေးယူဆောင်ရွက်ခြင်း။

(ဂ) အာဆီယံနိုင်ငံများနှင့် သတင်းအချက်အလက်များဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) ဈေးကွက်သတင်းများကို ရယူခြင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ ရှာဖွေဖော်ထုတ်ခြင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်၊ တံဆိပ်အမှတ်အသားတွင် ဖော်ပြထားသည့်အချက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် နောက်ဆုံးသုံးစွဲရမည့်ရက်စွဲအချက်များမပါသော ကုန်စည်များ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် သုံးစွဲပုံနည်းလမ်းများမပါရှိသော ကုန်စည်၊ အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်မပါရှိသော ကုန်စည်၊ ဝန်ဆောင်မှုများ မပြုလုပ်ရန် တားမြစ်ထားကြောင်း ပညာပေးဟောပြောဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေးပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းတစ်ခုတည်ထောင်ရန် လွန်စွာခက်ခဲသော်လည်း လုပ်ငန်းတစ်ခုကျရှုံးရန်မှာ လွန်စွာလွယ်ကူလှပေသည်။ မိမိ၏ ငွေအင်အား၊ လူအင်အား၊ အချိန်အင်အားများစွာဖြင့် တည်ဆောက်ခဲ့ရသော လုပ်ငန်းများကို ထုတ်ကုန်များလုံခြုံစိတ်ချရမှုမရှိပါက ရေရှည်တိုးတက်သော၊ အောင်မြင်သော လုပ်ငန်းတစ်ရပ်အဖြစ် ရေရှည်ရပ်တည်နိုင်မည် မဟုတ်ပေ။ လုပ်ငန်းရှင်သည်လည်း နာမည်တစ်ခုလုံး ဆုံးရှုံးခြင်း၊ ဂုဏ်သိက္ခာပျက်ယွင်းခြင်းများ ကြုံတွေ့ကာ စီးပွားရေးလောကတွင် နာလန်မထူနိုင်ဖြစ်မည် စိုးရိမ်ပါသည်။ လုပ်ငန်းရှင်အပါအဝင် စားသုံးသူပါ မိမိနိုင်ငံသားများဖြစ်၍ နှစ်ဦးနှစ်ဖက် ဆုံးရှုံးနစ်နာမှုများဖြစ်မည်ကို မလိုလားပေ။ ယင်းသို့မဖြစ်စေရေး လုပ်ငန်းရှင်များမှ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ ထုတ်လုပ်ရောင်းချကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ပါ၍ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ကုန်၊ ဝန်ဆောင်မှုများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များမှ စီးပွားရေးကျင့်ဝတ်များနှင့်အညီ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ၊ ပြဋ္ဌာန်းထားသော၊ ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန်နှင့် စားသုံးသူများကလည်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူအားပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## ရှမ်း/ကယားနယ်စပ် ဝါရီကောခူဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်



**လွိုင်ကော် မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် နယ်စပ်ရှိ ဝါရီကောခူဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မတ် ၂၄ ရက်မှစတင်၍ နေ့ ည မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန၊ အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းရဲများနှင့် ရွှေလွိုင်ကော် ပရဟိတအသင်းတို့က ၂၄ နာရီ အလှည့်ကျတာဝန်များချထားပြီး ဝါရီကောခူဂိတ်တွင် ဝင်/ထွက် သွားလာသော ခရီးသည်များအား အပူချိန်စစ်ဆေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။**(ယာပုံ)**

ထို့အပြင် ပြည်နယ်အစိုးရ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က စစ်ဆေးဆောင်ရွက်နေသောဝန်ထမ်းများအား လက်အိတ်၊ တစ်ခါသုံး နှာခေါင်းစည်း၊ လက်သန့်ဆေးရည်နှင့် ကိုဗစ်-၁၉ နှင့်ပတ်သက်သော လက်ကမ်းစာစောင်များအား ထောက်ပံ့ပေးလျက်ရှိပြီး ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ပြည်နယ်အစိုးရက အဆောက်အဦသစ်ကို ဆောက်လုပ်ပေးနေကြောင်း ကုန်းသာမြို့နယ် ကျန်းမာရေးမှူးထံမှ သိရသည်။

**ထွန်းလေး (ပြန်/ဆက်)၊**
**ဓာတ်ပုံ- ခွန်းနော်**

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ ပြသလျက်ရှိ

နေပြည်တော်  ဧပြီ  ၉

ABC Content Solution Co.,Ltd (Mahar Mobile Application)မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားနှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနေပြီး ဧပြီ ၃၀ ရက်အထိ တစ်လတာ ကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App – Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသော ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ –



မြင်းမိုရ်ထက်က သရဖူ
ဇင်ဝိုင်း၊ နေတိုး၊ ထွန်းထွန်း၊ မို့မို့မြင့်အောင်၊ အိန္ဒြာကျော်ဇင်



ချစ်ခြင်းဖွဲ့မေတ္တာ
ဒွေး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ မြတ်ကေသီအောင်၊ ဆုပန်ထွာ



သကြိန်မိုး
နေအောင်၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု



ပန်းပျိုးသူတို့ အလင်္ကာ
လူမင်း၊ နေတိုး၊ ရဲအောင်၊ နဝရတ်၊ မေသဥ္ဇာဦး



ပန်းဒဏ္ဍာရီ
ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ



ဒဏ္ဍာရီ
ဇင်ဝိုင်း၊ မေသန်းနု၊ ထွန်းထွန်းနိုင်



ပုဂံမှာသာတဲ့လ
ရန်အောင်၊ မင်းဦး၊ မေသန်းနု



ခပ်စိမ်းစိမ်းနေပါ့မယ်
ရဲအောင်၊ ထွန်းထွန်းနိုင်၊ မို့မို့မြင့်အောင်၊ မေဆွိ



အချစ်ဆုံးသူရဲ့ရင်မှာ
ပြေပြေမိ်း၊ ရဲအောင်၊ မေဆွိ



နှင်းဆီမြို့သားများ
စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးငွေစိုး၊ ဟက်ကက်၊ ကြည်လဲ့လဲ့ဦး



ဗိုက်ပူမ
ကျော်ဟိန်း၊ ရန်အောင်၊ သူထူးစံ၊ မေသန်းနု၊ မေကဗျာ



ခေတ်ကာလ ဖခင်
ကျော်ကျော်၊ လူမင်း၊ ဝတ်မှုံရွှေရည်၊ ချောရတနာ



မျက်လုံးလေး ကလယ်ကလယ်
နေတိုး၊ ရွှေမှုံရတီ၊ စိုးမြတ်သူဇာ




CHESS
နေတိုး၊ သက်မွန်မြင့်



များတို့ရဲ့ ပင်လယ်
မြင့်မြတ်၊ သင်ဇာဝင့်ကျော်

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေကို လုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ကယောက်ကယက်ဖြစ်ပြီးတော့ အသက်တိုကြရတာ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ ဘဝဆိုတာဟာ တကယ့်ကိုနုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကို လျှောက်ရတဲ့ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ကျွန်တော်တို့ ရှားရှားပါးပါးနဲ့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက် ရှိပါတယ်။ သူကတော့ အခုကျွန်တော်နဲ့ဆွေးနွေးမယ့်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကို ပြောရမယ်ဆိုရင်တော့ အခုဆိုရင် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများ သိကြ၊ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှ ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

(ယမန်နေ့မှ အဆက်)

**ဒိုင်ဗင်တင်လှ။** ။ မော်တော် ဆိုင်ကယ်စီးပြီး ဂျစ်ကားကိုတိုက်တာ ဒိုင်ဗင်နဲ့ထွက်သွားတာ။ ဂျစ်ကားက ရပ်ထားတယ်၊ အဘက မော်တော်ဆိုင်ကယ်စီးသွားတယ်၊ တိုက်ပြီးတော့ ဒိုင်ဗင်နဲ့ ထွက်သွားတယ်။

**ကြည်စိုးထွန်း။** ။ သြော် ဒီဂျစ်ကားကိုကျော်ပြီးတော့ ဒိုင်ဗင်ထိုးပြီးတော့ ထွက်သွားတယ်။

**ဒိုင်ဗင်တင်လှ။** ။ မော်တော်ဆိုင်ကယ်ပေါ်ကနေ ဒိုင်ဗင်ထိုးသွားတာ။

**ကြည်စိုးထွန်း။** ။ ဟိုဘက်မှာ ဘာခံထားသေးလဲ။

**ဒိုင်ဗင်တင်လှ။** ။ ဘာမှ မထားဘူး။

**ကြည်စိုးထွန်း။** ။ ဘာမှ မထားဘဲနဲ့ တစ်ပတ်ကျွမ်းနဲ့ပဲ ပြန်ကျသွားတာပေါ့။

**ဒိုင်ဗင်တင်လှ။** ။ တစ်ပတ်ကျွမ်းနဲ့ လိမ့်သွားတာပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်လား သြော် အဲလိုဆိုင်ကယ်လည်း အဘာကောင်းကောင်း စီးတတ်တယ်၊ ကားမောင်းတာကော၊ ကားစတန့်တွေရော။

**ဒိုင်ဗင်တင်လှ။** ။ ကား၊ ဂျစ်ကားလာတယ်လေ၊ တိုက်ပြီးတော့ ထွက်သွားရော။

**ကြည်စိုးထွန်း။** ။ သြော် အဲဒါတိုက်တယ်၊ မြင်းကျတော့ရော။

**ဒိုင်ဗင်တင်လှ။** ။ မြင်းကျတော့ ခြံစည်းရိုး ခုန်သွားတာပေါ့။


**ကြည်စိုးထွန်း။** ။ သြော် ခြံစည်းရိုးတွေ ဘာတွေ ခုန်တာစီးဖူးတယ်။

**ဒိုင်ဗင်တင်လှ။** ။ မြင်းပါခုန်သွားတာ။

**ကြည်စိုးထွန်း။** ။သြော်မြင်းရော လူရော၊ သြော် အဲဒီလိုခုန်စီးဖူးတယ်၊ ချောက်တွေ ဘာတွေရော ကျော်ဖူးလား၊ ချောက်ကမ်းပါးတွေ ဘာတွေကျော်ဖူးလား မြင်းနဲ့။

**ဒိုင်ဗင်တင်လှ။** ။ ချောက်ကမ်းပါးတော့ မလုပ်ပါဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်လား၊ ဆိုင်ကယ်နဲ့ရော အဲဒီလိုခုန်ဖူးလား။



**ဒိုင်ဗင်တင်လှ။** ။ ဆိုင်ကယ်နဲ့ ခုန်တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား ချောက်ကိုချောက်ထဲကိုလေ၊ သြော် အဲဒီလို ခုန်ဖူးတယ်၊ အပြေးအလိုက်တွေမှာပေါ့၊ ဒိုင်ဗင်လည်း ခုနကလို လက်သီးတွေ ထိုးကြတယ်၊ ဓားတွေခုတ်ကြတယ်။ မထိဘူးလား။

**ဒိုင်ဗင်တင်လှ။** ။ ထိတာပေါ့၊ ထိတယ်၊ ထိတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား၊ သွားတွေက အဲဒါကြောင့် မရှိတော့တာလား။

**ဒိုင်ဗင်တင်လှ။** ။ (ရယ်နေ)။

**ကြည်စိုးထွန်း။** ။ သွားတွေက အဲဒီလို ထိုးလို့ကြိတ်လို့ မရှိတာလား၊ မဆိုင်ဘူးလား အဘာသွားတွေက။

**ဒိုင်ဗင်တင်လှ။** ။ အဲဒါတွေလည်း ပါတာပေါ့၊ ဒဏ်တွေထိပြီးတော့ ကုန်တာပေါ့။

**ကြည်စိုးထွန်း။** ။ လက်သီးထိုးတဲ့ဒဏ်တွေရော၊ ကွမ်းစားတာလည်းပါတယ်၊ ကွမ်းစားတာလည်းပါမှာပေါ့။

**ဒိုင်ဗင်တင်လှ။** ။ ကွမ်းကင်းထားတာပါ။ ကွမ်းမငုံရရင် မနေနိုင်ဘူး။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ အခု အဲဒီတုန်းက ထိုးခဲ့ကြိတ်ခဲ့တဲ့ဒဏ်တွေ ဘာညာနာတာတွေဘာတွေရှိလား၊ ကျောတွေ ဘာတွေ။

**ဒိုင်ဗင်တင်လှ။** ။ မရှိဘူး။

**ကြည်စိုးထွန်း။** ။ မရှိဘူး ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။ ဘာအနာမှမရှိဘူး။

**ကြည်စိုးထွန်း။** ။ ကျန်းမာတယ်နော် အဘာ၊ တချို့က အဲဒီလိုဒဏ်တွေ ရှိတာပေါ့နော်၊ အခုအဘာမှာ လုံးဝမရှိဘူး သွားလေးတစ်ခုပဲ နည်းနည်းနော်။

**ဒိုင်ဗင်တင်လှ။** ။ သွားက တစ်ချောင်းပဲရှိတယ်။ နောက်ကသွားလေးတွေ ပြန်ပေါက်နေတယ်။ အဲဒါဝါးလို့ရတယ်၊ ကလေးလို သွားအငယ်လေးတွေ ပြန်ပေါက်နေတယ်။

**ကြည်စိုးထွန်း။** ။ အဘာ အဲဒါဆိုရင်တော့ နောက် တစ်ဘဝစပြီ၊ လူငယ်ပြန်ဖြစ်ဦးမှာ၊ အဘာမင်းသားလုပ်ရဦးမှာ။

**ဒိုင်ဗင်တင်လှ။** ။ အဲဒီလိုပြန်စနေတယ်။

**ကြည်စိုးထွန်း။** ။ ဘာလို့လဲဆို အခုဟာ အဘာက ဒိုင်ဗင်ထိုးချင်စိတ်ကလည်း အခုထိအောင် ထိုးချင်နေသေးတယ်။

**ဒိုင်ဗင်တင်လှ။** ။ ထိုးချင်တယ်။

**ကြည်စိုးထွန်း။** ။ ဘုရင့်နောင် တံတားပေါ်ကနေထိုးဖို့က အမြဲတမ်းစဉ်းစားနေတယ်နော် ဟုတ်တယ်မှတ်လား၊ ဘုရင့်နောင်တံတားပေါ်ကနေ ထိုးချင်နေတယ်။

**ဒိုင်ဗင်တင်လှ။** ။ ထိုးချင်တယ်။

**ကြည်စိုးထွန်း။** ။ ဒိုင်ဗင်ကလည်းထိုးချင်တယ်။ သွားတွေကလည်း ပေါက်နေသေးတယ်ဆိုတော့ ဒိုင်ဗင်တင်လှ နောက်ထပ်အသစ်တစ်ယောက် ပြန်ပေါ်လာစရာအကြောင်းရှိတယ်။

**ဒိုင်ဗင်တင်လှ။** ။။ ပြန်ပေါ်လာတယ် (ရယ်၍ပြော) အဲဒီလိုဖြစ်နေတယ်။

**ကြည်စိုးထွန်း။** ။ ပေါ်စေချင် ပါတယ်၊ ဘာလို့လဲဆိုတော့ အခုခေတ်ကလေးတွေက မတွေ့ဖူးကြဘူး၊ အဘာတို့ စတန့်လုပ်တာတွေလေ။

**ဒိုင်ဗင်တင်လှ။** ။ အဲဒါက အနန္တောအနန္တ ဂုဏ်ကျေးဇူးတွေပဲ။

**ကြည်စိုးထွန်း။** ။ မှန်ပါတယ်၊ ဟုတ်ပါတယ်။


**ဒိုင်ဗင်တင်လှ။** ။ ဒါပဲ ကျွန်တော်လုပ်နေတာ။

**ကြည်စိုးထွန်း။** ။ မှန်ပါတယ် ဘာလို့လဲဆိုတော့ အဘာတို့ ငယ်ငယ်တုန်းကထိုးတာလည်း တကယ်ထိုးကြရတာနော်။ တကယ်စီးပြီးတော့။ ကျွန်တော်တို့ အခုခေတ်မှာရှိတဲ့ ကွန်ပျူတာ effect တို့လို၊ ကင်မရာထရိတ်တို့လိုဟာတွေက နည်းတာပေါ့၊ တကယ်လုပ်ကြရတာကိုနော်။ တကယ်ချောက်ကမ်းပါးကြီးကို ကျော်ဆိုလည်း တကယ်ကျော်ရတာ၊ သေကောင်ပေါင်းလဲကျော်ရတာ။ အဲဒီတော့ အဲဒီဒဏ်တွေက ရှိတာတောင်မှ အဘာဟာ ကျန်းမာရေးက အခုထိအောင် တအားကောင်းနေသေးတာဆိုတော့၊ ဒါကလည်း ခုနကအဘာပြောတဲ့ အနန္တောအနန္တငါးပါး ကျေးဇူးပေါ့။ အဲဒီတော့ တခြားလူတွေရော မထိဘူးလား၊ အဘာနဲ့ ထိုးကြ ကြိတ်ကြတယ် ဘာညာဆိုရင်။

**ဒိုင်ဗင်တင်လှ။** ။ ထိတာပေါ့၊ အဘာထိုးလို့ ပစ်လို့ မေ့လို့ နောက်ကောက်ကျသွားတယ်။

**ကြည်စိုးထွန်း။** ။ ဘယ်သူလဲ၊ အဲဒါ လူကြမ်းတစ်ယောက်ပေါ့။

**ဒိုင်ဗင်တင်လှ။** ။ လက်သီးမောင်မောင်တို့၊ ငွေဝင်းတို့၊ ဘာတို့အဘာ ထိုးတာ။



ငွေဝင်း

**ကြည်စိုးထွန်း။** ။ မေ့သွားတာ။

**ဒိုင်ဗင်တင်လှ။** ။ ဒီလူနဲ့ သွားမလုပ်နဲ့ ဒီလူက တကယ်တီးတယ်တဲ့ အဘာကို။

**ကြည်စိုးထွန်း။** ။ သြော် ဟုတ်လား။ တကယ် တီးတယ်တဲ့ မလုပ်နဲ့ ဟုတ်လား၊ နောက်ခေတ်ကျတော့ ကျွန်တော်တို့ ရုပ်ရှင်ရိုက်တဲ့ခေတ်ကျတော့၊ ကျွန်တော်တို့က ဒီလိုထိအောင်မလုပ်တော့ဘူး။ ထိတယ်ထင်အောင်ပဲ ကျွန်တော်တို့က ရိုက်ကြတာပေါ့ အဘာရယ်။ ဒါပေမယ့်လည်း အသံတွေ ဘာတွေပေးလိုက်တာပေါ့။ အသံလေး ဘာလေးထည့်လိုက်တဲ့အခါကျတော့ တကယ်ထိတယ် ထင်ရတာပေါ့၊ အဲဒီလို နည်းနည်းလေးလှည့်စားပြီးတော့ ရိုက်တယ်။ အဘာတို့ခေတ်တုန်းကတော့ ဒိုင်ဗင်ထိုးဆိုလည်း လူစားမရှိဘူး။ ကိုယ်တိုင်ထိုးရတာနော်၊ ဆိုင်ကယ်စီးဆိုလည်း ကိုယ်တိုင်စီးရတာ၊ တစ်ခါတည်း ဒီဆိုင်ကယ်ကနေပြီးတော့ လိုက်ပြီးတော့ ရှေ့ကားက မင်းသမီးက ရှေ့ကကားနဲ့ပါသွားပြီ။ မင်းသားကနောက်ကနေပြီးတော့ ဆိုင်ကယ်နဲ့လိုက်၊ အနားလည်းရောက်ရော တစ်ခါတည်း ဆိုင်ကယ်ပေါ်ကနေကန်ပြီးတော့ ကားပေါ်ကို ဒိုင်ဗင်ထိုးတက်တာမျိုးတွေက၊ တကယ်လုပ်ကြရတာကိုးနော်၊ တကယ်လုပ်ကြရတယ်။ တချို့လည်း တကယ်ထိသွားတာပေါ့၊ တကယ် သူ့ဟာသူ ချိန်သားကိုက်ပြီးတော့၊ တွက်ပြီတော့လုပ်တဲ့ ဥပမာ အဘာတို့လိုပေါ့လေ စတန့်မင်းသား တွေနဲ့ဆိုရင်တော့ သူ့ဟာ သူ အဆင်ပြေသွား တာပေါ့၊ ဒါတောင်မှ ဘာပဲဖြစ်ဖြစ် အဘာရယ် တဖြည်းဖြည်းကျတော့ ဒဏ်တွေက ဖြစ်ဖြစ်လာတာပေါ့။ အဘာက အခု ၉၄ နှစ်ထဲ ရောက်ပြီ၊ ဘာမှ ဒီဒဏ်တွေ မရှိဘူးဆိုတော့ အဘာပြောသလို အနန္တောအနန္တငါးပါး ကျေးဇူးပါပဲ။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်တယ် ဒဏ်မရှိဘူး။ ကျန်းမာတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့ နောက်ဆုံး ပေါ့လေ အဘာ မှတ်မိတဲ့ကားတစ်ကားလောက်ပြောပါ။ အဘာ ရိုက်တဲ့ကားထဲက အဘာမှတ်မိတဲ့ကား၊



မောင်မောင်စိန်

မှတ်မိတဲ့ကားဆိုတာ တကယ်ကို စိတ်ထဲမှာ မှတ်မိနေတာ အဲဒီကားမျိုး။

**ဒိုင်ဗင်တင်လှ။** ။ "စောရသက်ပြင်း" တို့၊ "စောရလက်ဝဲ" တို့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ "သူမိုက် ကိုယ်မိုက်" တို့က တော်တော်ထိုးကြတယ်ပေါ့။

**ကြည်စိုးထွန်း။** ။ "သူမိုက် ကိုယ်မိုက်"။


**ဒိုင်ဗင်တင်လှ။** ။ နောက် "သူပုန်မ"။

**ကြည်စိုးထွန်း။** ။ "သူပုန်မ" အဲဒီမှာလည်း တကယ်ထိုးကြရတယ်၊ ဒိုင်ဗင်ကတော့ ကားတိုင်းထိုးရတာပေါ့။

**ဒိုင်ဗင်တင်လှ။** ။ ဒိုင်ဗင်က အမြဲပါတယ်၊ မပါလို့မရဘူး။

**ကြည်စိုးထွန်း။** ။ ဒါပေါ့ ဒိုင်ဗင်တင်လှဖြစ်နေတာကိုးနော်။ ဒိုင်ဗင်တင်လှဖြစ်နေတော့ ဒိုင်ဗင်က မထိုးလို့မဖြစ်ဘူးပေါ့။

*(ဆက်လက်ဖော်ပြပါမည်)*



# မဟာသင်္ကြန်ကာလအတွင်း ပရိသတ်များအားလုံး အိမ်ထဲမှာ အေးချမ်းစွာနားနေပြီး Channel 7 ရုပ်သံလိုင်းမှ FG Virtual Music Concert ကြီးကို ကြည့်ရှုအပန်းဖြေနိုင်ပါပြီ

**နေပြည်တော်  ဧပြီ  ၉**

ဧပြီ ၁၁ ရက်မှ ၁၉ ရက်အတွင်း တေးသံရှင် R ဇာနည်၊ ဇော်ပိုင်၊ ဖြိုးပြည့်စုံ၊ သာဒီးလူ၊ အောင်ထက်၊ idiots၊ Eternal Gosh၊ အိမ့်ချစ်၊ အိုင်းရင်းဇင်မာမြင့်၊ Jewel၊ Sunrise 18 တို့၏ အသစ်စက်စက် ဖျော်ဖြေမှုများကို FG Virtual Music concert ကြီးတွင် မလွတ်တမ်း ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

FG Virtual Music Concert ကို ဧပြီ ၁၁ ရက်မှ ၁၉ ရက်အတွင်း Channel 7 ရုပ်သံလိုင်းတွင် ည ၈ နာရီ၌ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်၍ ပရိသတ်များအနေဖြင့် အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ အေးချမ်းစွာ အပန်းဖြေကြည့်ရှုနားဆင်နိုင်ပြီဖြစ်သည်။

**သတင်းစဉ်**





















# အိမ်ခြံဝင်း ဥယျာဉ်စိုက်ပျိုးရေး ဟင်းသီးဟင်းရွက်မျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်



**နေပြည်တော် မေ ၉**

နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ မီးဖိုချောင်ကုန်ကျစရိတ် လျှော့ချနိုင်စေရန်၊ ဘေးကင်း၍ အာဟာရပြည့်ဝသည့် သီးနှံများကို အချိန်မရွေး လတ်လတ်ဆတ်ဆတ် ခူးဆွတ်စားသုံးနိုင်စေရန်၊ ပိုလျှံသည်များကို အိမ်နီးချင်းများနှင့် ဝေမျှစားသုံးနိုင်ခြင်းဖြင့် ကောင်းမွန်သည့် အသိုက်အဝန်းတစ်ခု ဖန်တီးနိုင်ကြစေရန်ရည်ရွယ်၍ မိသားစုအိမ်ခြံဝင်း စိုက်ခင်းများ ပိုမိုဖွံ့ဖြိုးလာစေရန် မျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှဖြူပြာ ၁ လမ်း၌ ကျင်းပသည်။

## လက်ခံရယူ

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက မျိုးစေ့၊ ပျိုးပင်များနှင့် ကျန်းမာရေးသုံးပစ္စည်းများအား ပေးအပ်ရာ ဝန်ထမ်းမိသားစုများကိုယ်စား တိုက်တာဝန်ခံများက လက်ခံရယူခဲ့ကြသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံစဉ် မိသားစု အိမ်ခြံဝင်းစိုက်ခင်းများ ပိုမိုဖွံ့ဖြိုးလာပါက အားလပ်ချိန်တွင် သီးပင်စားပင်များအား ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရသဖြင့် ပြင်ပသွားလာမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားမှုနှင့် ခန္ဓာကိုယ်အား နေရောင်ခြည်ထိတွေ့စေခြင်းတို့ကြောင့် ကိုယ်ခံအားကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အတွက် အိမ်တိုင်း၊ မိသားစုတိုင်းက မြေလွတ်နေရာများတွင် သီးနှံပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်း၊ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးမြေဧရိယာအနည်းငယ်သာရှိပါက ငရုတ်၊ သံပရာကဲ့သို့သော အပင်ငယ်များကို ပန်းအိုးများဖြင့် စိုက်ပျိုးနိုင်သကဲ့သို့ ဟင်းသီးဟင်းရွက်များကို ပျိုးအိတ်၊ ပျိုးခွက်များဖြင့် စိုက်ပျိုးခြင်း၊ အဆင့်လိုက်စိုက်ပျိုးခြင်း၊ အာဟာရရည်ဖြင့် စိုက်ပျိုးခြင်း စသည့် နည်းစနစ်များဖြင့်လည်း စိုက်ပျိုးနိုင်ကြောင်း ဆွေးနွေးပြောကြားပြီး မိသားစုဝင်များနှင့် မိမိပတ်ဝန်းကျင်၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုက်နာဆောင်ရွက်ဖွယ်ရာများကို မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ဝန်ထမ်းနေအိမ်ခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းမိသားစု စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြသည်။


ယနေ့ကျင်းပသည့် အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရေး ဟင်းသီးဟင်းရွက်မျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ စုပေါင်းစိုက်ပျိုးနိုင်ကြရန် တိုက်တစ်တိုက်လျှင် ချဉ်ပေါင်၊ သခွား၊ ရုံးပတီ၊ ငရုတ်၊ ခရမ်း၊ ဘူး၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ကျောက်ဖရုံ၊ ဟင်းနုနယ်၊ ရွှေဖရုံ အပါအဝင် ဟင်းသီးဟင်းရွက်မျိုးစေ့ အမျိုးအစား ၂၀ နှင့် ပျိုးပင် ၁၁ မျိုး၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း နှစ်ထုပ်စီတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံလူတန်းစားများကို အစားအသောက်များထောက်ပံ့ပေးရန် ထူထောင်ထားသော ရန်ပုံငွေတွင် ပါဝင်လှူဒါန်းရန် ကုန်သည်စက်မှုအသင်းက ဖိတ်ခေါ်

**ရန်ကုန် မေ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်မှုကိုခံစားနေရသည့် အခြေခံလူတန်းစားများ၏ စားရေး၊ သောက်ရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀၀ ကနဦးမတည်ကာ ရန်ပုံငွေတစ်ရပ် မတည်ထူထောင်ထားပြီး အဆိုပါရန်ပုံငွေတွင် အသင်းသူ အသင်းသားများ၊ ညီနောင်အသင်းအဖွဲ့များ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များအနေဖြင့်လည်း ထည့်သွင်းလှူဒါန်းလိုပါက မိမိ၏စေတနာအလျောက် ထည့်ဝင်လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်နိုင်ရန် တိုက်တွန်းနိုးဆော် ဖိတ်ခေါ်ထားကြောင်း သိရသည်။



အခြေခံလူတန်းစားများကို အစားအသောက် ထောက်ပံ့ပေးရန် ထူထောင်ထားသည့် ရန်ပုံငွေသို့ ဦးမောင်မောင်တင် (All States International Co.,Ltd.)က အလှူငွေကျပ် သိန်း ၁၀၀ ကို မေ ၇ ရက်က ကုန်သည်စက်မှုအသင်းချုပ်၌ လာရောက်လှူဒါန်းရာ ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း လက်ခံရယူစဉ်။

အဆိုပါရန်ပုံငွေတွင် ထည့်သွင်းလှူဒါန်းထားသည့် အလှူငွေများအားလုံးကို ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် လက်လုပ်လက်စားများနှင့် မှီခိုသူ မိသားစုဝင်များအတွက် အခြေခံစားသောက်ကုန်များကို ဝယ်ယူထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ထိုသို့ထောက်ပံ့ပေးရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ်မှ ဖွင့်လှစ်ထားသော ဘဏ်ငွေစာရင်း(Bank Account) များဖြစ်သည့် MAB Bank A/C No –0030165003014737026၊ KBZ Bank A/C No – 235 503 235 003 68501၊ CB Bank A/C No – 0043600800006521၊ AYA Bank A/C No – 0031224010013335 တို့သို့ ထည့်သွင်းလှူဒါန်းနိုင်ပြီး အလှူရှင်များ၏ လှူဒါန်းငွေစာရင်းများကို ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၏ Facebook Page နှင့် Website စာမျက်နှာများတွင် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ကိုထက်

# ARSA အကြမ်းဖက်အဖွဲ့၏ ယာယီစခန်းတစ်ခု ဖော်ထုတ်ရရှိ

**နေပြည်တော် မေ ၉**


ARSA နှင့် AA အကြမ်းဖက်အဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်အတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ကျူးလွန်လျက်ရှိသဖြင့် ၎င်းအကြမ်းဖက်အဖွဲ့များ ခိုအောင်းနိုင်သည့် နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးအာမခံချက်ရှိစေရန် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။


ARSA အကြမ်းဖက်အဖွဲ့အနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသတွင် စိမ့်ဝင်၍ အဖျက်အမှောင့်နှင့် တိုက်ပွဲများဖော်ဆောင်ရန်ရှိကြောင်း သတင်းရရှိခဲ့ပြီး ရရှိသောသတင်းဆက်အရ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်စပ်ဒေသလုံခြုံရေးနှင့် နယ်မြေလုံခြုံရေးအား ပိုမိုဂရုစိုက် အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်စဉ် မောင်တောမြို့နယ် ခမောင်းဆိပ်ရွာ၏ အနောက်ဘက် မီတာ ၂၅၀၀ ခန့် အကွာနေရာသို့အရောက်၌ နေရာ ၂ နေရာမှ မသင်္ကာဖွယ်ရာ တဲ ၂ လုံးအား တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ရာ လက်နက်ငယ်ကျည်၊ လမ်းလျှောက်စကားပြောစက်၊ ပြောက်ကျားဝတ်စုံ၊ လည်တိုဖိနပ်၊ ဆန်၊ ဆီနှင့် အာလူးများ၊ ဆေးမျိုးစုံထည့်ထားသည့် အိတ်၊ လက်ကိုင်ဖုန်း၊ မှန်ပြောင်း၊ ပလတ်စတစ်အိတ်များ၊ တစ်ဖက်နိုင်ငံဒုက္ခသည်စခန်းများတွင် UNHCR မှ ထုတ်ပေးထားသည့် ကတ်ပြားတစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် AA အကြမ်းဖက်အဖွဲ့တို့ မကြာခဏထိတွေ့မှုများ ဖြစ်ပွားလျက်ရှိပြီး မေ ၅ ရက်တွင် ပုဏ္ဏားကျွန်းမြို့၏ အနောက်မြောက်ဘက် မီတာ ၇၀၀၀ ခန့်အကွာတွင် AA အကြမ်းဖက်အဖွဲ့ဝင်များ အခြေပြုထားသော ယာယီနေရာတစ်ခုအား သိမ်းဆည်းရမိခဲ့ကာ ဖြစ်စဉ်တွင် ပစ်ကျင်းများ၊ ခဲယမ်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် NGO အဖွဲ့အစည်းများမှ စစ်ဘေးရှောင်စခန်းများသို့ ထောက်ပံ့လှူဒါန်းထားသည့် ရိက္ခာပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



# ကုလသမဂ္ဂက ဗင်နီဇွဲလားနိုင်ငံသို့ ကိုဗစ်-၁၉ ဆိုင်ရာ အထောက်အပံ့ပစ္စည်း တန် ၉၀ ပေးပို့

**ကရာကတ်စ် မေ ၉**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ဗင်နီဇွဲလားနိုင်ငံကို အကူအညီပေးရန်အတွက် ကုလသမဂ္ဂ၏ ဆေးဝါးပစ္စည်းများ၊ သောက်သုံးရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တန် ၉၀ တင်ဆောင်သည့် လေယာဉ်သည် ဗင်နီဇွဲလားနိုင်ငံသို့ ဗုဒ္ဓဟူးနေ့က ဆိုက်ရောက်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသို့ ပေးပို့ခဲ့သည့် အကူအညီပစ္စည်းများတွင် ကျန်းမာရေးဝန်ထမ်းများအတွက် အကာအကွယ်ဝတ်စုံ ၂၈၀၀၀၊ အသက်ရှူအထောက်အကူပြုကိရိယာ၊ ကလေးလူနာခုတင်များ၊ ရေသန့်စင်မှုဆိုင်ရာ ပစ္စည်းများနှင့် ရောဂါကာကွယ်ရန် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသုံးပစ္စည်းများ ပါဝင်သည်ဟု ကုလသမဂ္ဂက ပြောကြားသည်။ အဆိုပါ ပစ္စည်းများသည် ဗင်နီဇွဲလားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်မှုကို ထောက်ပံ့ပေးသည့်အနေဖြင့် ကုလသမဂ္ဂက ပထမဆုံးပို့ဆောင်ခဲ့သည့် လူသားချင်းစာနာမှုအကူအညီဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ လူသားချင်းစာနာမှုအကူအညီဆိုင်ရာ ညှိနှိုင်းရေးမှူး ပီတာဂရော့မန်းက ပြောကြားသည်။

ယင်းထောက်ပံ့ပစ္စည်းများသည် ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်မှု ကနဦးအဆင့်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ယင်းပစ္စည်းများသည် ပြင်ပလူနာဆေးခန်းနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးစင်တာ ၅၀ နှင့် သတ်မှတ်ထားသည့် ဆေးရုံ ၁၄ ရုံရှိ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် ရောဂါကာကွယ်နိုင်စွမ်းနည်းသည့် မိသားစုများထံသို့ ရောက်ရှိမည်ဖြစ်သည်ဟု ယူနီဆက်ဖ်၏ ဗင်နီဇွဲလားနိုင်ငံဆိုင်ရာကိုယ်စားလှယ် ဟာဗီလူဒိုဗစ်ဒီလစ်၏ အဆိုအရ သိရသည်။

ဗင်နီဇွဲလားနိုင်ငံသည် စီးပွားရေးအကျပ်အတည်းကို ခံစားနေရသဖြင့် အခြေခံစားသောက်ကုန်များနှင့် ဆေးဝါးများ ပြတ်လပ်မှုဖြစ်ပေါ်နေပြီး နိုင်ငံမှထွက်ပြေးသူ ငါးသန်းခန့်ရှိသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၇ ဦးရှိပြီး ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ကိုးဦး ရှိသည်။

**ကိုးကား-အေအက်ဖ်ပီ ဘာသာပြန် - အောင်ဇော်လင်း**



## ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၅ သန်း ကျော်ရှိလာ




**ပါရီ မေ ၉**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေ ၁ ဒသမ ၅ သန်းကျော်ရှိလာကြောင်း တရားဝင်သတင်းအရင်းမြစ်များမှ ရယူထားသည့် အေအက်ဖ်ပီသတင်းဌာန၏ အချက်အလက်များအရ သိရသည်။

**တရားဝင်ကိန်းဂဏန်းများအရ သိရ**

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၉၂ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၀၂၄၇၈ ဦးရှိလာခဲ့သည်။ အဆိုပါ ရောဂါကူးစက်ခံရသူများအနက် လူနာ ၈၇၃၂၀ တို့သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

သို့သော် နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သောလူနာ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်နေသော လူနာများကိုသာ စမ်းသပ်စစ်ဆေးလျက်ရှိသည့်အတွက် အမှန်တကယ် ရောဂါကူးစက်ခံရသူဦးရေသည် နောက်ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု အမြန်ဆုံးနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုတွင် ရောဂါကူးစက်ခံရ သူစုစုပေါင်း ၄၃၂၁၃၂ ဦးရှိပြီး ၎င်းတို့အနက် ၁၄၈၁၇ ဦးသည် ယင်းရောဂါကြောင့် သေဆုံးခဲ့သည်။

ထို့အတူ စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၆၉၀ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၁၄၅၅၅ ဦး၊ အီတလီနိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၁၃၉၄၂၂ ဦးနှင့် ရောဂါကြောင့်သေဆုံးသူ ၁၇၆၆၉ ဦးရှိကြကြောင်း နောက်ဆုံးအချက် အလက်များအရ သိရသည်။

ဥရောပတိုက်သည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သည့် နေရာဖြစ်သည်။ လောလောဆယ် ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၇၂၅၉၂ ဦးရှိပြီး ယင်းရောဂါကြောင့်သေဆုံးသူ ၆၁၁၁၈ ဦး ရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

## အိန္ဒိယတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၇၃၄ ဦးနှင့် သေဆုံးသူ ၁၆၆ ဦးရှိလာ

**နယူးဒေလီ မေ ၉**

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၇၄၃ ဦးနှင့် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် ၁၆၆ ဦးအထိ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ကြာသပတေးနေ့က ပြောကြားသည်။ ယနေ့နံနက် ၈ နာရီအထိ နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်နွှယ်၍ သေဆုံးသူပေါင်းသည် ၁၆၆ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် သေဆုံးသူ ၁၇ ဦးနှင့် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၄၀ ဦး ထပ်မံတိုးလာသည်။

ယင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ပြန်လည်ကျန်းမာလာ၍ ဆေးရုံမှဆင်းခွင့်ပြုသူ အရေအတွက်သည် ယခုအချိန်အထိ ၄၇၃ ဦးရှိသည်။ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ၅၀၉၅ ဦးဖြစ်သည်ဟု ယင်းကြေညာချက်တွင် ဖော်ပြသည်။

ကြာသပတေးနေ့သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အစိုးရက နိုင်ငံတစ်ဝန်း၌ ၂၁ ရက်ကြာ အသွားအလာ တားမြစ်ပိတ်ဆို့မှု ချမှတ်ခဲ့သည့် ၁၆ ရက်မြောက်နေ့ဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ပြည်သူများ၏ သွားလာလှုပ်ရှားမှုများကို တားမြစ်ရန်အတွက် အာဏာပိုင်များက အပြင်မထွက်ရအမိန့်ကဲ့သို့သော တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားသည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများမှအပ ကုန်းလမ်း၊ မီးရထားလမ်းနှင့် လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုအားလုံးကို ဆိုင်းငံ့ထားသည်။

ရက်သတ္တသုံးပတ်ကြာ အသွားအလာ တားမြစ်ပိတ်ဆို့မှုသည် မေ ၁၄ ရက်တွင် ပြီးဆုံးမည်ဟု မျှော်မှန်းရသည်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နိုင်ငံရေးခေါင်းဆောင်များနှင့် ဗုဒ္ဓဟူးနေ့က အစည်းအဝေး ကျင်းပခဲ့သည်။ ယင်းအစည်းအဝေး ကျင်းပစဉ်တွင် ဝန်ကြီးချုပ်က လက်ရှိခရီးအသွားအလာ တားမြစ်ပိတ်ဆို့မှုကာလကို ထပ်မံတိုးချဲ့နိုင်သည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် -အောင်ဇော်လင်း**



## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၈၀ သေဆုံး၊ ရောဂါကူးစက်ခံရသူ ၃၀၀၀ ကျော်ရှိလာ

**ဂျကာတာ မေ ၉**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၀၀၀ ကျော်ရှိလာပြီး ၎င်းတို့အနက် ၂၈၀ သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက ယနေ့ကြေညာသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၂ ဦးသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အင်ဒိုနီးရှားအစိုးရ၏ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက် ယူရီယံတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

လူဦးရေ ၁၀ သန်း ကျော်နေထိုင်ရာ ဂျကာတာမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၄၂ ဦး သေဆုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်း သေဆုံးမှုအများဆုံးနေရာဖြစ်လာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် အနောက်ဂျာဗားပြည်နယ်တွင် ၄၀၊ အလယ်ဂျာဗားတွင် ၂၂ ဦး၊ ဘန်တာကျွန်းတွင် ၂၀၊ အရှေ့ဂျာဗားတွင် ၁၇ ဦး အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေတစ်ရပ်ထုတ်ပြန်ကြေညာခဲ့ပြီး တင်းကျပ်စွာ အသွားအလာကန့်သတ်ချက်ကို ထုတ်ပြန်လိုက်သည်။

ထို့အတူ အာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်တွေ့ရှိခဲ့သည့် ဒေသများတွင် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိပြီး ပြည်သူများကိုလည်း နှာခေါင်းစည်း အမြဲတမ်းဝတ်ဆင်ကြရန် တိုက်တွန်းထားသည်။

အင်ဒိုနီးရှားအစိုးရသည် ၂၀၁၈ အရှေ့တောင်အာရှ အားကစားပွဲတော်တွင် အသုံးပြုသော ဂျကာတာမြို့လယ်ကောင်ရှိ မိုးမျှော်တိုက်ခန်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာ ၂၄၀၀၀ ခန့် ကုသနိုင်သည့် အရေးပေါ်ဆေးရုံအဖြစ် ပြောင်းလဲလိုက်သည်။

ထို့အပြင် အင်ဒိုနီးရှားအစိုးရသည် ကေပူလောင်ရီအော်ပြည်နယ်ရှိ ဂါလန်ကျွန်းပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအတွက် အရေးပေါ်ဆေးရုံတစ်ရုံတည်ဆောက်ထားပြီး မေ ၆ ရက်မှစ၍ လုပ်ငန်းလည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# တောင်ကိုရီးယားနိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်မှုတွင် ဦးဆောင်နိုင်ရန် သမ္မတမွန်ဂျေအင်း မျှော်လင့်



**ဆိုးလ် မေ ၉**

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်မှုများကို လုပ်ဆောင်ရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက တောင်းဆိုခဲ့ပြီး နိုင်ငံအနေဖြင့် ကာကွယ်ဆေးထုတ်လုပ်မှုတွင် ဦးဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားလိုက်သည်။

သမ္မတ မွန်ဂျေအင်းက ဆိုးလ်မြို့တော်တောင်ဘက် ဆောင်နမ်မြို့ရှိ Institute Pasteur Korea ၌ ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ဆေးဝါးနှင့် ကာကွယ်ဆေးနည်းလမ်းများနှင့်ပတ်သက်သော အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သုတေသနဌာနများနှင့် ဆေးရုံတာဝန်ရှိသူများကြား ပူးတွဲအစည်းအဝေးတစ်ခုသို့ တက်ရောက်ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံး၏ ဖော်ပြချက်အရ သိရသည်။ "တောင်ကိုရီးယားနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတဲ့ ကိရိယာတွေက ကမ္ဘာ့နိုင်ငံတွေအတွက် စံနမူနာတစ်ခုဖြစ်လာလို့ လူသားတွေရဲ့အသက်ကို ကယ်တင်နိုင်တဲ့ ဆေးဝါးနဲ့ ကာကွယ်ဆေးတွေ ကျွန်တော်တို့ ထုတ်လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု သမ္မတ မွန်ဂျေအင်းက အစည်းအဝေး၌ ပြောကြားသည်။

ဆေးဝါးများ၊ ကာကွယ်ဆေးများ တီထွင်ထုတ်လုပ်မှုက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု အပြီးတိုင်တိုက်ဖျက်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိထုတ်လုပ်ဆဲ ဆေးဝါးများ၊ ကာကွယ်ဆေးများက ကိုရိုနာဗိုင်းရပ်စ်ကုသရာတွင် အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ စီမံကိန်းတစ်ခုနှင့်ပတ်သက်၍ တိုးတက်မှုအပေါ် တာဝန်ရှိသူများက အစောပိုင်းတွင် သမ္မတမွန်ဂျေအင်းအား ရှင်းပြခဲ့သည်။ ဆေးဝါးနှင့် ကာကွယ်ဆေးများ တီထွင်ထုတ်လုပ်မည့် ပုဂ္ဂလိကကဏ္ဍ၏ ကြိုးပမ်းမှုများကို အစိုးရက အပြည့်အဝ ပံ့ပိုးကူညီမည်ဟု မွန်ဂျေအင်းက ကတိပြုခဲ့သည်။ "ပုဂ္ဂလိကကဏ္ဍရဲ့ ကြိုးပမ်းမှုတစ်ခုတည်းနဲ့ အချိန်တိုအတွင်း အောင်မြင်မှုရရှိဖို့ မလွယ်ကူပါဘူး" ဟု သူက ဆိုသည်။

အစိုးရ၏ ပံ့ပိုးမှုစီမံချက်များအဖြစ် ကာကွယ်ဆေးထုတ်လုပ်မှုစီမံကိန်းများတွင် ဝမ် ၂၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇၂ သန်း) ထောက်ပံ့ကာ ဗိုင်းရပ်စ်အမျိုးမျိုးကို သုတေသနဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ခုတည်ထောင်မည်ဟု မွန်ဂျေအင်းက ပြောသည်။ "ဆေးဝါးနဲ့ ကာကွယ်ဆေးထုတ်လုပ်မှုကို အားပေးဖို့ အစိုးရက ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မှာဖြစ်ပါတယ်" ဟု သူက ဆိုသည်။ **ကိုးကား - ယွန်ဟပ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ဘေးသင့်နိုင်ငံများသို့ ဥရောပသမဂ္ဂက ကူညီရန်လိုအပ်ဟု အီတလီဝန်ကြီးချုပ် ဆို



**ရောမ မေ ၉**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဒဏ် အဆိုးရွားဆုံးခံရသည့် တိုင်းပြည်များသို့ကူညီရန် ဥရောပသမဂ္ဂက ညှိနှိုင်းသောနည်းလမ်းတစ်ရပ်ဖြင့် ဆောင်ရွက်ရမည်ဟု အီတလီဝန်ကြီးချုပ် ဂီဆက်ပီကွန်တီက ပြောကြားလိုက်သည်။

ဥရောပသမဂ္ဂက ဒုတိယကမ္ဘာစစ်နောက်ပိုင်း အကြီးမားဆုံးဖြစ်သည့် ကိုရိုနာဗိုင်းရပ်စ်စိန်ခေါ်မှုကို ကူညီဖြေရှင်းရန် လိုအပ်ကြောင်း ကွန်တီက ဘီဘီစီသတင်းဌာနသို့ပြောသည်။ လွန်ခဲ့သော ခုနစ်ပတ်က အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်နောက်ပိုင်း ဗြိတိန်ရုပ်သံမီဒီယာနှင့် သူ၏ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး ကူညီထည့်ဝင်ရမည့် "ကိုရိုနာငွေချေးစာချုပ်" များထုတ်ပေးရန် အဖွဲ့ဝင်တိုင်းပြည်များကို အီတလီနှင့် အခြားဥရောပသမဂ္ဂဝင် တိုင်းပြည်အချို့က တွန်းအားပေးနေသည်ဟု ၎င်းက ပြောသည်။

နယ်သာလန်နိုင်ငံက အဆိုပါအကြံဉာဏ်ကို ဆန့်ကျင်ခဲ့ရာ ဥရောပဇုန် ဘဏ္ဍာရေးဝန်ကြီးများကြား သဘောထားကွဲလွဲမှုတစ်ခု ဖြစ်လာခဲ့သည်။

ဥရောပခေါင်းဆောင်များက မလွဲချော်နိုင်သည့် အခွင့်အလမ်းတစ်ရပ် ရင်ဆိုင်နေရကြောင်း သူကဆိုသည်။ အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူသေဆုံးမှုနှုန်းကျဆင်းလာပြီး ယမန်နေ့က ၅၄၂ ဦး သေဆုံးခဲ့သည်။ မတ် ၉ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် တစ်နိုင်ငံလုံး အသွားအလာကန့်သတ်မှုကို တဖြည်းဖြည်းချင်း ဖြေလျှော့မည်ဟု ကွန်တီက ပြောသည်။

အီတလီအစိုးရ၏ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ကွန်တီကို ချီးမွမ်းခဲ့သော်လည်း အစောပိုင်းကြေညာခဲ့သည့် ကန့်သတ်ချက်များက နှေးကွေးပြီး တစ်ခုစီဖြစ်နေခဲ့သည်ဟု ဝေဖန်သူများက ပြောသည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဗိုင်းရပ်စ်များကို ချေမှုန်းနိုင်သည့် ခရမ်းလွန်ရောင်ခြည်စက်ရုပ် ထိုင်းသိပ္ပံပညာရှင်များ အောင်မြင်စွာ ထုတ်လုပ်နိုင်

**ဘန်ကောက် မေ ၉**

ထိုင်းသိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများက ခရမ်းလွန်ရောင်ခြည်ကိုအသုံးပြုပြီး ဗိုင်းရပ်စ်များကို သေစေနိုင်သောစက်ရုပ်တစ်ရုပ်ကို တီထွင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါစက်ရုပ်များသည် ဗိုင်းရပ်စ်ကူးစက်မှုအမြင့်မားဆုံးနေရာများတွင် အလုပ်လုပ်နေကြသည့် ဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများအတွက် အလွန်အသုံးဝင်မည်ဖြစ်သည်။

အဆိုပါစက်ရုပ်များကို ထိုင်းအမျိုးသားသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးအေဂျင်စီနှင့် ချူလာလောင်ကွန်တက္ကသိုလ်တို့က ပူးပေါင်းတီထွင်ခဲ့ခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်မီးလုံးများပါရှိသော အဆိုပါစက်ရုပ်သည် နှစ်မိနစ်အတွင်းရှိ ဗိုင်းရပ်စ်များကို မိနစ် ၃၀ အတွင်း တိုက်ဖျက်ချေမှုန်းနိုင်သည်။ စမတ်ဖုန်းများဖြင့်လည်း ထိန်းချုပ်အသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါစက်ရုပ်များသည် ဆားစ်ဗိုင်းရပ်စ်ပိုးကို တိုက်ဖျက်ချေမှုန်းနိုင်သည့်အတွက် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းပျံ့နှံ့လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရာ၌ အလွန်အသုံးဝင်မည်ဟု ယုံကြည်ပါကြောင်း သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများက ဆိုသည်။

ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ညမထွက်ရအမိန့်ကို ပြီးခဲ့သောရက်သတ္တပတ်က ထုတ်ပြန်ခဲ့သည်။ မေ ၉ ရက်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၀၀ ရှိပြီး သေဆုံးသူ ၃၂ ဦး ရှိသည်။ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုမြင့်မားလာသည့်အတွက် ပတ္တရားကမ်းခြေအပန်းဖြေစခန်းကို မေ ၉ ရက်မှစပြီး ပိတ်ပင်လိုက်ပြီဖြစ်သည်။ ဖူးခတ်အပန်းဖြေစခန်းအပါအဝင် အခြားသောအပန်းဖြေစခန်း ၁၃ ခုကိုလည်း ပိတ်ပင်ထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၅၉ ဦး ထပ်မံတွေ့ရှိ၊ ရောဂါကူးစက်ခံရသူပေါင်း ၁၀၀၀၀ ကျော်ရှိလာ


**မော်စကို မေ ၉**

ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၅၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၁၃၁ ဦး ရှိလာကြောင်း အစိုးရ၏တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ထို့အတူ မေ ၈ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် ရုရှားနိုင်ငံအတွင်း သေဆုံးသူဦးရေမှာ ၆၃ ဦးရှိရာမှ မေ ၉ ရက်တွင် ၇၆ ဦးအထိ မြင့်တက်လာခဲ့ကြောင်း၊ သို့သော် တစ်ရက်တာအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်သွားသူ ၁၁၈ ဦး အပါအဝင် ရောဂါကူးစက်ခံရသူ ၆၉၈ ဦးသည် ကျန်းမာရေးပြန်လည်ကောင်းမွန်သွားကြောင်း ရုရှားအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့်နေရာမှာ မော်စကိုမြို့ဖြစ်သည်။ မော်စကိုမြို့တွင် တစ်ရက်တာအတွင်း ရောဂါကူးစက်ခံရသူ ၈၅၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် မော်စကိုမြို့ပေါ်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေ စုစုပေါင်း ၆၆၉၈ ဦး ရှိလာခဲ့သည်။

ရုရှားအစိုးရသည် မေ ၈ ရက်မှစ၍ ၁၇၁၁၄၃ ဦးကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး ယခုအခါ နိုင်ငံတစ်ဝန်းတွင် ၄၅၃၁၄၂ ဦးကို ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရုရှားနိုင်ငံအတွင်းရှိ ဒေသဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးစခန်းများသည် ရောဂါစမ်းသပ်ရေးကိရိယာများကို လက်ခံရရှိခဲ့ကြပြီး ဓာတ်ခွဲခန်းစမ်းသပ်မှုကိုလည်း အကြိမ်ပေါင်း တစ်သန်းကျော် ပြုလုပ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ပထမဆုံးလူနာနှစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က စမ်းသပ်တွေ့ရှိခဲ့သည်။ သို့သော် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူဦးရေမှာ မတ်လကုန်ပိုင်းမှစ၍ အလျင်အမြန်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးအတွက် အစိုးရ၏ကြိုးပမ်းမှု အစိတ်အပိုင်းအနေဖြင့် မရှိမဖြစ်လိုအပ်သော ဝန်ထမ်းများမှလွဲ၍ ရုရှား ပြည်သူများသည် မတ် ၃၀ မှ မေ ၃၀ အထိ လစာအပြည့်ဖြင့် အနားယူခွင့်ရရှိမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄ ဦး စမ်းသပ်တွေ့ရှိ၊ နှစ်ဦး ထပ်မံသေဆုံး

**ဘန်ကောက် မေ ၉**

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၅၀၀ ဦးရှိလာကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ယနေ့ လူနှစ်ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်းသေဆုံးသူစုစုပေါင်း ၃၂ဦး ရှိလာခဲ့ကြောင်း ဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

အဆိုပါ သေဆုံးသူနှစ်ဦးသည် အသက် ၇၄ နှစ်အရွယ်နှင့် အသက် ၈၂ နှစ်အရွယ်ရှိ ထိုင်းနိုင်ငံသားများဖြစ်ကြကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဆိုင်ရာ ကွပ်ကဲမှုဗဟိုဌာန ပြောရေးဆိုခွင့်ရှိသူ သာဝီးဆင်ဝီဆာနူယိုသင်က ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အဆိုပါလူနာသစ် ၅၄ ဦးအနက် ၂၂ ဦးသည် ယခင်က ရောဂါကူးစက်ခံရသူများနှင့် အနီးကပ်ထိတွေ့ဆက်ဆံခဲ့သူများဖြစ်ကြပြီး ထိုင်းနိုင်ငံသားသုံးဦးနှင့် နိုင်ငံခြားသားနှစ်ဦးအပါအဝင် ကျန်ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လာသူများဖြစ်ကာ နောက်ရှစ်ဦးသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော နိုင်ငံခြားသားများနှင့် အတူအတူ အလုပ်လုပ်ကိုင်ကြသူများဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ခန့်မှန်းထားသည်ထက် သေဆုံးမှု လျော့နည်းနိုင်ဟု သမ္မတ ထရမ့် ဆို

**ဝါရှင်တန် ဧပြီ ၉**

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မှာ အစောပိုင်း ခန့်မှန်းထားသည့် ၂၄၀၀၀၀ ထက် လျော့နည်းနိုင်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၀၀၀၀ မှ ၂၄၀၀၀၀ အထိ ရောက်ရှိနိုင်သည်ဟု အိမ်ဖြူတော် ကိုရိုနာဗိုင်းရပ်စ် အထူးလုပ်ငန်းအဖွဲ့က ပြီးခဲ့သည့်အပတ်တွင် ပြောကြားခဲ့သည်။ ဧပြီ ၈ ရက်အထိ အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူ ၁၄၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောကြားသည်။ အမေရိကန်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် လျော့နည်းအောင် အကောင်းဆုံး လုပ်ဆောင်နေကြောင်း သမ္မတ ထရမ့်က သတင်းထောက်များအား ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည့် ကူးစက်ရောဂါများဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ လျော့နည်းလာနိုင်မှုမှာ အမေရိကန်ပြည်သူများက လူတစ်ဦးနှင့် တစ်ဦးအကြား အကွာအဝေး သတ်မှတ်ချက်ဆိုင်ရာမူဝါဒများကို လိုက်နာခြင်းကြောင့်ဟု မှတ်ယူရကြောင်း ပြောကြားသည်။ အမေရိကန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ မည်သည့်အချိန်တွင် ပြန်လည်လည်ပတ်မည်နှင့်ပတ်သက်၍ သမ္မတ ထရမ့်က သတ်မှတ်ကာလ ပြောကြားခဲ့ခြင်းမရှိပေ။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှင့် သေဆုံးသူဦးရေ လျော့နည်းအောင် ပထမဆုံး ပြုလုပ်ရမည်ဟု ၎င်းက ပြောသည်။

သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သို့ ရန်ပုံငွေထည့်ဝင်မှုရပ်တန့်မည်ဟု ခြိမ်းခြောက်ပြီးနောက် WHO အကြီးအကဲ တီဒရို့စ်အတ်ဟန်နွမ်ဂီဘရီယီဆပ်စ်က ကိုရိုနာဗိုင်းရပ်စ်ကို နိုင်ငံရေးတွင် အသုံးမချရန် တောင်းဆိုမှုတစ်ရပ် ပြုလုပ်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၃၀၀ ကျော်ရှိလာ

**တိုကျို ဧပြီ ၉**

ဂျပန်နိုင်ငံ၌ ဧပြီ ၉ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀၀ ကျော် ရှိလာခဲ့သဖြင့် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၅၃၀၀ ကျော်ရှိလာခဲ့သည်။

အဆိုပါ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၃၀၀ ကျော်တွင် ယခုနှစ် အစောပိုင်းက ဖြစ်ပွားခဲ့သည့် Diamond Princess အပျော်စီးသင်္ဘောမှ ကူးစက်ခံရသူ ၇၁၂ ဦး မပါဝင်ကြောင်းလည်း သိရသည်။

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၁၇ ဦးရှိခဲ့ပြီး အဆိုပါသေဆုံးသူများထဲတွင် အပျော်စီးသင်္ဘောမှ သေဆုံးသူ ၁၁ ဦးလည်း ပါဝင်သည်။



လူဦးရေ ၁၄ သန်းခန့်ရှိသည့် တိုကျိုမြို့၌ ဧပြီ ၉ ရက် တစ်ရက်တည်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၁ ဦးရှိကြောင်းလည်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အဆိုပါအရေအတွက်သည် ဂျပန်နိုင်ငံအစိုးရက အချို့ဒေသများ၌ အရေးပေါ်အခြေအနေ ကြေညာပြီးနောက် နှစ်ရက်အကြာတွင် သိသိသာသာ တိုးလာခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် အိုဆာကာတွင် ၅၂၄ ဦး၊ ကာနာဂါဝါတွင် ၃၇၂ ဦး၊ ချီဘာတွင် ၃၅၄ ဦး၊ အာချီတွင် ၂၈၀၊ ဟျိုင်ဂိုတွင် ၂၆၇ ဦး၊ ဆိုင်းတမတွင် ၂၅၄ ဦး၊ ဟော့ကိုင်းဒိုးတွင် ၂၂၅ ဦးနှင့် ဖူကူအိုကာတွင် ၂၂၄ ဦး ကူးစက်ဖြစ်ပွားခဲ့သည်။

ဂျပန်နိုင်ငံတွင် ဧပြီ ၈ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ပြန်လည်သက်သာလာပြီး ဆေးရုံမှဆင်းလာသူ ၁၂၇၀ ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## ကုလသမဂ္ဂလုံခြုံရေးကောင်စီက
## ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ အစည်းအဝေး ကျင်းပမည်

**ကုလသမဂ္ဂ ဧပြီ ၉**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကိစ္စကို ဆွေးနွေးရန်အတွက် ပထမဆုံးအကြိမ် အစည်းအဝေး ကျင်းပမည်ဖြစ်သည်။ အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ရက်သတ္တပတ်အတော်ကြာ သဘောထား ကွဲလွဲမှုများပေါ်ပေါက်ခဲ့ပြီးနောက် ယင်းအစည်းအဝေး ကျင်းပမည့်ကိစ္စ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် အဖွဲ့ဝင် ၁၀ နိုင်ငံက တံခါးပိတ် ဗီဒီယိုကွန်ဖရင့် အစည်းအဝေးကျင်းပရန် မေတ္တာရပ်ခံခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်သည် ကမ္ဘာ့ကပ်ရောဂါတိုက်ဖျက်ရေး ကြိုးစားအားထုတ်မှုများ၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၊ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော နိုင်ငံများအကြား ညီညွတ်မှုခိုင်မာရေးကိစ္စများကို အထူးအလေးပေးဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

အေအက်ဖ်ပီက ရရှိသည့်သတင်းအရ လုံခြုံရေးကောင်စီအစည်းအဝေးတွင် ဆွေးနွေးရန် အကြောင်းအရာ နှစ်ခုရှိသည်။ ပထမအကြောင်းအရာမှာ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် အဖွဲ့ဝင် ၁၀ နိုင်ငံကိုယ်စား တူနီးရှားနိုင်ငံက ဦးဆောင်၍ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံတကာ အရေးယူဆောင်ရွက်မှုတစ်ရပ်ကို ညီညီညွတ်ညွတ်ဖြင့် အရေးတကြီးလုပ်ဆောင်ရန် တောင်းဆိုမည့်ကိစ္စနှင့် လူသားချင်းစာနာထောက်ထားမှုကို အခြေခံ ၍ ကမ္ဘာတစ်ဝန်း ပစ်ခတ်တိုက်ခိုက်မှုများ ချက်ချင်းရပ်စဲရေး တိုက်တွန်းမည့်ကိစ္စဖြစ်သည်။

ဒုတိယအကြောင်းအရာမှာ ပြင်သစ်နိုင်ငံက အဆိုပြုသည့်ကိစ္စဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုအဖြစ် ကမ္ဘာတစ်ဝန်း ရန်လိုတိုက်ခိုက်မှုများကို ရပ်စဲကြရန် ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်၏ ပြီးခဲ့သည့်လက တောင်းဆိုမှုအပေါ် အာရုံစူးစိုက်ဆောင်ရွက်ရန်ကိစ္စဖြစ်သည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

## ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့်
## ဘာလီကျွန်း၏ ခရီးသွားလုပ်ငန်းကျဆင်း

**ဂျကာတာ ဧပြီ ၉**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၏ ခရီးသွားလုပ်ငန်းများ ထိခိုက်နေပြီး နိုင်ငံအများစုမှ ခရီးသွားလာမှုပိတ်ပင်သော အမိန့်ထုတ်ပြန်သည့် အချိန်မှစတင်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်မှုကျဆင်းသွားကြောင်း သိရသည်။ နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် အမြဲတစေစည်ကားနေသည့် ဘာလီကျွန်းသည် ယခုအခါ တိတ်ဆိတ်နေပြီး စီးပွားရေးအခက်အခဲနှင့် တွေ့ကြုံနေရကြောင်း ဒေသခံများက ပြောကြားသည်။

ဘာလီကျွန်းခရီးသွားလုပ်ငန်း၏ အကြီးအကဲ ပူတူအက်စတာဝါက ပြောကြားရာတွင် ဘာလီကျွန်းတွင်ရှိသော လုပ်ငန်းများ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းများဖြစ်သည်ဟု သိရသည်။ အဆိုပါကျွန်းပေါ်ရှိ ဟိုတယ်အများစုမှာ နိုင်ငံများမှ ခရီးသွားလာမှုပိတ်ပင်သော အမိန့်ထုတ်ပြန်ချိန်မှ စတင်ပြီး အခန်းငှားရမ်းမှုများ နည်းပါးသွားခဲ့ပြီး ဒေသခံ ဧည့်လမ်းညွှန်များအတွက်လည်း အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံမှ လေကြောင်းလိုင်းများမှာ ဖေဖော်ဝါရီ ၅ ရက်ကတည်းက ပိတ်ထားခဲ့သဖြင့် ခရီးသည် ၁၀၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် ခရီးသွားလုပ်ငန်းအတွက် အဆိုးရွားဆုံးဘေးအန္တရာယ်ဖြစ်ကြောင်း အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းအေဂျင်စီ၏ အကြီးအကဲ ကီတပ် အာဒါနာက ပြောကြားသည်။

ဘာလီကျွန်းသို့ ခရီးသည်ဝင်ရောက်မှုသည် ၁၉၉၀ ပြည့်နှစ်တွင် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားချိန်၊ ၁၉၉၅ ခုနှစ်တွင် ဝမ်းရောဂါဖြစ်ပွားချိန်၊ ၁၉၉၈ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ငွေကြေးအကျပ်အတည်းဖြစ်ပွားချိန်နှင့် ဘာလီကျွန်း ဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်တို့တွင်လည်း ကျဆင်းခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ယီမင်၌ ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က အပစ်အခတ်ရပ်စဲရေးသဘောတူညီ

**ဆာနား ဧပြီ ၉**

ယီမင်နိုင်ငံ၏ ပြည်တွင်းစစ်တွင် ကြားဝင်ဖျန်ဖြေလျက်ရှိသည့် ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားလာမည်ကို စိုးရိမ်သဖြင့် ကုလသမဂ္ဂက တောင်းဆိုထားသည့် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့သည်။

ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့အနေဖြင့် ဧပြီ ၉ ရက်မှစတင်ကာ သီတင်းနှစ်ပတ်ကြာ အပစ်အခတ် ရပ်စဲသွားမည်ဖြစ်ကြောင်း အဆိုပါ ညွန့်ပေါင်းအဖွဲ့က ပြောကြားခဲ့သည်။

ယီမင်နိုင်ငံ၌ လက်ရှိအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု မရှိသေးသော်လည်း ပြည်တွင်းစစ်ကြောင့် ယီမင်နိုင်ငံ၏ ကျန်းမာရေးအဖွဲ့အစည်းကို အစိတ်စိတ်အမြွှာမြွှာ ကွဲသွားစေခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားလာနိုင်ခြေအပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

ယီမင်နိုင်ငံတွင် ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ထောက်ခံသော သမ္မတ မန်ဆောဟာဒီ၏ အစိုးရနှင့် အီရန်က ထောက်ပံ့ထားသော ဟူသီသူပုန်များအကြား ပြင်းထန်သည့် တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ ငါးနှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယီမင်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ကြိုးပမ်းမှုများ ဆောင်ရွက်နိုင်ရေး ရန်လိုမုန်းတီးမှုများကို ရပ်တန့်ရန် နှစ်ဖက်စလုံးအား ကုလသမဂ္ဂကလည်း ထပ်ကာတလဲလဲတောင်းဆိုထားသည်။

ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် တိုက်ခိုက်မှုများ အမှန်တကယ် ရပ်တန့်သွားမည်လားဆိုသည်မှာ မသေချာသေးသည့် အနေအထားတွင် ရှိနေဆဲဖြစ်သည်။

ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်များကလည်း စစ်ဆင်ရေးများ မရပ်ဆိုင်းမီကာလအတွင်း ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့ အပါအဝင် ပြည်ပတပ်ဖွဲ့ဝင်များ အားလုံး နိုင်ငံအတွင်းမှ ဆုတ်ခွာပေးရမည်ဟု ပြောကြားထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



ယီမင်နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများက ပြည်သူတစ်ဦးအား ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်နေစဉ်။

# ကျောက်တော်မြို့နယ်ရှိ တိုက်ပွဲရှောင်များအတွက် ဆန်အိတ် ၁၅၀ လာရောက်သယ်ဆောင်သည့် AA အကြမ်းဖက်အဖွဲ့ဝင်များအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့ တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေခံတပ်ဌာနချုပ်က ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စစ်ဆေးရေးဂိတ်ဖွင့်လှစ်ထားရှိပြီး AA အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုများ၊ ယာဉ်ဝင်ထွက်မှုများ၊ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးအား အသုံးပြု၍ ရိက္ခာနှင့် လက်နက်ခဲယမ်းများ သယ်ယူပို့ဆောင်မှုမရှိစေရေးနှင့် မြို့လုံခြုံရေးအား နေ့ညမပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် လုံခြုံရေးပူးပေါင်းအဖွဲ့ဝင်များသည် မေ ၄ ရက် ညနေပိုင်းတွင် ဆန်အိတ်များတင်ဆောင်၍ ကျောက်တော်မှ သရက်တပင်ကျေးရွာဘက်သို့ ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာနေ အောင်ဖြိုးသက်(အသက် ၂၀) မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် ယာဉ်ပေါ်၌ ညောင်ချောင်းကျေးရွာ တိုက်ပွဲရှောင်စခန်းသို့ ပို့ဆောင်ရန် ဆန်အိတ် ၁၅၀ နှင့် အတူ ညောင်ချောင်းကျေးရွာအုပ်စု စာရေး ဦးအုန်းနိုင်(အသက် ၅၅ နှစ်)နှင့် မသင်္ကာဖွယ်ရာ လူငယ် ၁၄ ဦးတို့ကို တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ကြောင်း။

စစ်ဆေးမေးမြန်းချက်များအရ ညောင်ချောင်းကျေးရွာအုပ်စု စာရေး ဦးအုန်းနိုင်သည် ကျေးရွာအုပ်စုစာရေးတာဝန်ထမ်းဆောင်လျက်ရှိစဉ် ကျေးရွာရှိ တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းမှ ရွာသူ ရွာသားများစားသုံးရန် လိုအပ်သော ဆန်များကို ကျောက်တော်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ လစဉ်တင်ပြတောင်းခံပေးလျက်ရှိကြောင်း၊ ယင်းသို့တောင်းခံရန် အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးသန်းအေးက စေခိုင်းလျက်ရှိပြီး တောင်းခံရရှိသောဆန်များအား သုံးပုံပုံ၍ နှစ်ပုံကို တိုက်ပွဲရှောင် ရွာသူ ရွာသားများထံသို့ ထောက်ပံ့ပေးပြီး ကျန်တစ်ပုံကို AA အကြမ်းဖက်အဖွဲ့ထံသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ AA အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်(စိစစ်ဆဲ) အင်အား ငါးဦးခန့်သည် တစ်ပတ်လျှင် နှစ်ကြိမ်ခန့် တိုက်ပွဲရှောင်စခန်းသို့ အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးသန်းအေးနှင့်အတူ လာရောက်၍ ယခု ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူများသည် ဒုက္ခသည်များ မဟုတ်ကြောင်း၊ တော်လှန်ရေးတွင် တိုက်ပွဲဝင်နေကြသူများသာဖြစ်သည်ဟု စည်းရုံးဟောပြောမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကို ဦးအုန်းနိုင် ကိုယ်တိုင် ဝန်ထမ်းတစ်ဦးအနေဖြင့် သိရှိသော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ သတင်းပို့တင်ပြခြင်းမရှိသည့်အပြင် ကိုယ်တိုင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုက်ပွဲရှောင် ရွာသူ ရွာသားများအတွက် အကြောင်းပြ၍ ဆန်အိတ်များကို အကြိမ်ကြိမ်တောင်းခံခဲ့ပြီး ဖမ်းဆီးခံရချိန်အထိ ဆန်အိတ်ပေါင်း ၇၆ အိတ်ခန့်အား AA အကြမ်းဖက်အဖွဲ့ထံ ခွဲဝေပေးလျက်ရှိကြောင်း သိရသည်။

မသင်္ကာဖွယ်ရာ လူငယ် ၁၄ ဦး အနက်မှ ကျော်ကျော်နိုင်၏ ထွက်ဆိုချက်များအရ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ အလုပ်လုပ်နေစဉ် AA အကြမ်းဖက်အဖွဲ့မှ ဆက်ကြေးတာဝန်ခံ ကျော်ကြီးဆိုသူ၏ စည်းရုံးပြောဆိုမှုများကြောင့် AA အကြမ်းဖက်အဖွဲ့အတွက် ထိုင်းနိုင်ငံတွင် ရောက်ရှိလျက်ရှိသော အလုပ်သမားများထံမှ လူမျိုးရေးအကြောင်းပြကာ ငွေကြေးများကောက်ခံခဲ့ပြီး ကျော်ကြီးထံသို့ လစဉ်ပေးသွင်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ ကွမ်းတုံမြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့စဉ်တွင်လည်း တရုတ်နိုင်ငံရောက် ရခိုင်လူမျိုးများထံမှ AA အကြမ်းဖက်အဖွဲ့အတွက် လိုအပ်သောငွေကြေးများကို WeChat မှတစ်ဆင့် ထပ်မံကောက်ခံပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ညောင်ချောင်းတိုက်ပွဲရှောင်စခန်းတွင်နေထိုင်စဉ် ညောင်ချောင်းကျေးရွာအုပ်စု စာရေး ဦးအုန်းနိုင်နှင့်အတူ ကျောက်တော်မြို့မှ ဆန်အိတ်များ သယ်ဆောင်၍ ပြန်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးမေးမြန်းချက်များအရ မသင်္ကာဖွယ်ရာ လူငယ် ၁၄ ဦးအနက်မှ မောင်မဲတင်၊ မောင်လှဝင်း၊ ဖြူသီး၊ မျိုးကျော်၊ ဦးကျော်လှိုင်၊ စောမင်းဌေး၊ မင်းစိုးမြင့်တို့သည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် AA အကြမ်းဖက်အဖွဲ့၏ အခြေခံတပ်သားသစ်သင်တန်းအား တောတွင်းစခန်းတစ်ခုတွင် တက်ရောက်ခဲ့ကြောင်း၊ ယင်းတောတွင်းစခန်း၌ နေထိုင်လျက်ရှိစဉ် လိုအပ်သောရိက္ခာ သယ်ဆောင်ရန်အတွက် ညောင်ချောင်းကျေးရွာသို့ထွက်ခွာခဲ့ပြီး ညောင်ချောင်းကျေးရွာအုပ်စု စာရေး ဦးအုန်းနိုင်နှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဆန်အိတ် ၁၅၀ အား သယ်ဆောင်၍ ပြန်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

အောင်ဖြိုးသက်(ယာဉ်မောင်း)၊ လင်းလင်းချေ၊ ထွန်းထွန်းနိုင်၊ သန်းဝင်းလှိုင်၊ အောင်ကျော်ဆန်း၊ ကျော်မိုးလှိုင်တို့၏ ထွက်ဆိုချက်များအရ ၎င်းတို့အား ညောင်ချောင်းကျေးရွာအုပ်စု စာရေးဖြစ်သူ ဦးအုန်းနိုင်က ကျောက်တော်မြို့သို့ ဆန်အိတ်များသွားရောက်သယ်ဆောင်ရန် ခြိမ်းခြောက်ပြောဆို၍ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကလည်း ၎င်းကဲ့သို့ ခေါ်ဆောင်မှုများရှိခဲ့ပြီး လိုက်ပါခြင်းမရှိသူများကို ကြိုးဖြင့်တုပ်၍ ချုပ်နှောင်ထားသည်ကို မြင်တွေ့ဖူးသဖြင့် လိုက်ပါလာရခြင်းဖြစ်ကြောင်း၊ ကျောက်တော်မြို့မှ ဆန်အိတ်များ သွားရောက်သယ်ဆောင်စဉ် ဆန်အိတ်များသည် AA အကြမ်းဖက်အဖွဲ့အတွက် တစ်ဝက်၊ တိုက်ပွဲရှောင်များအတွက် တစ်ဝက်ဖြစ်သည်ဟု ပြောဆိုသည်များကို ကြားရကြောင်း သိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရမိ ရိက္ခာဆန်များအား ကျောက်တော်မြို့မရဲစခန်းသို့အပ်နှံ၍ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## သီပေါမြို့နယ်၌ သေနတ်ဒဏ်ရာများဖြင့် လူငါးဦး သေဆုံးလျက်တွေ့ရှိ

**သီပေါ မေ ၉**

သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု ကုံးမုံကျေးရွာအနီး မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးမှ အတွင်းဘက်လေးမိုင်ကျော်ခန့်အကွာ တောတွင်းရှိ ယာယီတဲတစ်တဲတွင် လူငါးဦး သေနတ်ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း သတင်းအရ မေ ၉ ရက် နံနက်ပိုင်းတွင် သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းစိုးထက်ဦး ဦးစီးသောအဖွဲ့တို့က သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာ အမျိုးသားသုံးဦးနှင့် အမျိုးသမီး နှစ်ဦးတို့တွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး သေဆုံးနေသူ အသက် ၄၈ နှစ်ခန့်ရှိ အမျိုးသားအလောင်းအနီးမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြား၊ ပလတ်စတစ်အဖြူရောင်ဘူးအတွင်းမှ ဘိန်းဖြူအမှုန့် အလေးချိန် ၃ ဂရမ်ခန့်၊ တဲအဝင်ပေါက်ခြံစည်းရိုးအနီး၌ ၅.၅၆ ကျည်ခွံ ခုနစ်ခု၊ တဲအတွင်းမှ ၇.၆၂ x ၃၉ ကျည်ခွံ ၁၀ ခုနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် သေဆုံးသူများ၏အလောင်းများကို နယ်စည်းမခြားပရဟိတ (သီပေါ)မှ မော်တော်ယာဉ်ဖြင့် သီပေါမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သီပေါကိုလတ်**

## မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်း ခိုးမှုများ၊ လုယက်မှုများ မဖြစ်ပွားစေရေး သတိပေးနှိုးဆော်

**မိုးညို မေ ၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ခိုးမှုများ၊ လုယက်ခံရမှုများ မဖြစ်ပွားစေရေး ပြည်သူများသတိပြုကြရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်ခန့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော့ဟန်တို့က ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက အသိပေးနှိုးဆော်ခြင်းများကို မေ ၇ ရက် ည ၇ နာရီခွဲက မြို့ပေါ်နှင့် ကျေးရွာများအတွင်းသို့ လှည့်လည်ကြေညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မိုးညိုမြို့နယ်ရှိ ပြည်သူများအနေဖြင့် မိမိ၏ ဆိုင်ကယ်၊ ပိုက်ဆံအိတ်၊ လက်ဝတ်ရတနာများ၊ တန်ဖိုးရှိပစ္စည်းများအား သတိရှိစွာ ထိန်းသိမ်းကြရန်၊ ဆိုင်ကယ်များအား ဆိုင်ကယ်အပ်နှံသည့်နေရာ၌သာ အပ်နှံကြရန်၊ ဘဏ်မှ ငွေထုတ်သောအခါများတွင်လည်း လုယက်ခံရမှုမရှိစေရန် ဂရုပြုကြရန်နှင့် သတိရှိစွာ နေထိုင်သွားလာကြရန် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုမင်း(မိုးညို)**



## တနင်္သာရီမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၉**



စိုးမိုးအောင်၊ မနာလောဘို၊ မောင်ပါအဲ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

တနင်္သာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် နံနက် ၁၁ နာရီခွဲတွင် တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု ပဝ ကျွန်းရှည်ကျေးရွာ၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာရှိ လက်ကျားကြီးချောင်းကမ်းပါးဘေးတွင် ရပ်ထားသော စက်လှေကိုရှာဖွေရာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ ရေထဲခုန်ချ၍ ထွက်ပြေးသွားပြီး စက်လှေပေါ်တွင် မျိုးဦး(ခ)နောင်ပုတ်နှင့်အတူ ဘိန်းစာမှုန့် ၃၀၃ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၈ ရက် ည ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ပြည်လမ်း A-1 မှတ်တိုင်အနီးတွင် စိုးမိုးအောင် မောင်းနှင်ပြီး မောင်ပါအဲနှင့် မနာလောဘိုတို့လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး မနာလောဘိုနှင့် မောင်ပါအဲတို့ ငှားရမ်းနေထိုင်သည့် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဦးမောင်မောင်စိုးလမ်း အိမ်အမှတ်-၁၀၀(A)ရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ စုစုပေါင်း ငွေကျပ်သိန်း ၁၄၄၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၈၀၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၉**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မုံရွာမြို့နယ် အလုံစစ်ပင်ရပ်ကွက် လှည်းတန်းနယ်မြေနေ ဦးဇော်မျိုးထွန်း၏ နေအိမ်ခြံဝင်းအတွင်း စက်မှုဇုန်ထုတ် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် အင်ခွဲသား ၆ ဒသမ ၆၀၈၀ တန်၊ မင်းကင်းမြို့နယ် စနဗျင်းကျေးရွာနှင့် ရှဲကျေးရွာ မြောက်ဘက် သုံးဖာလုံခန့်အကွာ တရားမဝင် အင်သစ် ၈ ဒသမ ၂၇၈၀ တန်၊ သာပေါင်းမြို့နယ် ငှုချောင်းနေရာ ငဝန်မြစ်ကမ်းဘေးနှင့် ရှောက်ချောင်း ချောင်းဘေးနေရာတို့၌ တရားမဝင် တောင်သရက်ခွဲသား ၂၇ ဒသမ ၈၇၃၇ တန်၊ ဒီးမော့ဆိုမြို့နယ် ထီးလသူခိုးကျေးရွာ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာနေရာမှ တရားမဝင် ပိတောက်ခွဲသား ၇ ဒသမ ၄၉၆၄ တန်၊ တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအကွက်အမှတ်(၉၅) အတွင်းနှင့် သုခမြောင်နေရာတို့၌ တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ ထောက်ကြန့် /ရုံး/ဇင်ပြွန်း/ ချဉ်ယုတ်/ မှိုက်/ဆိတ်ချိုး/ ဖန်ခါးသစ် ၁၃ ဒသမ ၁၈၄ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော တရားခံများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သန်လျင်မြို့နယ် ခြောက်ဘီးယာဉ်နှင့် Probox ယာဉ် တို့ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၃ ဒသမ ၃၀၈၄ တန်နှင့်အတူ တရားခံ လေးဦး၊ လှိုင်လင်မြို့နယ် မိုင်းနောင်း-လဲချားသွား ကားလမ်းဘေး မိုင်တိုင်အမှတ်(၄၀)အနီး ခြောက်ဘီးယာဉ်နှင့် လေးဘီးယာဉ်တို့ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၂ ဒသမ ၈၉၃၄ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ သုံးဦး၊ ကနီမြို့၏ အရှေ့မြောက်ဘက် ချင်းတွင်းမြစ်အတွင်း စက်လှေတစ်စင်းပေါ်မှ တရားမဝင် ကျွန်း ခွဲသား ၂ ဒသမ ၆၉၈၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ သုံးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး တရားခံအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ခမောက်ကြီးနယ်မြေ ဆိပ်ဖူးကျေးရွာတွင် လေပြင်းတိုက်၍ အိမ်အမိုးများ ပျက်စီး

**ခမောက်ကြီး မေ ၉။** ။ တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးနယ်မြေအတွင်းရှိ ထိုင်း-မြန်မာနယ်စပ် ဆိပ်ဖူးကျေးရွာတွင် မေ ၈ ရက် ညနေ ၅ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်၍ ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ လေပြင်းကြောင့် လူနေအိမ် ၁၅ လုံးခန့်အမိုးများလန်ပြီး ရွှေစကြာ ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်း ပြိုကျပျက်စီးခဲ့ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **နန့်လေးလေး(ခမောက်ကြီးပြန်/ဆက်)**

# ကိုဗစ် - ၁၉ ဟာ အသက်ရှုလမ်းကြောင်းကနေတစ်ဆင့် ကူးစက်နိုင်တဲ့အတွက် မမေ့မလျော့ပါနဲ့။ သတိအမြဲရှိပါ။ လက်ကိုမကြာခဏဆေးပါ။ ရေနဲ့ဆပ်ပြာကို အသုံးပြုပါ။ လက်သန့်ဆေးသုံးပါ။ အဓိကက သတိထားပါ

## ဒေါ်သန်းမြင့်အောင်

တွေ့ဆုံမေးမြန်း
သီသီမင်း၊ မင်းသစ်(MNA)
ဓာတ်ပုံ–နေလင်း

ကိုဗစ် – ၁၉ သည် ကူးစက်ရောဂါဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အိမ်အပြင်ထွက်ခြင်းမှ ရှောင်ကြဉ်ခြင်း (Stay at Home) သည် လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေသည့် ထိရောက်သော ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရကလည်း ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ စားသောက်ရေးအတွက် အဆင်ပြေစေရန် ဧပြီ ၁၀ ရက်မှစ၍ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ အခြေခံစားသောက်ကုန်များကို အခမဲ့ဖြန့်ဖြူး ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထို့အတူ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပြည်သူများ မိမိတို့နေအိမ်များတွင် ဘေးကင်းလုံခြုံ စိတ်ချစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။



စာရေးဆရာမ
ဒေါ်သန်းမြင့်အောင်



ဦးဝေဖြိုးဟန်
(ရန်ကုန်တိုင်းဒေသကြီး
လွှတ်တော်ကိုယ်စားလှယ်)



ဦးဂျင်မီ
(၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်
ပွင့်လင်းလူ့အဖွဲ့အစည်း)



ဦးဇော်ဇော်အောင်
ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့်
လုံခြုံရေးပရဟိတအဖွဲ့ (ယာယီ)

**စာရေးဆရာမ ဒေါ်သန်းမြင့်အောင်**
**(ဥက္ကဋ္ဌ၊ We Love Yangon)**

ကျွန်မတို့ We Love Yangon က ရန်ကုန်မြို့ကို ချစ်တဲ့ သူတွေ စုပေါင်းပြီး စုဖွဲ့ထားတာပါ။ We Love Yangon အဖွဲ့မှာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကော်မတီ ဆိုတာရှိတယ်။ အခု ကိုဗစ် – ၁၉ ရောဂါကာလကျတော့ ဒီသဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးကော်မတီက အဓိကဆောင် ရွက်တယ်။ အဲဒီဘက်မှာ အကုန်လုံးကဝိုင်းပြီး လုပ်အား ပေးကြပါတယ်။

ကိုဗစ်–၁၉ ရောဂါဖြစ်တဲ့အချိန် လူတွေကလည်း စိုးရိမ်ပြီး ဝယ်ကြတယ်။ ဒီလူတွေရဲ့ စိုးရိမ်စိတ်ကို လျှော့ချပေးတဲ့အနေနဲ့ ကျွန်မတို့က ကုန်ပစ္စည်းတွေ၊ အစားအသောက်တွေ၊ အခြေခံစားကုန်ပစ္စည်းတွေကို We Love Yangon အဖွဲ့ကနေပြီးတော့ အိမ်တိုင်ရာရောက် အခမဲ့ ပို့ဆောင်ပေးရေးစနစ်နဲ့ စေတနာရှင် လုပ်အားပေးတွေကနေ လုပ်ဆောင်ပေးနေတာဖြစ်တဲ့အတွက် အခြေခံစားကုန် ပြတ်လပ်မှု မရှိတော့ဘူးပေါ့။ မြို့နယ်တိုင်းမှာ We Love အဖွဲ့တွေ ရှိပါတယ်။ အဲဒီအဖွဲ့တွေကလည်း ဆောင်ရွက်ပေး နေပါတယ်။

အိမ်တစ်အိမ်မှာ မရှိမဖြစ်က ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် အဲဒါပဲလေ။ အဲဒါတွေကို မူလဈေးနှုန်းထက် သက်သာတဲ့ဈေးနဲ့ ဝယ်ရင်းအတိုင်း ကျွန်မတို့က ဖြန့်ပေး တာဖြစ်တဲ့အတွက်ကြောင့် အနိမ့်ဆုံး ၁၀ ရာခိုင်နှုန်းလောက် သက်သာတယ်။

တစ်နေ့လုပ် တစ်နေ့စားတွေကျတော့ နေ့တိုင်းလည်း မှာမစားနိုင်ဘူး။ တချို့ဆို ဝင်ငွေမရှိတာမျိုးတွေရှိမယ်။ တချို့ဆို ကျန်းမာရေး မကောင်းတာရှိမယ်။ သက်ကြီး ရွယ်အိုတွေရှိမယ်။ အဲဒီလို လူမျိုးတွေအတွက်ကိုလည်း ပြည်သူလူထုက လှူဒါန်းပေးတာရှိပါတယ်။ အဲဒါတွေကို လည်း ကျွန်မတို့အဖွဲ့က အိမ်တိုင်ရာရောက် ပို့ဆောင် ပေးတာရှိပါတယ်။ ကိုဗစ်ထိန်းချုပ်ရေးမှာ မိမိအိမ်ထဲမှာ မိမိနေခြင်းအားဖြင့် တရားထိုင်နိုင်တယ်၊ စာဖတ်နိုင်တယ်၊ မိသားစုအချင်းချင်း နွေးနွေးထွေးထွေးနေနိုင်တယ်၊ ကျန်တဲ့ အချိန်တွေမှာ မိသားစုချင်း ပြန်ဆုံဖို့ဆိုတာ အချိန်ရှားပါး တယ်။ ဒီကာလလေးဟာ အကောင်းဘက်က ပြန်တွေးရင် ကူညီတဲ့သူတွေကလည်း ကူညီတယ်၊ ကိုယ်စားချင်တာလေး ကို အိမ်တိုင်ရာရောက် ပို့ပေးတယ်၊ အခုဆို ကျွန်မတို့ဆီကို လာရောက်ပူးပေါင်းကြပြီ။ မွေးမြူရေးအသင်းချုပ် ဆို လာရောက်ပူးပေါင်းတယ်၊ လိုချင်ရင်၊ လှမ်းမှာရင် ဝယ်ပေး လို့ရအောင် ကျွန်မတို့ ပြင်ဆင်ထားပြီ။

ရောဂါကာကွယ်ဖို့၊ ရောဂါထိန်းချုပ်ဖို့ဆိုတာ လူတွေက ကိုယ့်အိမ်ထဲ ကိုယ်နေမှ၊ အပြင်ကို အသွား အလာနည်းမှ ဖြစ်မှာ။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး We Love ရဲ့ အဖွဲ့ခွဲတစ်ခုကနေပြီးတော့ ကပ်ရောဂါ ကာကွယ်ရေးကို လုပ်နေတယ်၊ ကပ်ရောဂါကာကွယ်ရေး ဆိုတာ လူတွေ တစ်ယောက်နဲ့တစ်ယောက် မနီးစပ်မှရမှာ။ မိမိတို့ မိသားစုဟာ မိမိတို့အိမ်မှာပဲ အရေးမကြီးရင်၊ အကြောင်းမရှိရင် အပြင်မထွက်တာ အကောင်းဆုံးပါ။

ပရဟိတအဖွဲ့တွေ၊ အနုပညာရှင်တွေ၊ တာဝန်ရှိတဲ့သူ တွေ၊ တာဝန်သိတဲ့ သူတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နောက် လွှတ်တော်ကိုယ်စားလှယ်တွေ၊ စည်ပင်သာယာ ကော်မတီတွေ၊ မြို့နယ်အသီးသီးမှာရှိတဲ့ ကော်မတီတွေ၊ မြို့နယ်အသီးသီးမှာရှိတဲ့ ပရဟိတအဖွဲ့တွေ အဲဒီအဖွဲ့တွေက လည်း ပြည်သူတွေကို အိမ်ထဲမှာနေကြဖို့အတွက် စုပေါင်းပြီး ဆောင်ရွက်နေကြပါတယ်။

အများအကျိုးဆောင်တဲ့သူ၊ ပြီးတော့ မိမိ မိသားစု ကိစ္စဆိုရင်လည်း သာရေးနာရေးနဲ့ ဘယ်လိုမှ မထွက်လို့ မဖြစ်လောက်တဲ့ လူတွေလောက်ပဲ လမ်းပေါ်မှာ နေကြတာ။ ကျန်တဲ့သူတွေကလည်း အိမ်ထဲမှာ နေပေးခြင်းအားဖြင့်၊ လမ်းပေါ်မှာ သွားနေတဲ့သူတွေကလည်း မိမိကိုယ်မိမိ ဂရုစိုက်ခြင်းအား ဖြင့် ကာလတစ်ခုလောက် ကန့်သတ်လိုက်ပြီး အနေ ဝေးမယ်ဆိုရင် ကိုဗစ်–၁၉ ရောဂါကို ကာကွယ်တဲ့နေရာမှာ ပိုထိရောက်သွားမယ်လို့ထင်ပါတယ်။

ဝယ်ခြမ်းစားနိုင်တဲ့သူတွေဆိုရင် အေးအေးဆေးဆေး လေး အပြင်မထွက်ဘဲ မှာတယ်ဆိုရင် စေတနာလုပ်အားရှင် တွေဘက်က အတိုင်းအတာတစ်ခုအထိ ကူညီပေးလိမ့်မယ်။ မနက်ဖြန်စားဖို့ ဒီနေ့ရှာရတဲ့သူတွေအတွက်လည်း ကျွန်မတို့ က မရှိမဖြစ် စားသောက်စရာတွေ ပို့ပေးလိုက်မယ်။ ဒါက ကိုဗစ်ရောဂါကာကွယ်ရေးအတွက် လူချင်း ခွာပေးလိုက်တာပါ။

အဓိက အရေးကြီးတာက ပြည်သူတစ်ဦးချင်းကနေ ကိုယ်ပိုင်အသိစိတ်နဲ့ လိုက်နာကြဖို့ပဲ လိုပါတယ်။ လိုက်လည်း လိုက်နာကြပါတယ်။ တချို့ သတိလက်လွတ် ဖြစ်မှာစိုးတာပါ။ အစိုးရကထုတ်ပြန်တဲ့ အခုဆို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြည်သူနဲ့ ထိတွေ့နေပြီ။ ကျန်းမာရေးဌာနကလည်း အချိန်နဲ့တစ်ပြေးညီ သတင်းတွေ ထုတ်ပြန်တယ်။ အဲဒါတွေကလည်း အိမ်ထဲမှာနေဖို့လိုပါတယ်။ အိမ်ထဲမှာ မနေနိုင်တဲ့သူတွေ၊ ထွက်ပြီးရှာဖွေရမယ့်သူတွေအတွက် နိုင်ငံတော်ကလည်း ဆောင်ရွက်ပေးနေပါတယ်။ မေတ္တာရပ်ခံချင်တာက ကာလတစ်ခုအထိ Stay at Home နေပေးဖို့ လိုပါတယ်။ အဲဒီလို နေပေးခြင်းအားဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကနေ ကာကွယ်ရာရောက်ပါတယ်။ သတ်မှတ်ထားတဲ့ ရုံးပိတ်ရက်တွေမှာ အပြင်မထွက်လို့ရရင် မထွက်လေကောင်းလေလို့ ပြောချင်ပါတယ်။

ကျန်းမာရေးနဲ့ ပတ်သက်လို့ တစ်စုံတစ်ရာ ဖြစ်လာရင် ကျန်းမာရေးဌာနကို ဆက်သွယ်ပါ။ ဒီအချိန်မှာ ရပ်ကွက် ပြည်သူလူထု ပူးပေါင်းမှုကလည်း အရေးကြီးပါတယ်။ အိမ်ခန်း ကျဉ်းကျဉ်းလေးမှာနေရတဲ့မိသားစုတွေ၊အဆောင်မှာနေကြတဲ့ အလုပ်သမားတွေအတွက်လည်း ကျွန်မတို့မဖြစ်မနေ ဆောင်ရွက်ပေးရမယ့်ကိစ္စက အလုပ်ပိတ်ရက်ကာလ၊ သတ်မှတ်ရက်ကာလမှာ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အိမ်ရှိ လူကုန်သန့်ရှင်းရေးနဲ့ စားနပ်ရိက္ခာလုံလောက်အောင် ဆောင်ရွက်ပေးပြီး အပြင် လူတွေနဲ့ ထိတွေ့မှု တတ်နိုင်သလောက်မရှိအောင် ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းပြီး သတိပေးစောင့်ရှောက်ကြစေလိုပါတယ်။

ကိုဗစ် – ၁၉ ရောဂါဟာ အသက်ရှုလမ်းကြောင်းကနေ တစ်ဆင့် ကူးစက်နိုင်တဲ့အတွက် မမေ့မလျော့ပါနဲ့။ သတိအမြဲရှိပါ။ လက်ကိုမကြာခဏဆေးပါ။ ရေနဲ့ ဆပ်ပြာကို အသုံးပြုပါ။ လက်သန့်ဆေးသုံးပါ။ အဓိကက သတိထားပါ။ တာဝန်ရှိတဲ့သူတွေ၊ တာဝန်သိတဲ့သူတွေ ပြောစကားတွေကိုလည်း အလေးထားလိုက်နာပေးပါ။ ဒီရောဂါဟာ အမျိုးသား ကျန်းမာရေးကာကွယ်မှုအဆင့် ဖြစ်နေပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့သူအားလုံးနဲ့ ဆိုင်ပါတယ်။ နယ်စပ်ဒေသကလူတွေလည်း အထူးဂရုစိုက်ပါ။ အားလုံး ပူးပေါင်းပါဝင်ကြမှဖြစ်မယ်။ တစ်ဦးရဲ့ စေတနာကို တစ်ဦးက လေးစားပေးပါ။ တစ်ဦးအပေါ်တစ်ဦး မေတ္တာထားပါ။ မိမိကိုယ်မိမိ လုံခြုံဖို့၊ တစ်ပါးသူ လုံခြုံဖို့ စောင့်ရှောက်တာ ဖြစ်တဲ့အတွက် အင်မတန် ကုသိုလ်ကြီးပါတယ်။

**ဦးဝေဖြိုးဟန်**
**(ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)**

အင်းစိန်မြို့နယ်မှာတော့ စောင့်ကြည့်ရေးစင်တာက ရွှေတောင်ကုန်းဟိုတယ်မှာ ရှိပါတယ်။ အဲဒီမှာတော့ လူဦးရေ ၅၀ လောက်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်ကနေ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးထားတယ်။ ရွှေတောင်ကုန်းဟိုတယ် စောင့်ကြည့်ရေးစင်တာမှာတော့ လေကြောင်းလိုင်းနဲ့ ပြန်လာကြတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီး တခြားမြို့တွေကသူတွေလည်းပါတယ်။ အင်းစိန်မြို့နယ် အတွက် အင်းစိန်မြို့နယ်သူ မြို့နယ်သားတွေအတွက် သီးသန့်ထားတာက အင်းစိန်ဂျီတီအိုင် စောင့်ကြည့်ရေး စင်တာလုပ်ထားတယ်။ အဲဒီမှာ အမျိုးသား ၄၉ ဦးနဲ့ အမျိုးသမီး ၁၄ ဦး ရှိပါတယ်။ အင်းစိန်မြို့နယ် ရပ်ကွက်ထဲမှာရှိနေတဲ့ ပြည်သူတွေအတွက် သာမန် နှာချေ၊ ချောင်းဆိုး၊ ဖျားနာလို့ရှိရင် ကုသနိုင်ဖို့အတွက် အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံက သမားတော်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး အင်းစိန်မြို့နယ်ခန်းမမှာ ကျန်းမာရေးစစ်ဆေးမှုဌာနကိုလည်း ဧပြီလ ၂ ရက်နေ့ကစပြီး ဖွင့်လှစ်ထားပါတယ်။ မည်သူမဆို အခမဲ့လာရောက် စစ်ဆေးပေးပါတယ်။ တနင်္ဂနွေနေ့ တစ်ရက် ပိတ်ပါတယ်။

အင်းစိန်မြို့နယ်မှာ ပိုးရှိသူ နှစ်ယောက်တွေ့ခဲ့တဲ့အတွက် နေအိမ်တွေမှာ Home Quarantine ၁၁ ယောက်ရှိတယ်။ အဲဒီ မိသားစုဝင်တွေနေတဲ့အိမ်ကို နေအိမ်တွေမှာ Home Quarantine လုပ်ထားပြီး အဲဒီလမ်းကိုလည်း လူအသွားအလာ ကန့်သတ်ပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းက စောင့်ကြပ်ကြည့်ရှုတဲ့ လုပ်ငန်းစဉ် လုပ်ခဲ့ပါတယ်။ လူနာ(၃) နေခဲ့တဲ့လမ်းကတော့ မနေ့က ၁၄ ရက်ပြည့်သွားလို့ ပြန်ဖွင့်ပေးခဲ့ပါပြီ။ မိသားစုဝင်တွေလည်း ပုံမှန်အတိုင်း နေထိုင်လို့ရပါပြီ။ လူနာ (၆) ရဲ့ မိသားစုဝင်တွေကတော့ မနက်ဖြန်ဆို ၁၄ ရက်ပြည့်ပါတော့မယ်။ ၁၄ ရက်ပြည့်သွားရင်တော့ လမ်းကတော့ ပုံမှန်အတိုင်း ပြန်လည်ပတ်မှာပါ။ ဒါပေမယ့် တိုင်းဒေသကြီးအစိုးရက ထုတ်ပြန်ထားတဲ့ သင်္ကြန်ကာလ ရုံးပိတ်ရက်တွေမှာတော့ အားလုံးအိမ်ထဲနေဖို့ အစီအစဉ်ကိုတော့ စည်းကမ်းလိုက်နာပေးဖို့လိုပါတယ်။ လူနာနှစ်ယောက်စလုံးက ကျန်းမာရေးအခြေအနေ ကောင်းမွန်တယ်။ မိသားစုဝင်တွေရဲ့ ကျန်းမာရေး အခြေအနေလည်း ကောင်းမွန်ပါတယ်။ ဂျီတီအိုင် စောင့်ကြည့်စင်တာမှာထားတဲ့သူတွေလည်း ကျန်းမာရေးကောင်းမွန်ပါတယ်။

သင်္ကြန်ရုံးပိတ်ရက်ကာလတွေမှာ ပြည်သူတွေအနေနဲ့ မိမိအိမ်မှာပဲနေထိုင်ကြဖို့ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့အစည်းတွေကတော့ လော်စပီကာနဲ့ လိုက်ဆော်ဩတာ တွေ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေဘက်ကလည်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့ စေတနာရှင် လုပ်အားပေးလူငယ်အဖွဲ့တွေက ရပ်ကွက်အနှံ့ ကားနဲ့ လိုက်ပြီး Home Quarantine နေတဲ့သူတွေလည်း ၁၄ ရက်ပြည့်အောင်နေပေးကြဖို့ သင်္ကြန်ရုံးပိတ်ရက်ကာလတွေ မှာလည်း မိမိတို့နေအိမ်ထဲမှာ နေထိုင်ပေးဖို့၊ နှာချေ၊ ချောင်းဆိုးရှိရင်လည်း အင်းစိန်မြို့နယ် ခန်းမမှာဖွင့်ထားတဲ့ ကျန်းမာရေးစစ်ဆေးမှုဌာနကိုလာပြဖို့ ဆော်ဩတာတွေ လည်း ရှိပါတယ်။

နောက်တစ်ခုက ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဖို့က တစ်ဦးချင်း တစ်ယောက်ချင်းမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အိမ်ပြင်ထွက်ရင် ဖမ်းမယ်ဆိုတဲ့ ပုံစံမျိုးလုပ်လို့မရဘူး။ ဘယ်သူမှ မထွက်ဘဲနေရမယ်ဆိုတဲ့ ပုံစံမျိုးလည်း မဟုတ်ဘူး။ တခြားစားသောက်စရာ ဝယ်ဖို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးကြောင့် ဆေးဝယ်ဖို့ပဲဖြစ်ဖြစ် အရေးတကြီးကိစ္စရှိရင်တော့ သွားတာလာတာ လက်ခံရမှာပါ။ အထူးသဖြင့် စောင့်ကြပ်ကြီးကြပ်တာ လုပ်ရမှာက တော့ သင်္ကြန်ကာလဖြစ်တဲ့အတွက်ကြောင့် လမ်းတွေပေါ် တချို့ကလေးငယ်တွေ ရေပက်ကစားတာမျိုးကို အတတ်နိုင်ဆုံး မိသားစုဝင်တွေ၊ တာဝန်ရှိသူတွေက ကြပ်မတ်မှု လုပ်ဖို့တော့ လိုအပ်တာပေါ့။ လူကြီးတွေက နားလည်ပေမယ့် ကလေးတွေက သင်္ကြန်တွင်း ရေကစားရမှာပဲဆိုတဲ့ အတွေးကို ကျွန်တော်တို့အားလုံး နားဝင်အောင် ထပ်ကာထပ်ကာ ပြောပြဖို့လိုပါတယ်။

သင်္ကြန်ကာလကို ကျော်ဖြတ်ဖို့ အင်းစိန်မြို့နယ် အနေနဲ့ကတော့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတွေ လည်း ရှိပါတယ်။ နိုင်ငံတော်က ဆန်၊ ဆီဝေမယ့်ကိစ္စတွေကို လည်း ကျွန်တော်တို့ဘက်က စေတနာရှင်လုပ်အားပေးတွေ နဲ့ ပူးပေါင်းပြီးတော့လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ရပ်ကွက် တွေထဲမှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား ပြည်သူတွေ အတွက် စာရင်းကောက်ယူမှုတွေလည်း လုပ်နေပါပြီ။ နောက်ပြီး We Love Yangon နဲ့ We Love Insein တို့နဲ့ချိတ်ဆက်ပြီး တော့ ပစ္စည်းမှာတဲ့သူတွေကို အိမ်တိုင်ရာရောက် အခမဲ့ ပို့ဆောင်ပေးမယ့်အစီအစဉ်တွေကိုလည်း စတင်ဆောင်ရွက် နေပြီဖြစ်ပါတယ်။

**စာမျက်နှာ ၁၇သို့** ❖

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ကမ္ဘောဇဘဏ်က ကယားပြည်နယ်အစိုးရအဖွဲ့သို့ ဆေးရုံသုံးအထောက်အကူပြုပစ္စည်းများနှင့် ဆန်အိတ် ၁၀၀၀ လှူဒါန်း

**လွိုင်ကော် မေ ၉**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကမ္ဘောဇဘဏ်က ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ နေ့စဉ်လှူဒါန်းလျက်ရှိရာ ကယားပြည်နယ်အတွက် ငွေကျပ်သိန်း ၉၀၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့် ဆန်အိတ် ၁၀၀၀ ကို မေ ၉ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဇဘဏ်က လှူဒါန်းသော ဆန်အိတ် ၁၀၀၀ ကို ကယားပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ကိုဗစ်– ၁၉ ကာကွယ်ကုသရေးပစ္စည်းများဖြစ်သည့် CE standard PPE ဝတ်စုံများ၊ N95 Maskများ၊ ဆေးရုံသုံး လက်အိတ်များ၊ မျက်မှန်များ၊ သာမိုမီတာများ၊ Hand Gel ဘူးများနှင့် လက်သန့်ဆေးရည်များကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးကလည်းကောင်း၊ အသက်ရှူစက်၊ Patient Monitor များ၊ အောက်ဆီဂျင်စက်များကို ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘောဇဘဏ်အနေဖြင့် ကယားပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ်က ကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် မြေပြိုမှုများကြောင့် သဘာဝဘေးသင့်ခဲ့သည့် မော်ချီးဒေသခံတိုင်းရင်းသားများ နေထိုင်ရန် ကျပ်သိန်း ၂၅၀၀ ကျော် အကုန်အကျခံ၍ အနာဂတ်အလင်းတန်းကျေးရွာကို ပြန်လည်တည်ထောင်ပေးခဲ့ပြီး ကျေးရွာအင်္ဂါရပ်နှင့် ကိုက်ညီသည့် စာသင်ကျောင်း၊ စာကြည့်တိုက်၊ ရေတွင်း ရေကန်၊ လျှပ်စစ်မီး၊ လမ်း စသည်တို့ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ရေရှားပါးမှုမရှိစေရေးအတွက် ကျပ် ၂၁၃ သိန်း အကုန်အကျခံကာ လွိုင်ကော်ပြည်သူ့ဆေးရုံတွင် စက်ရေတွင်း နှစ်တွင်း၊ ပညာရေးကောလိပ်တွင် တစ်တွင်း တူးဖော်ပေးခဲ့ပြီး ယခုအခါ ကယားပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ စိန်ခေါ်မှုကို ကာကွယ်တိုက်ဖျက်နိုင်ရန် ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ၊ စားနပ်ရိက္ခာအတွက် ဆန်အိတ်များ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၉၀၀ ကျော်လှူဒါန်းခြင်းအတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ပြီး ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ကမ္ဘောဇဘဏ်သည် မေ ၉ ရက်တွင် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ရွာ တိုက်နယ်ဆေးရုံ၊ လွိုင်ကော်မြို့နယ် လွိုင်လင်လေးတိုက်နယ်ဆေးရုံ၊ ဖယ်ခုံမြို့ပြည်သူ့ဆေးရုံ၊ တီကျစ်မြို့ ပြည်သူ့ဆေးရုံနှင့် မိုးဗြဲမြို့ရှိ မိုးဗြဲတိုက်နယ်ဆေးရုံသို့ ကာကွယ်ကုသရေးအထောက်အကူပြု CE standard PPE ဝတ်စုံများ၊ N95 Mask များ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ သာမိုမီတာများ၊ Hand Gel ဘူးများနှင့် လက်သန့်ဆေးရည်များ လှူဒါန်းပေးအပ်ခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်းရှိ ပင်းတယပြည်သူ့ဆေးရုံ၊ ရွာငံပြည်သူ့ဆေးရုံ၊ မြိုင်တိုက်နယ်ဆေးရုံနှင့် ပွေးလှတိုက်နယ်ဆေးရုံများတွင် ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ယနေ့တွင် လှူဒါန်းပေးအပ်ခဲ့သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၁၉၆၂၄ သိန်း လှူဒါန်းထားပြီး ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားသည်။ **ကိုဇော်**



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားစဉ်။

## ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းအတွက် ဩစတြေးလျနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ ပံ့ပိုးကူညီမည်

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းအတွက် ဩစတြေးလျနိုင်ငံမှ ဩစတြေးလျဒေါ်လာ ၅၀၀၀၀၀ သို့မဟုတ် မြန်မာကျပ်ငွေ သန်း၄၀၀ နှင့် ညီမျှသည့် Personal Protective Equipment (PPE) ဝတ်စုံများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးကူညီမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံး၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံသို့ ပေးအပ်မည့် အထောက်အကူပြုပစ္စည်းများမှာ Surgical Masks ၃၈၀၀၀၀ ၊ PPE(500 full, 2000 Partial) အစုံ ၂၅၀၀၊ Examination Gloves ၂၀၀၀၀၊ Patient Monitors ၅ ခု၊ ICU Beds ၅ ခု၊ Suction Machines ၁၀ ခု၊ Syringe Pumps ၁၀ ခု၊ Oxygen Flow Meters ၁၀ ခု၊ Defibrillators ၅ ခု၊ Autoclaves ၉ ခု၊ Tracheostomy Sets ၉ စုံနှင့် Head Pendants (4 Oxygen Outlet, 2 Air Outlet, 2 Vacuum Outlet) ၁၀ စုံတို့ ဖြစ်သည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို ဝယ်ယူရန်နှင့် အလိုအပ်ဆုံးသောနေရာများသို့ ပေးပို့ရန်အတွက် ဩစတြေးလျနိုင်ငံအနေဖြင့် Myanmar Health and Development Consortium (MHDC)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဗဟိုဆေးသိုလှောင်ရေးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထက်လျှံ**

■

❖စာမျက်နှာ ၁၆ မှ

**ဦးဂျင်မီ**

**(၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)**

ဒီဖြစ်စဉ်က ကမ္ဘာ့သမိုင်းမှာ မကြုံဖူးတဲ့ ဖြစ်စဉ်မျိုးဖြစ်တယ်။ ဒီရောဂါအန္တရာယ်က မမြင်ရတဲ့ အန္တရာယ်ဖြစ်တယ်။ ဒီအန္တရာယ်ကို လက်ဆင့်ကမ်းပြီးတော့ သယ်ဆောင်တဲ့ (ကယ်ရီယာ)က လူဖြစ်နေတဲ့အတွက် ထိတွေ့မှုတွေကို ဖြတ်ထားနိုင်ရင် ဒီရောဂါကို ထိန်းချုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်အရ အိမ်မှာပဲနေပါ။ Stay at Home ဆိုတာကို တိုက်တွန်းနေတာဖြစ်ပါတယ်။ ဒါကလည်း လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဘက်ကလည်း ပြည်သူတွေရဲ့ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပြီး ရောဂါကို ကာကွယ်ထိန်းချုပ်ဖို့ ကြိုးစားနေချိန်မှာ ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ဖို့ အရေးကြီးပါတယ်။

အစိုးရအနေနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်ပြီးလုပ်တဲ့အခါ လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေတာဟာ သိပ်ကောင်းပါတယ်။ ဒါက လူသားအားလုံးအရေး ဖြစ်ပါတယ်။ ဒီအချိန်မှာ မြန်မာမှာ ရော ကမ္ဘာမှာပါ လူသားတွေအတွက် အရေးအကြီးဆုံး အခွင့်အရေး သုံးခုပဲ ရှိပါတယ်။ ပထမတစ်ခုအနေနဲ့ ကျန်းမာရေး၊ ဒုတိယက အသက်အန္တရာယ် လုံခြုံရေး၊ တတိယက စားဝတ်နေရေး ဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ကို မျက်ခြည်ဖြတ်ဖို့အတွက် ဧပြီလကုန်အထိ ချမှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်း ဆက်နေနိုင်မယ်ဆိုရင် ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်မယ်လို့ နိုင်ငံတော်ကလည်း ယုံကြည်တယ်။ ပညာရှင်တွေကလည်း ယုံကြည်တယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ယုံကြည်တယ်။ Please Stay at Home အိမ်မှာနေရင်း လက်ဆေးခြင်းဖြင့် အသက်တွေကို ကယ်တင်ပါလို့ ပြောချင်ပါတယ်။

**ဦးဇော်ဇော်အောင်**

**အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက် ကိုဗစ် – ၁၉ကပ်ရောဂါ ကာကွယ်ရေးနှင့်လုံခြုံရေး ပရဟိတအဖွဲ့ (ယာယီ)**

ကျွန်တော်တို့ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်မှာ ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးနဲ့ လုံခြုံရေး ပရဟိတအဖွဲ့ (ယာယီ) လုပ်ကြပါတယ်။ တစ်ရပ်ကွက်လုံးမှာတော့ သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အိမ်မှာသာ နေပါဆိုတဲ့ ဗီနိုင်းလေးတွေ ကပ်ပေးထားတယ်။ ဗီနိုင်းတွေမှာလည်း နေအိမ်မှာနေစဉ်အတွင်း တစ်ကိုယ်ရေသန့်ရှင်းရေးကို ဘယ်လို ဆောင်ရွက်ရမယ်၊ ကျန်းမာရေးဌာနက ထုတ်ပြန်ထားတဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကိုလည်း ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာတွေကို ရပ်ကွက်အတွင်း သိသာမြင်သာရှိတဲ့နေရာတွေမှာ ကပ်ထားပေးပါတယ်။

ကားနဲ့လည်း ဆော်ဩပေးပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ အဓိကက ဒီရက်ပိုင်းတွေမှာ အိမ်မှာနေပေးဖို့ တတ်နိုင်သလောက် ဆော်ဩပေးနေပါတယ်။ ရောဂါကာကွယ်ထိန်းချုပ်နိုင်ဖို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြဖို့ လိုက်ဆော်ဩတာတွေရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာက ဖွံ့ဖြိုးဆဲနိုင်ငံဆိုတော့ စားဝတ်နေရေး ဖြေရှင်းဖို့အတွက် အလုပ်တွေလုပ်နေရတာ တွေ့ရတယ်။ ဒီမှာလည်း ကပ်ရောဂါနဲ့ပတ်သက်ပြီး ကူးစက်ခံရတာတွေ ဖြစ်နေတော့၊ နိုင်ငံတကာသတင်းတွေမှာလည်း အချိန်နဲ့တစ်ပြေးညီ ကြေညာနေတော့ တချို့ကလည်း သတိထားမိတယ်။ တချို့ကလည်း သတိမထားမိတဲ့သူတွေရှိတယ်။ နေထိုင်သွားလာတာတွေက ပုံမှန်လေးတွေ ရှိနေတယ်။ ဆင်ခြင်တဲ့သူတွေကလည်း ဆင်ခြင်ကြပါတယ်။ ဒီထက်ပိုပြီး ဆင်ခြင်နိုင်ကာမှ တော်ကာကျမယ်။

ကျန်းမာရေးဌာနတွေက အသိပညာပေးတာတွေကိုလည်း တတ်နိုင်သလောက် ဆောင်ရွက်ရမယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်အိတ်ထဲကစိုက်ပြီး တတ်နိုင်သလောက် ကျန်းမာရေးအတွက် လိုအပ်တဲ့ပစ္စည်းလေးတွေ ဝယ်တယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ပူးပေါင်းပြီး လမ်းတိုင်းကို ပိုးသတ်ဆေးတွေ နှစ်ကြိမ်ဖျန်းတယ်။ ကျွန်တော်တို့ နိုင်ငံက ဒီရောဂါကာကွယ်ထိန်းချုပ်ရေးမှာ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေရဲ့ပူးပေါင်းဆောင်ရွက်မှုက အားရစရာကောင်းပါတယ်။ တော်တော်များများလည်း လေးစားလိုက်နာကြပါတယ်။

ကျွန်တော်တို့အနေနဲ့လည်း ဒီလိုအချိန်မှ ကိုယ်ကျိုးစွန့်မလုပ်ရင် ဘယ်အချိန်မှာ ကိုယ်ကျိုးစွန့်လုပ်မလဲ။ ဒါက ကမ္ဘာ့ကပ်ရောဂါလေ။ ဒီလိုတတ်နိုင်သမျှ ကာကွယ်၊ ထိန်းချုပ်တာကို ကျန်းမာရေးဌာနက ညွှန်ကြားချက်တွေနဲ့အညီလုပ်တာဟာ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်ရပ်ကွက်ထဲမှာ အိမ်ခြေဘယ်လောက်ရှိတယ်။ ဘယ်အိမ် ချို့တဲ့တယ်ဆိုတာ သိတယ်။ အဲဒါလေး စာရင်းပြုစုထားပြီး ကျွန်တော်တို့တွေစုပြီး ဆန်၊ ဆီ စတဲ့ စားနပ်ရိက္ခာတွေ ဝယ်ပြီးစုထားတယ်။ လိုအပ်လာရင် ချို့တဲ့သူတွေကို ထောက်ပံ့ပေးသွားမယ်။ ။

# နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၆၂၀ ရှိ

**တွေ့ဆုံမေးမြန်း- ရွှေရွှေမြင့်၊ သီတာအေး**
**ဓာတ်ပုံ- ဇော်ဖြိုးအောင်၊ ဇော်မင်းလွင်(ပြန်/ဆက်)**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပြီး ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကန့်သတ်စောင့်ကြည့်နေရာများတွင် ထားရှိ၍ ၁၄ ရက်စောင့်ကြပ်ကြည့်ရှုကာ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများ၊ တာဝန်ထမ်းဆောင်နေသူများနှင့် ရပ်မိရပ်ဖဒေသခံတို့အား မေ ၈ ရက်က နေပြည်တော် စည်ပင်ဧည့်ရိပ်သာ( Facility Quarantine )တွင် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်။



ဒေါက်တာအေးအေးမာ



ဦးမောင်မောင်ဆွေ



ဦးမျိုးနေဇော်



ဒေါ်ဖြူဖြူမြင့်



ဦးစိန်သောင်း

**ဒေါက်တာအေးအေးမာ**
**နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး(ပြည်သူ့ကျန်းမာ)**

နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ ပတ်သက်ပြီး Quarantine နဲ့ Facility Quarantine များကို ပြည်ပက ပြန်လာတဲ့သူတွေကို ၂၅-၃-၂၀၂၀ ရက်မှာစပြီး ဆောင်ရွက်ပါတယ်။ အဲဒီနေ့ ရောက်ရှိလာတဲ့ ပြည်သူတွေကို ဆေးရုံသုံးရုံဖြစ်တဲ့ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိနဲ့ ဇေယျာသီရိ ပြည်သူ့ဆေးရုံတို့မှာ Facility Quarantine ဆောင်ရွက်ပါတယ်။ နောက် ဟိုတယ်လုပ်ငန်းရှင်များ အသင်းနဲ့ ချိတ်ဆက်ပြီး နေပြည်တော်မှာရှိတဲ့ နယူးရောဟိုတယ်မှာ Facility Quarantine တစ်ခု ထားပါတယ်။ ၂၅-၃-၂၀၂၀ မှ ၂၇-၃-၂၀၂၀ ရက်နေ့အထိ စုစုပေါင်း ဆေးရုံသုံးရုံနဲ့ ဟိုတယ်တစ်ခုမှာ Quarantine ဆောင်ရွက်ထားတဲ့သူပေါင်း ၁၈၃ ဦး ရှိပါတယ်။ ဆေးရုံမှာ လူများလာတော့ နေပြည်တော်ကောင်စီဥက္ကဋ္ဌရဲ့ ပံ့ပိုးကူညီမှု၊ လမ်းညွှန်မှုနဲ့ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၁)မှာ Facility Quarantine ကို ၂၇-၃-၂၀၂၀ ရက်နေ့ ညနေကစပြီး ဆောင်ရွက်ပါတယ်။ ၄-၄-၂၀၂၀ ရက်နေ့အထိ စည်ပင်ဧည့်ရိပ်သာ(၁)မှာ Facility Quarantine ထားတဲ့သူပေါင်း ၆၂၀ ရှိပါတယ်။ ၅-၄-၂၀၂၀ ရက်နေ့ကစပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးရဲ့ ပံ့ပိုးကူညီမှုနဲ့ ရွာတော်မှာရှိတဲ့ တည်းခိုရိပ်သာ(၃)ကို Facility Quarantine စတင်ဆောင်ရွက်ပါတယ်။ ၅-၄-၂၀၂၀ မှ ၈-၄-၂၀၂၀ ရက်နေ့အထိ ရွာတော် တည်းခိုရိပ်သာမှာ Facility Quarantine ထားသူပေါင်း ၂၅၂ ဦး ဆောင်ရွက်ထားပါတယ်။

ကျန်းမာရေး ဦးစီးဌာနအနေနဲ့လည်း ရွာတော်မှာထားတဲ့ Facility Quarantine ကို အမျိုးသား၊ အမျိုးသမီး သီးသန့်ခွဲထားပြီး နေ့စဉ် ကျန်းမာရေးဌာနမှ ဝန်ထမ်းတွေက မနက်(၁)ကြိမ်၊ ညနေ(၁)ကြိမ် ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးပြီး အခြား Complain ရှိ၊ မရှိ မေးပါတယ်။ နိုင်ငံရပ်ခြားက ပြန်လာသူတွေ Facility Quarantine ကို ရောက်လာတဲ့အခါ သူတို့ရဲ့ အခြေအနေ History ကို မေးမြန်းပြီး ကျန်းမာရေးအခြေအနေ စစ်ဆေးပြီးတဲ့အခါ သူတို့နေထိုင်ရမယ့် အိပ်ဆောင်ကို ပို့ပေးပါတယ်။ အိပ်ဆောင်မှာလည်း Facility Quarantine မှာ လိုက်နာရမယ့် စည်းကမ်းတွေကို ကပ်ထားပေးပြီး၊ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ရှင်းပြပါတယ်။ နောက် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းနဲ့ မောပန်းခြင်းတွေဖြစ်ခဲ့ရင်၊ အခြားတစ်စုံတစ်ရာ ဖြစ်တယ်ဆိုရင် ကော်မတီရုံးခန်း၊ သက်ဆိုင်ရာနဲ့ ကျန်းမာရေးဦးစီးဌာနရဲ့ ဖုန်းနံပါတ်တွေ ပေးထားပြီး ချက်ချင်းဆက်ဖို့ မှာထားပါတယ်။

ရောက်ရောက်ချင်း ဖျားတဲ့ လက္ခဏာ ရှိ၊ မရှိ မေးမြန်းခြင်း၊ အချို့သောသူ ဖျားတာတွေ့ရတဲ့အခါ လိုအပ်တဲ့ စစ်ဆေးမေးမြန်းမှုတွေ ပြုလုပ်ပြီး ကိုယ်အပူချိန် တစ်ကြိမ်တိုင်းပါတယ်၊ နှစ်ကြိမ်တိုင်းပါတယ်။ နားပြီး နာရီဝက်ခြားပြီး တိုင်းတဲ့အခါ ဖျားနေတာတွေ့ရရင် စည်ပင်ဧည့်ရိပ်သာမှာထားတဲ့သူဆိုရင်၊ ပျဉ်းမနား ပြည်သူ့ဆေးရုံနဲ့ ရွာတော်မှာထားတဲ့သူဆိုရင် နေပြည်တော် ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကို ပို့ပေးပါတယ်။ ရွာတော် တည်းခိုရိပ်သာကနေ ပို့ဆောင်ပေးတဲ့သူ သုံးဦးကို သူတို့ရဲ့ ချွဲသလိပ်ကိုယူပြီး အမျိုးသား ကျန်းမာရေး ဓာတ်ခွဲဌာနကို ပို့ပြီး စစ်တဲ့အခါ Negative တွေ့ပါတယ်။ ပိုးမတွေ့ရတဲ့အတွက် Facility Quarantine ဆက်လက်ဆောင်ရွက်နေပါတယ်။ ၁၄ ရက်ပြည့်လို့ ပြန်မယ့်သူတွေကိုလည်း Home Quarantine လုပ်ဖို့ အခြေခံကျန်းမာရေးဝန်ထမ်းများနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ ၈-၄-၂၀၂၀ ရက်နေ့က ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ နဲ့ ဇေယျာသီရိ ပြည်သူ့ဆေးရုံတို့က ၅၉ ဦးကို နေရပ်ပြန်ဖို့ စီစဉ်ဆောင်ရွက် ပေးပါတယ်။ Quarantine Centre မှာ ၁၄ ရက်ပြည့်မြောက်ကြောင်း Certificate ပေးပြီး Facility Quarantine တွေ အိမ်ကိုပြန်ရောက်တဲ့အခါ ဘယ်လိုနေထိုင်ရမယ်ဆိုတာ တစ်ဦးချင်းစီမှာပါတယ်။ ရှင်းပြပါတယ်။ ကျန်းမာရေးဦးစီးဌာနအနေနဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနဲ့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ရဲ့ ပံ့ပိုးကူညီမှု၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ NCVT၊ ကြက်ခြေနီ၊ မီးသတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နဲ့ ပူးပေါင်းပြီး Facility Quarantine လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမောင်မောင်ဆွေ**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နေပြည်တော် ကိုဗစ်-၁၉ စေတနာ့ဝန်ထမ်းအဖွဲ့(NCVT)**

နေပြည်တော် ကိုဗစ်-၁၉ စေတနာ့ဝန်ထမ်းအဖွဲ့(NCVT)မှာ နာယကတစ်ဦးဖြစ်ပါတယ်။ NCVT အသင်းကို ၂၁-၃-၂၀၂၀ ရက်နေ့က စတင်တည်ထောင်ခဲ့ပါတယ်။ အသင်းမှာ နေပြည်တော်က လုပ်ငန်းရှင်တွေ၊ စက်မှုလက်မှုလုပ်ငန်းရှင်တွေ ပါပါတယ်။ အသင်းဥက္ကဋ္ဌကတော့ စိုးလျှပ်စစ်ဖောင်ဒေးရှင်းက ဦးကျော်မြင့်ထွန်း ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌ ရှစ်ဦးရှိပြီး သူတို့က နေပြည်တော်မှာရှိတဲ့ အသင်းအဖွဲ့အသီးသီးရဲ့ ဥက္ကဋ္ဌတွေ ဖြစ်ပါတယ်။ ဥပမာ-အိမ်ခြံမြေအသင်း ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း စသည်ဖြင့် ပါဝင်ပါတယ်။ အသင်းအသီးသီးရဲ့ အဖွဲ့ဝင်တွေကတော့ အမာခံအနေနဲ့ ပါဝင်ပါတယ်။ အသင်းမှာ CEC ၆၀ ကျော်လောက်ရှိပြီး ဝိုင်းဝန်းလုပ်ဆောင်နေတာက ၁၀၀၀ ကျော်လောက် ရှိပါတယ်။ အသင်းအနေနဲ့ မတ် ၂၂၊ ၂၃၊ ၂၄ ရက်နေ့တွေကတည်းက ပညာပေးလုပ်ငန်းတွေ စလုပ်ပါတယ်။ ပြက္ခဒိန်၊ ဗီနိုင်းတွေ ရိုက်ပြီး ကျန်းမာရေးက ထုတ်ပြန်တဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို အသံချဲ့စက်နဲ့ လှည့်လည်ကြေညာပါတယ်။

နောက်ပိုင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်ချက်ခံယူပြီး Quarantine Centre တွေ ဖွင့်ဖို့လိုတဲ့အတွက် လေးနေရာ စဖွင့်ပါတယ်။ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိနဲ့ ဇေယျာသီရိ ပြည်သူ့ဆေးရုံတို့ ဖြစ်ပါတယ်။ စဖွင့်ပြီးတော့ မတ် ၂၅ ရက်ကစပြီး ပြည်ပပြန်တွေကို လက်ခံခဲ့တာ ဒီဆေးရုံ လေးရုံမှာ ၁၇၉ ဦး ဖြစ်သွားပါတယ်။ ဒါနဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူပြီး ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်အတိုင်း နေပြည်တော် စည်ပင်ဧည့်ရိပ်သာမှာ ထပ်မံဖွင့်လှစ်ခဲ့ပါတယ်။ စည်ပင်ဧည့်ရိပ်သာကတော့ ငါးနေရာမြောက် ထပ်ဖွင့်တာဖြစ်ပြီး၊ ဒီနေ့အထိ ၆၂၀ ရှိပြီ ဖြစ်ပါတယ်။ NCVT အသင်းဟာ ကိုယ်တိုင်ထည့်ဝင်ငွေတွေ ပါသလို အလှူရှင်များရဲ့ ထည့်ဝင်ငွေတွေနဲ့လည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အသင်းအနေနဲ့ တစ်နေ့ကို ပြည်ပပြန်တွေအပါအဝင် စည်ပင်ဝန်ထမ်းအပါ ၇၉၉ ဦးနဲ့ စေတနာ့ဝန်ထမ်းများ၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်အပါအဝင် လူပေါင်း ၁၀၀၀ ကျော်ရဲ့ စားရေးတို့ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့ စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ ဒီနေ့ဆို ဒက္ခိဏဆေးရုံက ၂၁ ဦး၊ ဇေယျာသီရိဆေးရုံက ၁၁ ဦးနဲ့ ပုဗ္ဗသီရိဆေးရုံက ၂၇ ဦးတို့ကို ကျန်းကျန်းမာမာနဲ့ ပြန်လည်စေလွှတ်ပေးနေပြီ ဖြစ်ပါတယ်။ ဒီစည်ပင်ဧည့်ရိပ်သာကတော့ မေ ၁၀ ရက်ဆို စတင်ပြီး ပြန်နိုင်တော့မှာ ဖြစ်ပါတယ်။ မေ ၁၇ ရက်ဆို အားလုံး ပြန်နိုင်တော့မှာ ဖြစ်ပါတယ်။ ၁၇၊ ၁၈ ရက် နောက်ပိုင်း ပြည်ပပြန်ညီအစ်ကိုတွေကို စောင့်ရှောက်မှုအပိုင်းပြီးတဲ့အခါ NCVT အသင်းအနေနဲ့ ကုန်သည် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနဲ့ ညှိနှိုင်းနေတာရှိပါတယ်။ နိုင်ငံတော်က ထောက်ပံ့ပေးနေတာက တစ်ပိုင်းပါ။ ကျွန်တော်တို့ ဆန်ကို အများကြီးသက်သာတဲ့နှုန်းနဲ့ ရာခိုင်နှုန်းတစ်ခုအထိ အရှုံးခံပြီး ကြက်ဥတို့၊ ဆီတို့နဲ့ သုံးခုတွဲပြီး ပြည်သူတွေကို ရောင်းချပေးဖို့၊ ကျေးရွာအရောက် ရောင်းချပေးဖို့ စီစဉ်နေပါတယ်။ ကြက်သားဆိုလည်း မွေးမြူရေးလုပ်ငန်းရှင်အသင်းနဲ့ ချိတ်ဆက်ပြီး အပြင်မှာ တစ်ပိဿာ ငွေကျပ် ၄၀၀၀/- ဆို ကျွန်တော်တို့က ငွေကျပ် ၃၂၀၀/- ဈေးနဲ့ ပြည်သူတွေဝယ်လို့ အဆင်ပြေအောင် ဒီလိုမျိုး စီစဉ်ပေးပါမယ်။ မေ ၂၃ ရက် နောက်ပိုင်းမှာဆို မြဝတီမှာရှိတဲ့ Quarantine Centre တွေက ပြန်ဝင်လာမယ့် သူတွေလည်း ရှိတဲ့အတွက် လက်ခံဖို့လည်း နေပြည်တော်ကောင်စီ ဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကပ်ရောဂါဆိုတာ ပူးပေါင်းရင်ဆိုင် တွန်းလှန်မှ အောင်မြင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးမျိုးနေဇော်**
**ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လယ်ဝေးမြို့နယ်**

ဒီ စည်ပင်ဧည့်ရိပ်သာ Facility Quarantine မှာ ၈-၄-၂၀၂၀ မှ ၁၀-၄-၂၀၂၀ ရက်နေ့အထိ ကွပ်ကဲရေးရုံးမှာ ရုံးအဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ကျန်းမာရေး၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့၊ NCVT(Naypyitaw Covid-19 Volumteer Team)တို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နေပြည်တော် စည်ပင်ဧည့်ရိပ်သာမှာ ၂၇-၃-၂၀၂၀ ရက်နေ့မှ ၄-၄-၂၀၂၀ ရက်နေ့အထိ Facility Quarantine ထားသူပေါင်း ကျား ၄၂၄ ဦး၊ မ ၁၉၆ ဦး စုစုပေါင်း ၆၂၀ ရှိပါတယ်။ ဒီ ၆၂၀ ထဲမှာ နေပြည်တော် ရှစ်မြို့နယ်အပြင် ပင်လောင်းမြို့က တစ်ဦး၊ ဆင်ပေါင်ဝဲမြို့က တစ်ဦးနဲ့ ပြည်မြို့က တစ်ဦး ပါပါတယ်။ စည်ပင်ဧည့်ရိပ်သာမှာ Facility Quarantine ထားသူတွေကို သက်ဆိုင်ရာအဆောင်မှာ တစ်ခန်းကို နှစ်ဦး နေရာချထားပေးပါတယ်။ သတ်မှတ် ၁၄ ရက်တာကာလအတွင်း သတ်မှတ်တဲ့နေရာမှာ နေဖို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မီးသတ်တပ်ဖွဲ့မှ ဝန်ထမ်းတွေနဲ့ပေါင်းပြီး လမ်းဆုံလမ်းခွတွေကနေ စောင့်ကြပ်ကြည့်ရှုပြီး အပြင်မထွက်ဖို့ ထိန်းချုပ်ပေးရပါတယ်။ ဒါ့အပြင် နေရေးစားရေး၊ ကျန်းမာရေးကိစ္စအဝဝ ရေမလာတာ၊ မီးမရတာတို့ကိုလည်း သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ် ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ သတင်းတင်ပြမှုအနေနဲ့ နေ့စဉ် ထူးခြားမှု ရှိ၊ မရှိနဲ့ စာရင်းဇယား အချက်အလက်တွေကို တစ်နေ့ နှစ်ကြိမ် မနက် ၆ နာရီ တစ်ကြိမ်၊ ညနေ ၆ နာရီ တစ်ကြိမ် နေပြည်တော်ကောင်စီသို့ ပေးပို့တင်ပြဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါ်ဖြူဖြူမြင့်**
**နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုဥက္ကဋ္ဌ**

နေပြည်တော် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ၂၇-၃-၂၀၂၀ ရက်နေ့ ကစပြီး တာဝန်ယူဆောင်ရွက်ပါတယ်။ တစ်ရက်ကို ၁၀ ဦး၊ အရာရှိတစ်ယောက်ဦးစီးပြီး ပြည်ပက ပြန်လာတဲ့သူတွေကို ကျန်းမာရေး စစ်ဆေးတဲ့အခါ ပူးပေါင်းဆောင်ရွက်ပါတယ်။ ပြည်ပပြန်တွေလာတဲ့အခါ သက်ဆိုင်ရာ တာဝန်ကျအဆောင်၊ အခန်းကို လိုက်ပါပို့ဆောင်ပေးရပါတယ်။ ကြက်ခြေနီအဖွဲ့ဝင်တွေက အခန်းတွေမှာ နေရာချတဲ့အခါ မှတ်ပုံတင်နဲ့ လူ ကိုက်မကိုက် တိုက်ဆိုင်စစ်ဆေးပါတယ်။ မနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် ကျန်းမာရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ဖို့နဲ့ ကိုယ်အပူချိန်တိုင်းတာဖို့ သွားရောက်တဲ့အခါ ကြက်ခြေနီအဖွဲ့ဝင်တွေက လက်ကိုင် Hand Speaker နဲ့ Mask စနစ်တကျတပ်ဆင်ဖို့၊ မိမိအခန်း ပြတင်းပေါက်ဘေးမှာ အသင့်နေပေးဖို့ နှိုးဆော်ပေးပါတယ်။

**ဦးစိန်သောင်း (ရပ်မိရပ်ဖ ကံသာကျေးရွာ လယ်ဝေးမြို့နယ်)**

ကျွန်တော်တို့ဆီမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ မကူးစက်မပြန့်ပွားစေရေးဆောင်ရွက်ဖို့ မြို့နယ်က ညွှန်ကြားလာတဲ့အခါ ရပ်မိရပ်ဖအနေနဲ့ ရွာအုပ်ချုပ်ရေးအဖွဲ့နဲ့ ပူးပေါင်းပြီး NGO အဖွဲ့ ကျန်းမာရေးဌာနတို့နဲ့ အစည်းအဝေးပြုလုပ်ပြီး ပြည်ပကပြန်လာသူတွေကို စာရင်းကောက်ရပါတယ်။ စာရင်းကောက်ပြီးတဲ့အချိန်မှာ မြို့နယ်ကို သတင်းပဲပို့ရသေးတဲ့ အနေအထားဆိုတော့ ရွာမှာပဲ စောင့်ကြည့်ကာလအနေနဲ့ ထားပေးရတယ်။ ရွာကို ပြန်လာတဲ့သူ ၆၃ ဦးထဲမှာ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ၁၈ ဦး ရှိပါတယ်။ မြို့ကိုပို့ရမယ့် အစီအစဉ်မဟုတ်သေးတော့ ကျွန်တော်တို့ရွာမှာပဲ သီးသန့်ထားရတယ်။ သူတို့ရဲ့ စားရေးသောက်ရေးကို အစောကတည်းက ကြိုတင်စီစဉ်ထားတာရှိတယ်။ သူတို့ရဲ့ အစားအသောက်၊ ရေကအစ အပြင်ကိုမထွက်ရဆိုတဲ့ စနစ်နဲ့ ကျွန်တော်တို့အနေနဲ့ ရပ်ရွာက ပြည်သူလူထုနဲ့ ပူးပေါင်းပြီး ရိက္ခာတွေ သွားပို့တယ်။ သူတို့ရဲ့ ဆွေမျိုးတွေကလည်း ပို့ကြတယ်။ သူတို့တွေ အပြင်မထွက်ရေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို ဌာနဆိုင်ရာက အချိန်နဲ့တစ်ပြေးညီ စောင့်ရှောက်ပေးတယ်။ နောက်ပိုင်းမှာ ပြည်ပက ပြန်လာတဲ့ ၁၄ ဦးကို မြို့နယ်အစီအစဉ်နဲ့ နေပြည်တော်စည်ပင်ဧည့်ရိပ်သာကို ပို့ပေးပါတယ်။ ရွာမှာလည်း ညစဉ်ညတိုင်း ကျန်းမာရေးဌာန၊ ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး အသံချဲ့စက်နဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မိမိ မိသားစုထဲက ပြည်ပက ပြန်လာတဲ့သူရှိရင် သက်ဆိုင်ရာကို အချိန်မီ အကြောင်းကြားဖို့ အသိပေးနှိုးဆော်လျက်ရှိပါတယ်။

## ဆီဆိုင်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးများဖျန်းပေး

**ဆီဆိုင် မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မေ ၉ ရက် မွန်းလွဲ ၂ နာရီက ပိုးသတ်ဆေးများဖျန်းပေးခဲ့ကြောင်း သိရသည်။

Yellow Generation Wave(YGW)မိဘမဲ့ကျောင်း(တောင်ကြီးဌာန)မှ သံဃာတော်သုံးပါးနှင့် အသင်းသား ၁၁ ဦးတို့က ဆီဆိုင်မြို့ရှိ ကျန်းမာရေးစင်တာ စခန်းများ၊ မြို့မဈေး၊ ဆီဆိုင်မြို့နယ်လုံးဆိုင်ရာ ဇဝနာရာမ ပရိယတ္တိစာသင်တိုက်ကျောင်းကြီး၊ မွေတော်ဘုရား၊ သာသနာ့လင်္ကာရစာသင်ကျောင်းတိုက်၊ မင်္ဂလာဘုရား၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်းနှင့် တရားရုံးတို့ကို ပိုးသတ်ဆေးများဖျန်းပေးပြီး ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ **(စာတည်းအဖွဲ့)**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၅)

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုဆုံးဖြတ်ချက်များ



မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကန့်ကွက်လွှာနှင့် အယူခံမှု ဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာနှင့် အယူခံမှု ဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်နှစ်အုပ်ကို ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ထုတ်ဝေခဲ့သည်။ မည်သည်ကြောင့် ထုတ်ဝေခဲ့သနည်း။ မည်သို့အကျိုးရှိစေနိုင်သနည်း။ မှျဝေပါရစေ။

### ရွေးကောက်ပွဲနှင့် ကန့်ကွက်လွှာ

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များရှိသည်။ အချို့သောဒေသများတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်မဲဆန္ဒနယ်များရှိသည်။ ပါတီများကိုကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူများရှိသည်။

လွှတ်တော်မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အနည်းဆုံးနှစ်ဦးမှသည် လေးဦး၊ ငါးဦး သို့မဟုတ် ဆယ်ဦးအထက်ပင် ရှိတတ်ကြသည်။ ဆန္ဒမဲအများဆုံးရရှိသူက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ဤတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံရသူသည် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့ပြီး ထိုတရားမဲ့ပြုလုပ်မှုများကြောင့် အနိုင်ရရှိခဲ့သော် ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်းက ကန့်ကွက်လွှာအမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းကြသည်။ ကော်မရှင်သည် အဆိုပါကန့်ကွက်လွှာရရှိသည့်အခါ လိုအပ်သလို စစ်ဆေးပြီး အစီရင်ခံစာတင်ပြစေရန် ရွေးကောက်ပွဲခုံအဖွဲ့ကို ဖွဲ့စည်းပေးရသည်။

ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်လွှာအမှုများကို စစ်ဆေးကြားနာပြီး ကန့်ကွက်လွှာတင်သွင်းမှု မှန်ကန်ခဲ့လျှင် အနိုင်ရရှိခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပေးသည်။ တင်သွင်းမှုမမှန်ကန်ခဲ့လျှင် တင်သွင်းမှုကို ပလပ်ကြောင်း အမိန့်ချသည်။ ဤသို့ပင် ရွေးကောက်ပွဲရှိလျှင် ကန့်ကွက်လွှာဟူသည် ရှိတတ်စမြဲဖြစ်သည်။

### တရားမဲ့ပြုကျင့်မှုဟူသည် အဘယ်နည်း

လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ၎င်းတို့၏သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုခြင်း၊ သူတစ်ပါးအယောင်ဆောင်ခြင်း၊ မဟုတ်မမှန် ပြောဆိုကြေညာခြင်း၊ မဟုတ်မမှန်ဝန်ခံလက်မှတ်ရေးထိုးခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်မြေများအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်းတို့သည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း၊ သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊ မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း၊ မမှန်ကန်သောငွေစာရင်းကို မှန်ကန်သည်ဟုဝန်ခံခြင်း၊ သတ်မှတ်ထားသည့်အတိုင်း ငွေစာရင်းကိုတင်ပြရန် ပျက်ကွက်ခြင်းတို့သည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ပုံနှိပ်ထုတ်ဝေသူတို့၏ အမည်နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာစသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိတို့လိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။ မဲဆန္ဒရှင်တစ်ဦးအား ဆန္ဒမဲပေးချိန်တွင် ဆန္ဒမဲလက်မှတ်ကို မဲရုံမှအခြားသို့ယူဆောင်သွားရန် တိုက်တွန်းခြင်း၊ သဘောတူညီချက်ပေးခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရရေးအတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ဘာသာရေးအထိမ်းအမှတ်များအသုံးပြုခြင်း၊ လူမျိုးရေးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြု၍ မဲပေးရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။ ပါတီတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သည်။

ဤသည်တို့မှာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း ၁၄ ပါ တရားမဲ့ပြုကျင့်မှုများမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။

### ယခင်ရွေးကောက်ပွဲများ၏အတွေ့အကြုံ

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှုပေါင်း ၂၉ မှုရှိပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လေးမှု ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှုပေါင်း ၄၅ မှုရှိပြီး ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ခြောက်မှုနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် နှစ်မှု ရှိသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှုပေါင်း ၂၉ မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်လေးဦးသည် တရားမဲ့ပြုလုပ်ခဲ့ကြောင်း မှန်ကန်၍ ရွေးကောက်တင်မြှောက်ခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှုလေးမှုတွင် တရားမဲ့ပြုကျင့်မှုပြုလုပ်ခဲ့ကြောင်း မပေါ်ပေါက်သဖြင့် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များအား ပြန်လည်ပယ်ဖျက်ခဲ့ခြင်း မရှိခဲ့ပါ။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှု ၄၅ မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးသည် လည်းကောင်း၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှု ခြောက်မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှ ကန့်ကွက်လွှာအမှု နှစ်မှုတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည်လည်းကောင်း တရားမဲ့ပြုကျင့်မှု ပြုလုပ်ခဲ့ကြောင်း မှန်ကန်၍ ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့သည်။

### စာအုပ်ထုတ်ဝေခြင်း

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကန့်ကွက်လွှာအမှုများတွင် မည်သို့စီရင်ဆုံးဖြတ်ခဲ့ကြောင်း ပြည်သူတို့သိရှိလေ့လာနိုင်ရန် ရည်ရွယ်ပါသည်။ လွတ်လပ်မျှတ၍ သန့်ရှင်းသော ရွေးကောက်ပွဲများဖြစ်စေဖို့ အထောက်အကူပြုနိုင်သည်ဟုလည်း ယုံကြည်သည်။ သို့ဖြစ်သည်နှင့်အညီ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တင်သွင်းခဲ့သောကန့်ကွက်လွှာအမှုပေါင်း ၂၉ မှုထဲမှ ကန့်ကွက်လွှာအမှု ၁၆ မှု၏ ဆုံးဖြတ်ချက်များကိုစုစည်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ဝေသည့် တရားစီရင်ထုံးများကဲ့သို့ ကောက်နုတ်ချက်စာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ ယခုထုတ်ဝေသည်မှာ ဒုတိယအကြိမ် ထပ်မံ၍ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် တင်သွင်းခဲ့သည့် ကန့်ကွက်လွှာအမှုများကို စုစည်း၍ စာအုပ်ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပါ။

အလားတူပင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲများတွင် တင်သွင်းခဲ့သော ကန့်ကွက်လွှာအမှုပေါင်း ၅၃ မှုထဲမှ ကန့်ကွက်လွှာအမှု ၂၅ မှု၏ ဆုံးဖြတ်ချက်များကိုစုစည်း၍ ကောက်နုတ်ချက်စာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

### မည်သို့သောတရားမဲ့ပြုကျင့်မှုများဖြင့် ကန့်ကွက်လွှာတင်သွင်းခဲ့ကြပါသလဲ

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်ပါ ကန့်ကွက်လွှာအမှု ၁၆ မှုနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲကန့်ကွက်လွှာဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်ပါ ကန့်ကွက်လွှာအမှု ၂၅ မှု စုစုပေါင်း ကန့်ကွက်လွှာအမှု ၄၁ မှုတို့ကို လေ့လာခြင်းအားဖြင့် အမျိုးမျိုးသော တရားမဲ့ပြုကျင့်မှုများဖြင့် ကန့်ကွက်လွှာတင်သွင်းခဲ့ကြကြောင်း တွေ့ရသည်။

ဘာသာရေး၊ လူမျိုးရေးကိုအကြောင်းပြု၍ ကန့်ကွက်သည်။ ပုံနှိပ်ထုတ်ဝေသူတို့၏ အမည် နေရပ်မပါသော လက်ကမ်းစာစောင်၊ ကြော်ငြာများထုတ်ဝေဖြန့်ချိခြင်း၊ ဝန်ထမ်းများထံမှ အကူအညီရယူခြင်း၊ နိုင်ငံပိုင်မြေကိုအသုံးချခြင်း၊ ခြိမ်းခြောက်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ သိက္ခာကျအောင်ပြုခြင်း၊ ငွေစာရင်းများကို မမှန်မကန်တင်ပြခြင်း၊ နိုင်ငံသားဖြစ်ခြင်း-မဖြစ်ခြင်း စသည်များကို အကြောင်းပြု၍ ကန့်ကွက်လွှာတင်သွင်းကြသည်။

### တရားသဖြင့်ယှဉ်ပြိုင်၊ အောင်နိုင်အောင်ကြိုးပမ်း

ကန့်ကွက်လွှာအမှုများပါ ဆုံးဖြတ်ချက်များကို လေ့လာသိရှိရခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မည်သို့သောပြုမူပြောဆို၊ ဟောပြောစည်းရုံးလှုပ်ရှားခြင်းကို ဆောင်ရမည်၊ မည်သည်တို့ကို ရှောင်ရမည်ကို လေ့လာသိရှိကြမည်ဖြစ်သည်။ ထိုသို့သိရှိထားကြခြင်းဖြင့် မိမိအပေါ် တင်သွင်းလာမည့် ကန့်ကွက်လွှာများကို ဥပဒေနှင့်အညီ ခုခံချေပနိုင်ကြမည်။ မိမိ၏ယှဉ်ပြိုင်ဘက် လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိမှုအပေါ်တွင်လည်း တရားသဖြင့် မှန်ကန်စွာ ကန့်ကွက်လွှာများ တင်သွင်းနိုင်ကြမည်။ ဆောင်သင့်၊ ရှောင်သင့်သည်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးက သိရှိနားလည်ကြပြီး ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာလုပ်ဆောင်ကြခြင်း၊ တရားမဲ့ပြုကျင့်ရာရောက်သည့်အမှုများ မပြုကြခြင်းဖြင့် ကန့်ကွက်လွှာတင်သွင်းမှုများ ပေါ်ပေါက်လာနိုင်မည်မဟုတ်ပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ဝေသည့် ယခုစာအုပ်နှစ်အုပ်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူသာမက နောင်လာမည့်ရွေးကောက်ပွဲတိုင်းအတွက်လည်း အဖိုးတန်အသုံးဝင်နေမည်ဖြစ်ကြောင်းပါ။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင်-

- တရားမဲ့ပြုကျင့်မှုများ ကင်းစင်ကြပါစေ၊
- လွတ်လပ်၊ မျှတ၊ သန့်ရှင်းစွာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊
- တရားသဖြင့် ယှဉ်ပြိုင်၊ အောင်နိုင်အောင် ကြိုးပမ်းနိုင်ကြပါစေ။

**မိမိ၏ယှဉ်ပြိုင်ဘက် လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိမှုအပေါ်တွင်လည်း တရားသဖြင့် မှန်ကန်စွာ ကန့်ကွက်လွှာများ တင်သွင်းနိုင်ကြမည်။ ဆောင်သင့်၊ ရှောင်သင့်သည်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးက သိရှိနားလည်ကြပြီး ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာလုပ်ဆောင်ကြခြင်း၊ တရားမဲ့ပြုကျင့်ရာရောက်သည့်အမှုများ မပြုကြခြင်းဖြင့် ကန့်ကွက်လွှာတင်သွင်းမှုများ ပေါ်ပေါက်လာနိုင်မည်မဟုတ် . . .**

# ခမောက်ကြီးနယ်မြေအတွင်းရှိ ထိုင်း-မြန်မာနယ်စပ် ရှမ်းခြောက်ရွာသို့ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ အရှိန်အဟုန်မပျက် ကွင်းဆင်းဆောင်ရွက်

**ခမောက်ကြီး မေ ၉**

ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီသည် ခမောက်ကြီးနယ်မြေဒေသအတွင်းရှိ ပါချန်မြစ်ကြောင်းတစ်လျှောက် ထိုင်း-မြန်မာနယ်စပ် ရှမ်းခြောက်ရွာ သို့ မေ ၈ ရက်မှ ၉ ရက်အထိ ကိုဗစ် -၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် အရှိန်အဟုန်မပျက် ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**အသိပညာပေး ဆောင်ရွက်**

ခမောက်ကြီးမြို့နယ် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင် ဦးစီးသည့်အဖွဲ့သည် ကိုဗစ် -၁၉ ရောဂါ အသိပညာပေး ယာဉ်ဖြင့် ကျေးရွာများသို့ လှည့်လည်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ထုတ်ပြန်ထားသည့် အသိပေးနှိုးဆော်ချက်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ ကိုဗစ် -၁၉ ရောဂါနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာဥပဒေပြဋ္ဌာန်းချက်များအား ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေး ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျေးရွာတစ်ရွာလျှင် မျက်နှာဖုံး အခု ၅၀ စီနှင့် ပညာပေးပိုစတာများကိုလည်းကောင်း၊ မာရမ်းကျေးရွာ တိုက်နယ်ဆေးရုံတွင် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀ စုံကိုလည်းကောင်း၊ အေးချမ်းသာကျေးရွာ၊ လုံးဖောကျေးရွာနှင့် ဖော့သုတ်ကျေးရွာတို့တွင် နှာခေါင်းစည်း တစ်ဘူးစီကို လည်းကောင်း ပေးအပ်ပြီး Community Based Facility Quarantine တွင် စောင့်ကြည့်စစ်ဆေးခံ ပြည်သူများအား လိုက်လံကြည့်ရှု စစ်ဆေးခြင်း၊ လိုအပ်သည်များ မှာကြားခြင်း၊ Quarantine ၁၄ ရက်ပြည့်သူများအား ၎င်းတို့နေရပ်သို့ ပြန်ရန်အတွက် ငွေကြေး ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

**နန့်လေးလေး**
**(ခမောက်ကြီးပြန်/ဆက်)**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၉**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်ပါသည်။

မေပြီ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေပြီ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့) တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရွှေပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

# ဇမ္ဗူထိပ်ခေါင်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းကဈေးကွက်တည်ငြိမ်ရေးနှင့် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်

**စစ်ကိုင်း မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဖလံချိုင်ကျေးရွာရှိ ဇမ္ဗူထိပ်ခေါင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ထုတ်ပြန်ထားသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မြို့နယ်သမဝါယမအသင်းစုနှင့် ပူးပေါင်း၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ဈေးကွက်တည်ငြိမ်ရေး အထောက်အကူပြု အားဖြည့်ပါဝင်မှုအဖြစ် အဓိကစားကုန်ဖြစ်သော ဆန်အပေါ် ဒေသပေါက်ဈေးအောက် ၂ ရာခိုင်နှုန်း လျှော့၍ တန်ဖိုးအပေါ် ဆိုင်းငံ့ကာလ တစ်လအတွင်း အတိုးမဲ့စနစ်ဖြင့် လည်းကောင်း၊ ဆိုင်းငံ့ကာလ ကျော်လွန်ပါက အတိုးနှုန်း ၁ ဒသမ ၅၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ကုန်ကြွေးစာချုပ် ချုပ်ဆိုဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရေရှည်အထောက်အကူပြုပေးနိုင်ရန်အတွက် အသင်းတွင် ဆန်တန်ချိန် ၃၆ တန်၊ တင်းပေါင်း ၁၀၈၀ ခန့်အထိ ထွက်ရှိမည့် စပါးများ သိုလှောင်ထားရှိပြီး လိုအပ်သလို ကြိတ်ခွဲဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။



**ကြေးမုံ**

# ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်တွင် သောင်တင်နေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူခဲ့

**နေပြည်တော် မေ ၉**

ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်တွင် သောင်တင်နေသည့် မြန်မာနိုင်ငံသား ခုနစ်ဦးကို မေ ၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးသည်တင်လေယာဉ်များ ရုတ်တရက် ရပ်ဆိုင်းလိုက်ခြင်းကြောင့် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ် Transit Area တွင် သောင်တင်နေခဲ့သည့် မြန်မာနိုင်ငံသား ခုနစ်ဦးကို မေ ၈ ရက်၌ မြန်မာအမျိုးသားလေကြောင်း ကုန်တင်လေယာဉ် (Cargo Flight) ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း။

ယင်းမြန်မာနိုင်ငံသား ခုနစ်ဦးကို ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက လေဆိပ်သို့သွားရောက်ပြီး ထိုင်းနိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း ထိုင်းနိုင်ငံအစိုးရမှ လတ်တလော ချမှတ်ထားသည့် စည်းမျဉ်းကန့်သတ်ချက်များအရ ၎င်းမြန်မာနိုင်ငံသား ခုနစ်ဦးကို ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသား ခုနစ်ဦးတွင် အမျိုးသမီး နှစ်ဦးနှင့် အမျိုးသား ငါးဦးပါဝင်၍ ၎င်းတို့သည် ကျန်းမာရေး ကောင်းမွန်ပြီး သက်ဆိုင်ရာ နိုင်ငံမှထုတ်ပေးသည့် Fit Certificate ပါရှိကြောင်းလည်း သိရသည်။

ထို့ကြောင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက မေ ၈ ရက်တွင်ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း ကုန်တင်လေယာဉ် (Cargo Flight) ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း။

၎င်းတို့အနေဖြင့်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း (Quarantine) ၁၄ ရက်ကို ခံယူလျက်ရှိကြောင်း သိရသည်။

**ထက်လျှံ**

# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် အသိပညာပေးဆောင်ရွက်မှုများအတွက် ငွေကျပ်သိန်း ၅၀၀၀ လှူဒါန်း

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ၏ ဦးဆောင်အာမခံလုပ်ငန်းများဖြစ်ကြသည့် KBZ MSGeneral Insurance ကုမ္ပဏီနှင့် KBZ Life ကုမ္ပဏီတို့မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ အသက်ရှူစက်များ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် မျက်မှန်များကို မြောက်ဥက္ကလာပ ဝေဘာဂီဆေးရုံ၊ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန်ဆေးရုံသစ်ကြီး၊ တောင်ဥက္ကလာပမိခင်နှင့်ကလေးဆေးရုံ၊ သဃ်န်းကျွန်း စံပြဆေးရုံနှင့် အင်းစိန်ဆေးရုံကြီးတို့သို့ သွားရောက်လှူဒါန်းခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့လည်း ကမ္ဘောဇဘဏ်နှင့်ပူးပေါင်း၍ ငွေကျပ်သိန်း ၁၀၀၀ ကို ရန်ပုံငွေအဖြစ် ပါဝင်လှူဒါန်းခဲ့သည်။

KBZ MS နှင့် KBZ Life တို့သည် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးဆောင်ရွက်မှုများကို ပြည်သူအများ ပိုမိုထင်ရှား လွယ်ကူစွာသိရှိနိုင်ရန်နှင့် ပြည်သူတစ်ဦးချင်းမှ လိုက်နာဆောင်ရွက်မှု ပိုမိုထိရောက်စေရန်အတွက် ကျန်းမာရေးအသိပညာပေး လှုပ်ရှားမှုများကို နိုင်ငံအနှံ့အပြားရှိမြို့ကြီးများတွင် ကြော်ငြာ Billboard ကြီးများကို အသုံးပြု၍ ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှကင်းစေရန် နေထိုင်ကာကွယ်နည်းများပါဝင်သည့် အသိပညာပေး သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိသည်။ ထို့ပြင် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထားသော ကာတွန်းဇာတ်ကောင်များကို အသုံးပြုကာ ပုံဖော်ရေးဆွဲထားသည့် လက်ဆေးခြင်း၊ ခပ်ခွာခွာနေခြင်းနှင့် အခြားသော ကာကွယ်ရေးနည်းလမ်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်မှတစ်ဆင့် အများပြည်သူများထံသို့ ပညာပေးဖြန့်ဝေပေးလျက်ရှိသည်။

"အာမခံကုမ္ပဏီများအနေဖြင့် ယခုလိုကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါကို ရင်ဆိုင်နေရတဲ့ အခြေအနေမှာ ပိုမိုတိုးမြှင့်ပြီး အကူအညီပေးဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် ငွေကြေးနဲ့ပစ္စည်းအထောက်အပံ့တွေ လှူဒါန်းတာအပြင် ရောဂါပြန့်ပွားမှု ထိန်းချုပ်ကာကွယ်တဲ့နေရာတွေမှာ သတင်းအချက်အလက်တွေ ဖြန့်ဝေပေးနိုင်ဖို့အတွက် Billboard တွေနဲ့ ကျန်းမာရေးအသိပညာပေး ဆောင်ရွက်မှုတွေ အပါအဝင် လူမှုဆက်သွယ်ရေးလုပ်ဆောင်ချက်တွေကို ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု KBZ MS နှင့် KBZ Life တို့၏ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ပြောသည်။

ယခုအချိန်ကာလသည် ဝန်ထမ်းများနှင့် ပြည်သူများအတွက် ရောဂါအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကောင်းမွန်ရန် အထူးအရေးကြီးသည့်အတွက် KBZ MS နှင့် KBZ Life အာမခံလုပ်ငန်းများမှ အသက်နှင့် ကျန်းမာရေးဆိုင်ရာ အကာအကွယ်များ ပါဝင်သည့် အာရောဂျံ ကျန်းမာရေးအာမခံအပါအဝင် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ KBZ MS နှင့် KBZ Life တို့မှ အထက်ပါ မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကျန်းမာရေး အသိပညာပေး ဆောင်ရွက်မှုများအတွက် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀၀ ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။



**ကိုဇော်**

## ကျန်းမာရေးစင်တာအဖြစ် ဆောင်ရွက်နေသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ လိုအပ်ပါက ခုတင်များ တိုးချဲ့သွားမည်

**ရန်ကုန် ဧပြီ ၉**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးစင်တာအဖြစ် ပြင်ဆင်ဆောင်ရွက်နေသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ၌ လက်ရှိတွင် ခုတင် ၄၈၀ စာ ပြင်ဆင်ထားသော်လည်း လိုအပ်ပါက ခုတင် ၂၀၀၀ အထိ တိုးချဲ့နိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးကိစ္စများဆောင်ရွက်ရာတွင် ကုသရေးပိုင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အင်အား ၄၀ စီ အဆိုင်းနှစ်ဆိုင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပုဂ္ဂလိကဆေးရုံများကလည်း ပါဝင်ကူညီကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးကို တင်းကျပ်ထားမည်ဖြစ်ပြီး မိသားစုများလာရောက်ပါက အစိမ်းရောင်လိုင်း၊ အဝါရောင်လိုင်း၊ အနီရောင်လိုင်းဟူ၍ လိုင်းသုံးလိုင်းခွဲကာ မိသားစုများအနေဖြင့် အစိမ်းရောင်လိုင်းတွင်တွေ့နိုင်ရန် ကွန်ပျူတာနည်းပညာ၊ အွန်လိုင်းနည်းပညာရပ်များဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယင်းကျန်းမာရေးစင်တာ၌ ဒစ်ဂျစ်တယ်နည်းပညာကို အများဆုံးသုံးစွဲသွားမည်ဖြစ်ပြီး CCTV ကင်မရာများ၊ အသံနှင့် လှမ်းပြောနိုင်သည့်စက်များ တပ်ဆင်သွားမည်ဖြစ်သည်။

အဆိုပါ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းတည်ရှိပြီး ဧက ၂၅၀၀ ကျယ်ဝန်းကြောင်း၊ ယင်းတက္ကသိုလ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် အဆောက်အဦများကို ကြိုတင်ပြင်ဆင်မွမ်းမံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

## သထုံ၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းထက်ဝက်လျှော့ ရောင်းချပေး

**သထုံ ဧပြီ ၉**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကာလတွင် အခြေခံပြည်သူများ စားရေးသောက်ရေးအခက်အခဲ မဖြစ်စေရေးအတွက် စရိတ်မျှဝေခြင်းအစီအစဉ်ဖြင့် ဆန်၊ ဆီ စသည့်အခြေခံစားသောက်ကုန်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ ဦးဆောင်မှုဖြင့် စေတနာရှင် မြို့မိမြို့ဖများ၊ လူမှုကူညီရေးအဖွဲ့များ ပူးပေါင်း၍ လက်ရှိပေါက်ဈေးအောက် ထက်ဝက်နှုန်းဖြင့် မြို့ပေါ် ငါးရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးများ၌ ဧပြီ ၈ ရက်မှစတင်ကာ ရောင်းချပေးနေကြောင်း သိရသည်။




"ကိုဗစ်-၁၉ ရောဂါကာလမှာ အခြေခံအလုပ်သမားတွေဟာ သူတို့ရဲ့အလုပ်တွေကို ရပ်နားလိုက်ရတာတွေရှိတယ်။ အဲဒီအပေါ်မှာ သူတို့ရဲ့ နေ့စဉ်စားဝတ်နေရေးအတွက် အခက်အခဲတွေဖြစ်လာတယ်။ အဲဒါကြောင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ မြို့မိမြို့ဖတွေရယ်၊ တာဝန်ရှိသူတွေရယ် စုပေါင်းတိုင်ပင်ပြီး ဆောင်ရွက်တာပါ" ဟု သထုံမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက ပြောသည်။

အခြေခံ စားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ/ဖြူ၊ အာလူး၊ ပဲတို့ကို အိမ်ထောင်စုတစ်စုအတွင်း ရှိသည့် လူဦးရေအလိုက် လူတစ်ဦးလျှင် တစ်နေ့ သုံးနပ်စာ ကျပ် ၂၀၀ နှုန်း၊ တစ်နပ် ကျပ် ၇၀ နှုန်းဖြင့် စီမံရောင်းချပေးကြောင်း သိရသည်။

သထုံမြို့ပေါ်ရှိအခြေခံဝင်ငွေအနည်းပါးဆုံး အိမ်ထောင်စုများကို ရပ်ကွက်တစ်ခုလျှင် ၅၀ နှုန်းရွေးချယ်ကာ အိမ်ထောင်စုပေါင်း ၂၅၀ အား ရွှေ့ပြောင်းရောင်းချပေးခြင်းဖြစ်သည်။

"ခုအချိန် အလုပ်ကမရှိ၊ ဝင်ငွေမရှိချိန်မှာ ဒီလိုရောင်းပေးတာ အဆင်ပြေတာပေါ့။ အိမ်မှာ လူငါးယောက်ရှိတာ နှစ်ရက်စာ လောက်ရပါတယ်" ဟု နန်းခဲရပ်ကွက်မှ ဒေါ်ငယ်က ပြောသည်။

လက်ရှိအချိန်တွင် စရိတ်မျှပေး မျှဝေ ခြင်း အစီအစဉ်ကို ရွှေ့ပြောင်းစမ်းသပ်သည့်အနေ ဖြင့် ဧပြီ ၈ ရက်မှ ၂၀ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ပါဝင်ပူးပေါင်းလှူဒါန်းမှုအလိုက် မြို့နယ်တစ်ခုလုံးရှိ ပုံမှန်ဝင်ငွေနည်းပါးသည့် အခြေခံပြည်သူတစ်ရပ်လုံးကို ရောင်းချပေးနိုင်သည်အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး (သထုံ)**

## ပင်လောင်းမြို့နယ် တီကျစ်ဈေး၌ ပိုးသတ်ဆေးဖျန်း

**ပင်လောင်း ဧပြီ ၉**

ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဧပြီ ၇ ရက် နံနက်ပိုင်းမှစတင်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ပိုးသတ်ဆေးဖျန်းခြင်းကို တီကျစ်ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ လမ်းများ၊ တီကျစ်ဈေးနှင့် ဆေးရုံဝင်းတွင် ဆောင်ရွက်ခဲ့သည်။

တီကျစ်တိုက်နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာနှင်းသဲထွန်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများက အရှိန်အဟုန်ဖြင့် ပါဝင်ဆောင်ရွက် ခဲ့သည်။

**ခွန်အောင်(နောင်တရား)**

## ညောင်ဦး မြန်မာ့ဆက်သွယ်ရေးရုံးနှင့် နေအိမ်လိုင်းခန်းများဆေးဖျန်း

**ညောင်ဦး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး ဆက်သွယ်ရိပ်သာနှင့် နေအိမ်လိုင်းခန်းများအား ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရန် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၈ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ပက်ဖျန်းပေးခဲ့ကြသည်။

ညောင်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လူဝင်လူထွက်များသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး ဝင်ပေါက်၊ ထွက်ပေါက်များ၊ ရုံးအတွင်းရှိ ကြမ်းပြင်နှင့် စားပွဲများ၊ ကုလားထိုင်များ၊ ဆက်သွယ်ရေးရိပ်သာနှင့် ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ ရုံးခြံဝင်းတံခါးများမကျန် နေရာအနှံ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးများ စုပေါင်းပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

အလားတူ ပုဂံမြို့ မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးဥက္ကာဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာသို့ သွားရောက်ကာ ဒေသခံကျေးလက်နေပြည်သူများ ရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျေးရွာအဝင်လမ်းနှင့် ကျေးရွာတွင်းလမ်းများအား ပိုးသတ်ဆေးများ စုပေါင်းပက်ဖျန်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ရေတာရှည်မြို့နယ် ကျေးရွာ ၂၀ ၌ လက်သန့်စင်ရန်နေရာများ ပြုလုပ်ပေး

**ရေတာရှည် ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ ပြန်လာကြသူများနေထိုင်မည့် ကျေးရွာပေါင်း ၂၀ ၌ လက်ဆေးကန်၊ လက်သန့်ဆေးရည်၊ ဆပ်ပြာ၊ နှာခေါင်းစည်းများကို ဧပြီ ၈ ရက် ညနေပိုင်းမှစတင်ကာ အများပြည်သူသုံးစွဲရန် အဆင်ပြေသည့်နေရာများကို ရွေးချယ်၍ တပ်ဆင်ပေးလျက်ရှိသည်။



တောင်ငူခရိုင် ကျေးလက်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်နှင့် ဝန်ထမ်းများသည် ဆင်ငွေ့ရွာသစ်၊ ကျွဲရိုင်းပြင်ကျေးရွာသုံးရွာတွင် တပ်ဆင်ပေးခဲ့ပြီး အသုံးပြုပုံများကို လက်တွေ့ပြသခဲ့သည်။

"လက်ဆေးကန် တပ်ဆင်ပေးတဲ့ရွာတွေက လက်ရှိစောင့်ကြည့်ရေးစခန်းတွေမှာရှိတဲ့ သူတွေ နေထိုင်တဲ့ရွာတွေပါ၊ စောင့်ကြည့်ကာလပြီးလို့ ရွာတွေကို ပြန်လည်နေထိုင်ကြရင် အဆင်ပြေစွာ သုံးစွဲနိုင်အောင်လို့ပါ" ဟု ဦးရန်နိုင်ညွန့်က ပြောသည်။ ကျေးရွာတစ်ရွာလျှင် ပညာပေးဗီနိုင်းဆိုင်းဘုတ်တစ်ခု၊ လက်ဆေးရည်ကန်တစ်ခု၊ ရေပုံးတစ်ခု၊ လက်သန့် ဆေးရည်လေးဘူး၊ ကာဘော်လစ်ဆပ်ပြာနှင့် နှာခေါင်းစည်း အခု ၄၀ တို့ဖြစ်သည်။

**ကိုလွင်(ဆွာ)**



## အင်းစိန်မြို့သစ်ဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်ဈေးကြီး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းကို အင်းစိန်မြို့သစ်ဈေးအတွင်းရှိ သားငါး ကုန်စိမ်းဆိုင်တန်းများ၊ ကုန်စုံဆိုင်တန်းများ၊ အထည်အလိပ်ဆိုင်များ အတွင်းအပြင်များ၌ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် မြောက်ပိုင်းခရိုင် ဈေးများဌာန ဌာနစုမှူး ဒေါ်ယဉ်ယဉ်စန်းတို့ ဦးဆောင်၍ အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာန ဒုဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများမှ ဈေးတာဝန်ခံများနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အလားတူ ဧပြီ ၈ ရက်ကလည်း အင်းစိန်မြို့နယ်အတွင်းရှိ အင်းစိန်လဟာပြင်ဈေးနှင့် ဘိုကုန်းဈေး အတွင်းအပြင်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

## မိတ္ထီလာ၌ ပိုးသတ်ဆေးဖျန်း

**မိတ္ထီလာ ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် အရေးပေါ်ကာလအတွင်း ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နီနီလှိုင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည်များကို အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များအား ပညာပေးရှင်းလင်းပြောကြားပြီး မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် အမှတ်(၃) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်းကာ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှတ်(၃) နယ်မြေရဲစခန်းအတွင်းရှိ အချုပ်ခန်း (ကျား၊မ)၊ စခန်းမှူးရုံးခန်း၊ နယ်ထိန်းရုံးခန်း၊ အုပ်ချုပ်ရေးမှူးရုံးခန်း၊ ဂါတ်စာရေးရုံးခန်း၊ လက်နက်တိုက်စတို၊ သက်သေခံပစ္စည်းစတိုနှင့် ရဲစခန်းဝင်းတံခါးတို့ကို ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## တောင်ငူ၌ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**တောင်ငူ မေ ၉**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဆေးရုံကြီးအစည်းအဝေးခန်းမ၌ မေ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာစောဘိုဇော်ဝင်းနှင့် မြို့မိမြို့ဖ ဦးအောင်လင်း (ဦးကြယ်နီ)တို့က မုဒိတာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ ဦးမိုးဇော်မိသားစု FMZ Co.,Ltd. (တောင်ငူ)မှ ငွေကျပ်သိန်း ၂၀၀၊ ကိုနေသွင်မိသားစု (စင်ကာပူ)မှ ငွေကျပ် ၁၀၆၇၀၀၀၀၊ ဦးကိုကိုလတ်မိသားစု(တောင်ငူ)မှ Ventilator & Monitor တစ်စုံ၊ ဦးကျော်ကျော်မောင်မိသားစု မေတ္တာရှင်ဆေးဆိုင်မှ ငွေကျပ်ငါးသိန်း၊ ဦးကိုသက်မိသားစု အာရောဂျံဆေးဆိုင်၊ ဒေါ်ဝင်းဝင်းနိုင်မိသားစု ထိပ်တန်းဆေးဆိုင်နှင့် ဦးကောင်းမြတ်စိုးမိသားစု OK စက်သုံးဆီဆိုင်တို့မှ ငွေကျပ် တစ်သိန်းစီနှင့် ZEB Electronic မှ အဲကွန်း ၁၀ လုံးတို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ စောဘိုဇော်ဝင်းနှင့် သမားတော်ကြီး ဒေါက်တာမီမီချိုတို့က လက်ခံရယူခဲ့ကြသည်။

**ကျော်လှ (တောင်ငူ)**



## အခြေခံလုပ်သား ၁၀၀ ကျော်အား ဆန်လှူ

**လားရှိုး မေ ၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒနှင့် အလှူရှင်များစုပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသုံးနိုင်ရန်အတွက်အခြေခံအလုပ်သမား ၁၀၄ ဦးတို့အား တစ်ဦးလျှင် ဆန်ငါးပြည်နှုန်းစီဖြင့် မေ ၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ မန်ဆူရှမ်းကျောင်းတိုက်၌ လှူဒါန်းခဲ့သည်။

မန်ဆူရှမ်းကျောင်းတိုက် ဆရာတော်နှင့်အလှူရှင်များသည် မတ် ၃၀ ရက်က ကျောက်မဲမြို့နယ်အတွက် ဆန်အိတ်၂၀ နှင့် လားရှိုးမြို့ ရတနာအေးသီလရှင်တိုက်မှသီလရှင်နှင့် ကျောင်းသူများအတွက် ဆန်ခြောက်အိတ်တို့ကိုလည်း လှူဒါန်းကူညီပေးခဲ့ပြီး ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း အခြား လိုအပ်သူများအတွက်ပါ ကြောင်း သိရသည်။



**သီပေါကိုလတ်**

## တာချီလိတ်၌ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**တာချီလိတ် မေ ၉**
တာချီလိတ်ခရိုင်အတွင်း၌ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေများနှင့် လိုအပ်သည့်အထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို မေ ၆ ရက် ညနေပိုင်းတွင် တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နဂါးနှစ်ကောင်/ ဟိန်းကောင်းဆက်ကုမ္ပဏီက ထိုင်းဘတ်ငွေ ၂၅၆၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၂၀၀၀၀၊ ပိုးသတ်ဆေးရည်ဘူး ငါးဖာ၊ ဟိန်းမေတ္တာကုမ္ပဏီက သိန်း ၂၀၊ စိုင်းစိုက်ပျိုးရေး၊ မေဖလားဝါး မိုင်းနင်းနှင့် ရွှေလွယ်မွေကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီ၊ ရှင်းမန်းနှင့် ရှင်းဒန်း ရွှေဆိုင် ဦးချစ်ထူမိသားစုက ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀ စုံကို ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့အပြင် ရှင်းမန်းနှင့်ရှင်းဒန်းရွှေဆိုင်မှ ဦးချစ်ထူမိသားစုက ငွေကျပ် ၆၉၄၄၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်းအခု ၇၀၀၀၊ အပူချိန်တိုင်းကိရိယာ လေးခုတို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန် ဝေဘာဂီ အထူးကုဆေးရုံကြီး၊ ရမည်းသင်းပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်ပြည်သူ့ဆေးရုံ၊ မန္တလေးမြို့ ENT မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ၊ မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံ၊ မန္တလေးဆေးရုံကြီး ကင်ဆာဌာန၊ တာချီလိတ်မြို့၊ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်း၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## ရေကြည်မြို့နယ်၌ ဆန်အိတ် ၅၀၀ လှူဒါန်း

**ရေကြည် မေ ၉**
ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေကြည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ခန်းမတွင် ယနေ့ နံနက် ၈ နာရီခွဲက ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီသို့ ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဆန်အိတ် ၅၀၀ လှူဒါန်းခဲ့သည်။

ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများကလာရောက်လှူဒါန်းရာ ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းတို့က လက်ခံရယူကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

ရန်ကုန်ယူနစ်လူမှုကူညီရေးလူငယ်အသင်းမှ လှိုင်သာယာမြို့နယ်ရှိ ဌာနဆိုင်ရာများအားလုံးအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၃၀၀၀၀ ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀၊ အပူချိန်တိုင်းကိရိယာ ၂၆ လုံး၊ ပိုးသတ်ဆေးဘူးအသေး ၁၀၂ ဘူး ၊ လက်သန့်ဆေးရည် ဘူးအကြီး ၃၃၀၊ လက်သန့်ဆေးရည်ဘူးအသေး ၄၆၀၊ ပိုးသတ်ဆေး တစ်ဂါလန်ပုံး ၅၀ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၅၀ ခန့်အား ရန်ကုန်ယူနစ်လူမှုကူညီရေးအသင်းခေါင်းဆောင် ဦးအောင်ပိုင်နှင့် ဦးသက်ထွန်းဦးတို့က မေ ၈ ရက်တွင် လှိုင်သာယာမြို့နယ် သာသနာ့ဗိမာန်၌ ပေးအပ်လှူဒါန်းစဉ်။

ကြေးမုံ



## ကျွန်းစုမြို့၌ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ကျွန်းစု မေ ၉**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံသုံးပစ္စည်းများကို မေ ၇ ရက် ညနေ ၄ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ မြို့နယ်အတွင်းရှိပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် ရေမလိုလက်သန့်ဆေးရည်များ၊ Surgical Gown ဝတ်စုံပြည့်၊ လက်ဆေးဆပ်ပြာရည်များ၊ အရက်ပြန်ဘူးများ၊ လက်ကမ်းစာစောင်များနှင့် ကော့သောင်းမြို့ ဦးကျော်လွင်(Grand Andaman Hotel-သူဌေးကျွန်း)မှ မြိတ်ဒေသ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးအထောက်အကူပြုကော်မတီမှတစ်ဆင့် ပေးပို့လှူဒါန်းထားသော Oxygen Concentrator တစ်လုံး၊ Syringe Pump တစ်လုံး၊ Suction Machine တစ်လုံးတို့ကို အလှူရှင်များကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်(ကျွန်းစု-၁)က ပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်သီဟနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**စည်သူရအောင်(ကျွန်းစု)**



## ဆိပ်ကမ်းလုပ်သားများအား အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၉**
ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း လုပ်သားများစားသောက်ရေးအဆင်ပြေစေရန်အတွက် IGSS(International General Stevedoring Services) မန်နေဂျင်းဒါရိုက်တာ ဦးသန်းကျော်က ဆန်၊ ဆီ၊ ဆားပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲကို မေ ၈ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက် အေးစေတီလမ်းသွယ် (၁) လမ်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် အပြည်ပြည်ဆိုင်ရာ အထွေထွေဆိပ်ကမ်းကုန်တင်ကုန်ချဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ (IGSS) မှ ဆိပ်ကမ်းလုပ်သား ၃၆၀ တို့အား တစ်ဦးလျှင် ဆန်တစ်အိတ်၊ ဆီငါးပိဿာ၊ ကြက်သွန်နီ၊ အာလူး၊ ကုလားပဲတစ်ပိဿာ၊ မြေပဲ ၅၀ သား၊ ငရုတ်သီး၊ ဆားတစ်ထုပ်စီနှင့် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းသိန်း ၄၀၀ ကျော်ဖိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ လည်းကောင်း၊ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ လည်းကောင်း ယမန်နေ့က ဆက်လက်လက်ခံခဲ့ကြောင်း သိရသည်။

ထိုသို့လက်ခံခဲ့ရာ လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား တစ်ဦး၊ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ တာချီလိတ်၊ မူဆယ်၊ ကျိုင်းတုံ၊ ကလေး၊ မြဝတီ၊ မိုင်းယု၊ မောင်တောတို့မှ ရောက်ရှိလာသူ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီးကိုးဦး စုစုပေါင်း ၄၄ ဦးတို့ကို လက်ခံခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်း ပြည်သူ ၁၃၄ ဦးနှင့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်း ပြည်သူ၂၈၄ ဦးတို့အား လက်ခံထားရှိပြီးဖြစ်ကာ စောင့်ကြည့်လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့ရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါစောင့်ကြည့်လူနာများအားလုံးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပခုက္ကူ၌ နှာခေါင်းစည်းများလှူဒါန်း

**ပခုက္ကူ ဧပြီ ၉**

ပခုက္ကူမြို့ Myanmar Efforts Co.,Ltd. မှ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း ၇၅၀၀ ကို ဧပြီ ၈ ရက် နံနက် ၁၀ နာရီက ပခုက္ကူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေရာ(၁)ခန်းမ၌ ပေးအပ်လှူဒါန်းရာပခုက္ကူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဟန်ဇော်ဝင်းနှင့် ဒေါ်ဇင်နီနီဝင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များက လက်ခံရယူကြသည်။

အဆိုပါ နှာခေါင်းစည်းများကို မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအား အခမဲ့လိုက်လံဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# မန္တလေး၌ အမှတ်(၉၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ နှာခေါင်းစည်းနှင့် အသိပညာပေးစာစောင်များဖြန့်ဝေ



**မန္တလေး ဧပြီ ၉**

မန္တလေးမြို့ရှိ အမှတ်(၉၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ မန္တလေးပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ရှိ မန္တလေးဘူတာကြီးရှေ့၌ ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကို ခရီးသွားပြည်သူများ ကူးစက်မှုမရှိစေရန် ကာကွယ်တားဆီးနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ယခုကဲ့သို့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း အမှတ်(၉၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ချမ်းအေးသာစံမြို့နယ်တာဝန်ခံ ဒုရဲမှူး လှသိန်းက ပြောကြားသည်။

''အခုလိုကာလမှာ နှာခေါင်းစည်းတွေတပ်ပြီး သွားလာစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖြန့်ဝေပေးတာဖြစ်ပါတယ်။ ဒီရောဂါက လေထဲကနေကူးစက်နိုင်တဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားတဲ့ ရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလည်းသိရှိနိုင်စေဖို့အသိပညာပေးလက်ကမ်းစာစောင်တွေကို ဖြန့်ဝေပေးနေပါတယ်'' ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးမြို့ သမန်းကုန်းမြို့သစ်မှ ဒေါ်မြင့်မြင့်သန်းကလည်း ''အိမ်ကနေအလုပ်ကိစ္စရှိလို့ မြို့ထဲကိုထွက်လာရင်း အခုလို နှာခေါင်းစည်းတွေ ဝေငှနေတာတွေ့လို့ ဝင်ယူတာပါ။ ဒီလိုကာလမှာ ရောဂါမကူးစက်အောင် အိမ်ထဲမှာပဲနေချင်ပေမယ့် မဖြစ်မနေအပြင်ထွက်ရတဲ့သူတွေအတွက် အခုလို နှာခေါင်းစည်းတပ်ပြီးသွားလာရတာ လုံခြုံမှုရှိတယ်လို့ ခံစားရပါတယ်။ ဒါကြောင့် နှာခေါင်းစည်းတွေလှူဒါန်းပေးတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ကျေးဇူးတင်ပါတယ်'' ဟု ပြောသည်။

မန္တလေးမြို့ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့စုများအနေဖြင့် ပြည်သူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မြို့နယ်အလိုက် ဆောင်ရွက်ပေးနေသည့်အပြင် ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကို ခရီးသွားပြည်သူများ ကူးစက်မှုမရှိစေရန် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို လွန်ခဲ့သည့် မတ်လအတွင်းမှစ၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ညောင်လေးပင်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်

**ညောင်လေးပင် ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဧပြီ ၈ ရက်က ညောင်လေးပင်မြို့နယ် ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၅ ရွာနှင့် မြို့ပေါ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းတွင် အများသုံးလက်ဆေးကန်များ တပ်ဆင်ပေးခြင်း၊ ရေပုံးရေခွက်များ၊ လက်ဆေးဆပ်ပြာများထားရှိပေးခြင်း၊ အသိပညာပေး ဗီနိုင်းပိုစတာများတပ်ဆင်ပေးခြင်း၊ ရေပိုက်များသွယ်တန်းပေးခြင်းနှင့် ကာကွယ်ရေးနည်းလမ်းများ လက်တွေ့ရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများက ယူနီဆက်မှထောက်ပံ့သော ရန်ပုံငွေ ၃ ဒသမ ၂၅ သန်းဖြင့် လက်ဆေးကန်များ၊ ယင်းနှင့်ဆက်စပ်ပစ္စည်း အစုံ ၅၀ တို့ကိုဆောင်ရွက်ပေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပူးပေါင်းဆောက်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ကျောက်တံခါး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**ကျောက်တံခါး ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ရန်ကုန်-မန္တလေး ကားလမ်း ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးစစ်ဆေးရေးဂိတ်တွင် ဧပြီ ၈ ရက် နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ခရီးသွားပြည်သူများအား အပူချိန်တိုင်းကိရိယာဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆောင်ရွက်ရာ၌ ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်တင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပဲနွယ်ကုန်းတိုက်နယ်ဆေးရုံမှ ဦးမြတ်ကိုဦး (ကြီးကြပ်-၂)နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပဲနွယ်ကုန်းမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကမ္ဘောဇရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်ယာဉ်များ၊ ဆိုင်ကယ်စီးနင်းသူများ၊ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာဆောင်များ ဖြန့်ဝေခြင်းနှင့် အပူချိန်တိုင်းကိရိယာများဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# လွိုင်ကော်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းများဆောင်ရွက်



**လွိုင်ကော် ဧပြီ ၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ပြည်သူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ် (Mobile Library Bus) ဖြင့် စာဖတ်သူထံအရောက် စာအုပ်များငှားရမ်းခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဧပြီ ၈ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့နယ် ဒေါမူကလားကျေးရွာနှင့် ဝမ့်ကွန်ကျေးရွာစာကြည့်တိုက်များ၌ ဆောင်ရွက်ခဲ့သည်။

ကျေးရွာအတွင်းရှိ လူငယ်မောင်မယ်များ၊ ပြည်သူများအား အိမ်မှာနေပြီး စာပေဖတ်ရှုလေ့လာနိုင်ရန် စာအုပ်များငှားရမ်းပေးခြင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အခမဲ့ဖြန့်ဝေသည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပုံ၊ ကူးစက်ပုံနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များပါသည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ရုပ်ရှင်အနုပညာရှင်များ ပြောကြားထားသည့် စကားများ၊ ရောဂါကာကွယ်ရေးနည်းလမ်းများပါဝင်သည့် အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်း၊ စာအုပ်ငှားရမ်းခြင်းမပြုမီ လက်ဆေးခြင်း၊ အပြင်မှပြန်လာသည့်အချိန်နှင့် အရာဝတ္ထုတစ်ခုခုကိုင်တွယ်ပြီးတိုင်း လက်ဆေးခြင်းများဆောင်ရွက်ရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး**
**(ပြန်/ဆက်)**

## စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ဗန်းမော် မေ ၉**

ကချင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ဗန်းမော်မြို့နယ်အတွင်းရှိ လုပ်သားပြည်သူများသည် ဈေးနှုန်းသက်သာစွာဖြင့် အိမ်တိုင်းလက်ဝယ်အရောက် အခြေခံစားသောက်ကုန်ပစ္စည်းများကို မေ ၈ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ ဗန်းမော်မြို့ သီရိရပ်ကွက်နှင့် ဆင်ကုန်းရပ်ကွက်တို့၌ စတင်ရောင်းချပေးလျက်ရှိသည်။

ဗန်းမော်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး ဦးဆောင်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်ပျော့ ဆင်း(၃)၊ ရောပဒေသာ(ဆန်မာ)၊ ပဲဆီ၊ စားအုန်းဆီ၊ ကုလားပဲ၊ ကြက်သွန်နီ၊ ဆား၊ ငရုတ်သီး(အပွ)၊ အသားတုံး၊ ကြာဆံ၊ ဆပ်ပြာမှုန့်၊ ထုပ်နှင့် ကြက်သွန်ဖြူတို့ကို မော်တော်ယာဉ်၊ သုံးဘီးဆိုင်ကယ်တို့ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

## ဘားအံစည်ပင်သာယာရေးဝန်ထမ်းငယ်များအား ငွေနှင့်စားရိက္ခာများ ထောက်ပံ့



**ဘားအံ မေ ၉**

မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း အသုံးပြုနိုင်ရေးအတွက်ရည်ရွယ်၍ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဘားအံမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်းကာ ဘားအံမြို့စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော နေ့စားဝန်ထမ်းငယ်များအား စားရိက္ခာနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူက ထောက်ပံ့ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးသူရမြင့်သူ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်၊ ဘားအံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်လွင်၊ ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက ဝန်ထမ်း ၁၉၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ငွေကျပ် ၂၀၀၀၀ စီကို ပေးအပ်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## စားသောက်ကုန်များကို အသက်သာဆုံးနှုန်းထားဖြင့်ရောင်းချ

**ပုသိမ် မေ ၉**

ပုသိမ်မြို့နယ် အမှတ် (၅)ရပ်ကွက် ပန်းတင်ကုန်းရပ် အောင်ဇေယျာဈေးသူဈေးသားများစုပေါင်း၍ ရပ်ကွက်အတွင်း ဈေးဝယ်လာကြသူများအား အသက်သာဆုံးနှုန်းထားဖြင့် ဆန်တစ်ပြည်၊ ကြက်ဥနှစ်လုံး၊ ကြက်သွန် ၃၀ သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာမှုန့်တစ်ထုပ်၊ လက်ဖက်ခြောက်တစ်ထုပ်တို့ကို ငွေကျပ် ၁၀၀၀ ဖြင့် မေ ၉ ရက် နံနက်ပိုင်းတွင် စတင်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို အောင်ဇေယျာဈေးဥက္ကဋ္ဌ ဦးလှမြတ်က ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး ရောင်းချ၍ရရှိသည့်ငွေကြေးဖြင့် ပစ္စည်းများဝယ်ယူ၍ ဈေးဝယ်လာသူများအား နောက်ရက်များတွင် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဟန် (ခရိုင်ပြန်/ဆက်)**

## ညောင်လေးပင်မြို့ပေါ်ရှိ အနေ့ယာဉ်လုပ်သားများအား စားသောက်ကုန်များ ဝေငှပေး

**ညောင်လေးပင် မေ ၉**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် လုပ်ငန်းရှင်များနှင့် အလှူရှင်များစုပေါင်းပြီး အနေ့ယာဉ်လုပ်သားများအား ယနေ့နံနက် ၉ နာရီခွဲက စက်ရုံလမ်း၌ စားသောက်ကုန်များ ဝေငှလှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ဝေငှပေးရာတွင် အနေ့ယာဉ်လုပ်သားတစ်ဦးလျှင် ဆန်လေးပြည်၊ ဆီ ၂၅ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ အချိုမှုန့် ၁၀ ကျပ်သား၊ ဆပ်ပြာတစ်တောင့်နှင့် ငွေကျပ်တစ်ထောင်တို့ဖြစ်ပြီး စုစုပေါင်း ငွေကျပ် သိန်း ၄၀ ကျော် ဝေငှလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးအတွက် နှာခေါင်းစည်းများလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်(ညောင်လေးပင်)**

## မြို့သစ်မြို့နယ်၌ ကုန်ပစ္စည်းဈေးနှုန်း မှန်ကန်ရေးစစ်ဆေး

**မြို့သစ် မေ ၉**

မကွေးခရိုင် မြို့သစ်မြို့နယ် သမဝါယမအသင်းစုများတွင် ရောင်းချလျက်ရှိသော ပစ္စည်းများ ဈေးနှုန်းမှန်ကန်မှုရှိစေရန် မကွေးတိုင်းဒေသကြီး ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဦးမင်းဇော်နိုင်နှင့် တာဝန်ရှိသူများက မေ ၈ ရက် မွန်းလွဲ ၂ နာရီတွင် မြို့သစ်မြို့ရှိ သမဝါယမအသင်းစုရုံးကို ကြည့်ရှုစစ်ဆေးသည်။

ပြည်သူများနှင့် အသင်းသားများ ရောဂါပိုးကူးစက်မှုမဖြစ်ပွားစေရေးအတွက် အသင်းစုရုံးရှေ့တွင် လက်ဆေးကန်များထားရှိပေးခြင်းနှင့် အသင်းသို့ လာရောက်ဝယ်ယူသော ပြည်သူများကိုလည်း နှာခေါင်းစည်းများ ဖြန့်ဝေပေးလျက်ရှိသည်။

ဆက်လက်၍ မြို့သစ်မြို့ရှိ သမဝါယမအသင်းစုအနေဖြင့် ဆန်များရောင်းချရာတွင် ဆန်တစ်အိတ်ကို ယခင်နှုန်းထားဖြစ်သည့် ကျပ် ၃၅၀၀၀ နှင့် ၃၆၀၀၀ ဖြင့်သာ ရောင်းချပေးရာ ဆန်ငါးအိတ်ဝယ်ယူသူများကို သမဝါယမအသင်းစုအနေဖြင့် အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်**
**(မြို့သစ်)**

## မြို့နယ်အသီးသီး၌ မှုခင်းကျဆင်းရေး ဆောင်ရွက်



**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအုန်းလွင်၊ အမှတ် (၅၉) ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များသည် ဒလမြို့ပေါ်ရပ်ကွက်များအတွင်း မှုခင်းမဖြစ်ပွားစေရေးအတွက် မေ ၈ ရက် ညနေပိုင်းမှစ၍ လှည့်ကင်းများဖြင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

**သထုံ**

မွန်ပြည်နယ် သထုံမြို့၌ မေ ၈ ရက် ည ၈ နာရီက သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဇော်လင်းသိန်း၏လမ်းညွှန်မှုဖြင့် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်အနီးကပ်ကြီးကြပ်ကာ သထုံမြို့မရဲစခန်းမှူးစခန်းမှူး ဒုရဲမှူးဇော်မင်းထွန်းဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် သထုံမြို့ပေါ်နှင့် ရပ်ကွက်များအတွင်း လှည့်ကင်းနှင့် ဝပ်ကင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**



**မြောင်းမြ**

မြောင်းမြမြို့၌ နှစ်သစ်ကူးသင်္ကြန်အကြိုကာလအတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအရောက် မှုခင်းကျဆင်းရေး အသိပညာပေးခြင်းနှင့် ညစဉ် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား ပူးပေါင်းအဖွဲ့ဖြင့် ရှောင်တခင်စစ်ဆေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပူးပေါင်းအဖွဲ့ဖြင့် မြောင်းမြတံတား၊ အဝေးပြေးလမ်းဆုံ ၊ မြို့တွင်း ဦးဘချိုရင်ပြင်၊ ၇ လမ်း လမ်းဆုံတို့တွင် ရှောင်တခင်စစ်ဆေးခဲ့ကြပြီး မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား မူးယစ်ဆေးဝါးများ၊ တားမြစ်ပစ္စည်းများ၊ တုတ်၊ ဓားလက်နက်များပါရှိမှု ရှိ-မရှိ၊ ဆိုင်ကယ်ပါဝါအိတ်ဇောနှင့် ဆူညံအိတ်ဇောများ တပ်ဆင်စီးနင်းမှု ရှိ-မရှိ ရှောင်တခင်စစ်ဆေးခြင်းကို မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး မောင်မောင်စိုးဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၈၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သတ်မှတ်လမ်းဆုံလမ်းခွများတွင် ဆောင်ရွက်လျက်ရှိသည်။

**အောင်မင်း(မြောင်းမြ)**

## စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်မှုမရှိစေရေး အသိပညာပေး

**မိုင်းဖြတ် မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်နေသည့်အချိန်ကာလအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်မှုမရှိစေရေးအတွက် မေ ၈ ရက် နံနက် ၉ နာရီက မြို့နယ်ကုန်စည်ဈေးနှုန်း တည်ငြိမ်ထိန်းချုပ်ကြပ်မတ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကုန်စုံဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

မြို့နယ် ကုန်စည်ဈေးနှုန်းတည်ငြိမ်ထိန်းချုပ်ကြပ်မတ်ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရွှေနှင့်အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ အမြဲဝယ်ယူလေ့ရှိသော ကုန်စုံဆိုင်ကြီးများသို့ သွားရောက်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်နေသည့် အချိန်ကာလအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်မှုမရှိစေရေး၊ ကုန်ပစ္စည်းများတွင် ဈေးနှုန်းများကပ်ထားရေး၊ ပုံမှန်ဈေးအတိုင်းသာရောင်းချရေးနှင့် ပြည်သူများ အထိတ်တလန့်ဖြစ်ပွားမှုမရှိစေဘဲ ကုန်ဈေးနှုန်းများကို ပုံမှန်ဈေးထက် ပိုမိုရောင်းချခြင်းမပြုစေရန်၊ ဈေးဆိုင်များကို ပုံအမှန်အတိုင်း ဆက်လက်ဖွင့်ထားပေးရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ကော်တင်ဟိုအား အငှားချထားရေး ချယ်လ်ဆီးအသင်းက ဘာစီလိုနာနှင့် ဆွေးနွေးလျက်ရှိ

ဘာစီလိုနာအသင်းဟာ ကော်တင်ဟိုကို အခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချဖို့ စီစဉ်နေတာဖြစ်ပြီး လက်ရှိမှာလည်း ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ အငှားချထားခဲ့တာဖြစ်ပါတယ်။

ကော်တင်ဟိုဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ အငှားစာချုပ်သက်တမ်းကလည်း ကုန်ဆုံးတော့မှာဖြစ်ပေမယ့် ဘိုင်ယန်မြူးနစ်အသင်းက အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့ကိုတော့ ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကော်တင်ဟိုရဲ့ အေးဂျင့်ဖြစ်သူကတော့ ပရီမီယာလိဂ်မှာ ပြန်လည်ခြေချဖို့ အခွင့်အလမ်းတစ်ရပ် ရှာဖွေပေးနေတာဖြစ်ပါတယ်။ လက်ရှိမှာ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းခေါ်ယူဖို့ ပြင်ဆင်လျက်ရှိပြီး အငှားစာချုပ်နဲ့ ခေါ်ယူနိုင်ဖို့အတွက်လည်း ချယ်လ်ဆီးအသင်းအနေနဲ့ ဘာစီလိုနာအသင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းကတော့ ကော်တင်ဟိုကို အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ ခေါ်ယူမယ့်အသင်းကို စောင့်မျှော်နေတာဖြစ်ပြီး လက်ရှိမှာတော့ ဘာစီလိုနာအသင်းအနေနဲ့ အငှားချထားရေးနဲ့ အပြီးရောင်းချရေးကိစ္စတွေကို ဆွေးနွေးနေဆဲပဲဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဘယ်လ်ဂျီယံတိုက်စစ်မှူး အေဒင်ဟာဇက် ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့သွားစဉ်ကတည်းက ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ချယ်လ်ဆီးအသင်းအနေနဲ့ ခေါ်ယူဖို့ ပြင်ဆင်ခဲ့တာဖြစ်ပေမယ့် ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံထားရတဲ့အတွက် မခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာတော့ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံထားရာကနေ ခေါ်ယူခွင့်ပြန်လည်ရရှိလာတာကြောင့် ကော်တင်ဟိုကိုခေါ်ယူဖို့ ပြင်ဆင်လာတာဖြစ်ပြီး ဘာစီလိုနာအသင်းက ကော်တင်ဟိုရဲ့ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၉၀ သတ်မှတ်ထားတာဖြစ်ပါတယ်။ ဒါပေမယ့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေကြောင့် ကမ္ဘာ့ဘောလုံးလောကမှာ ကစားသမားတွေရဲ့ အပြောင်းအရွှေ့ဈေးနှုန်းဟာလည်း လျော့ကျသွားဖို့ရှိနေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်က ကော်တင်ဟိုကို ရရှိနိုင်တယ်လို့ ယုံကြည်ထားပေမယ့် အခြားသောအင်္ဂလန်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ စပါးအသင်း၊ အဲဗာတန်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။



# လီဗာပူးသို့ မပြောင်းမီက မန်ယူသို့ ပြောင်းရွှေ့ရန်စီစဉ်ခဲ့ဟု ဆာဒီယိုမာနေး ပြောကြား



ငွေကြယ် - ရေးသားသည်

လီဗာပူးအသင်း တောင်ပံကစားသမား ဆာဒီယိုမာနေးဟာ ၂၀၁၆ ခုနှစ်က လီဗာပူးအသင်းသို့ မပြောင်းရွှေ့မီ မန်ယူအသင်းဆီ ပြောင်းရွှေ့ဖို့ စီစဉ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

လီဗာပူးအသင်းဟာ ဆာဒီယိုမာနေးကို ၂၀၁၆ ခုနှစ်က ဆောက်သမ်တန်အသင်းဆီကနေ ပြောင်းရွှေ့ကြေး ပေါင် ၃၄ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ ဆာဒီယိုမာနေးဟာ ကမ္ဘာ့အဆင့်ရှိ ကစားသမားတစ်ဦးဖြစ်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်က လီဗာပူးအသင်း ချန်ပီယံလိဂ်ချန်ပီယံဖြစ်ခဲ့ပေမယ့် ကမ္ဘာ့အကောင်းဆုံးကစားသမားကိုပေးအပ်တဲ့ ဘလွန်းဒီအောဆုအတွက် ဆန်ခါတင်ရွေးချယ်ရာမှာတော့ ပါဝင်လာခြင်းမရှိခဲ့တာဖြစ်ပါတယ်။

ဆာဒီယိုမာနေးဟာ လီဗာပူးအသင်းကို နည်းပြ ကလော့ မကိုင်တွယ်မီက ပြောင်းရွှေ့ဖို့ မျှော်လင့်ခဲ့တာမရှိဘူးလို့လည်း ဆိုပါတယ်။ ကလော့ဟာ ဒေါ့မွန်အသင်းနည်းပြအဖြစ် တာဝန်ယူချိန်ကတည်းက ဆာဒီယိုမာနေးကို ခေါ်ယူဖို့ ပစ်မှတ်ထားနေခဲ့တာဖြစ်ပြီး လီဗာပူးအသင်းကို ရောက်ရှိလာချိန်မှာ ဆာဒီယိုမာနေးကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဆာဒီယိုမာနေးဟာ လက်ရှိကလပ် လီဗာပူးအသင်းနဲ့အတူ ၁၁၈ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၅၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူဖြစ်ပြီး ဆောက်သမ်တန်အသင်းမှာ ရှိခဲ့စဉ်က ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ၆၇ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၂၁ ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

# စပိန်လာလီဂါပြိုင်ပွဲကို မေ ၂၈ ရက်တွင် ကျင်းပနိုင်ဖွယ်ရှိဟု လာလီဂါဥက္ကဋ္ဌ ဂျာဗီယာတီဘက်စ် ပြောကြား

စပိန်လာလီဂါပြိုင်ပွဲကို မေ ၂၈ ရက်မှာ ကျင်းပနိုင်ဖွယ်ရှိတယ်လို့ လာလီဂါဥက္ကဋ္ဌ ဂျာဗီယာတီဘက်စ်က ပြောကြားလိုက်ပါတယ်။

မတ် ၁၁ ရက်ကတည်းက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေကြောင့် စပိန်လာလီဂါပွဲစဉ်တွေကို ရပ်နားထားခဲ့ရတာဖြစ်ပြီး အဲဒီလို ရပ်နားထားရာကနေ ပြိုင်ပွဲကို အပြီးတိုင်ဖျက်သိမ်းလိုက်မယ်ဆိုပါက လာလီဂါကလပ်အသင်းတွေအနေနဲ့ ယူရိုတစ်ဘီလီယံဆုံးရှုံးမှုဖြစ်ပေါ်လိမ့်မယ်လို့လည်း ဂျာဗီယာတီဘက်စ်က ဆိုပါတယ်။ ဂျာဗီယာတီဘက်စ်ဟာ စပိန်လာလီဂါဥက္ကဋ္ဌအဖြစ် ၂၀၁၃ ခုနှစ်ကတည်းက စတင်တာဝန်ယူခဲ့သူလည်းဖြစ်ပါတယ်။

စပိန်လာလီဂါဥက္ကဋ္ဌ ဂျာဗီယာတီဘက်စ်အနေနဲ့ ပြိုင်ပွဲပြန်လည်ကျင်းပခွင့်ရဖို့အတွက် ရက်စွဲသုံးခုနဲ့စပ်လျဉ်းပြီး ဥရောပဘောလုံးအဖွဲ့ချုပ်နဲ့ ဆွေးနွေးနေတယ်လို့လည်း ပြောကြားခဲ့ပါတယ်။ ဂျာဗီယာတီဘက်စ်အနေနဲ့ စပိန်လာလီဂါပြိုင်ပွဲကို မေ ၂၈ ရက်၊ ဇွန် ၆ ရက် ဒါမှမဟုတ် ဇွန် ၂၈ ရက် စတဲ့ရက်တွေထဲက တစ်ရက်ရက်မှာ စတင်ကျင်းပခွင့်ရဖို့ ဆွေးနွေးနေတာလည်း ဖြစ်ပါတယ်။

## အနုပညာ



# အသက် ၃၄ နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ ချွာစီဝမ်

တောင်ကိုရီးယားကြယ်ပွင့်တစ်ဦးဖြစ်သူ ချွာစီဝမ်ဟာ တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ကျော်ကြားသူပါ။ လတ်တလောမှာ သူဟာ အသက် ၃၄ နှစ်ပြည့်ခဲ့ပြီဖြစ်ကာ သူ့အတွက် မွေးနေ့ဆုတောင်းပေးခဲ့သူတွေကို အင်္ဂလိပ်၊ ကိုရီးယား၊ အင်ဒိုနီးရှားဘာသာတွေနဲ့ တုံ့ပြန်ရေးသားဖော်ပြခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၇ ရက်မှာ ချွာစီဝမ်ဟာ အသက် ၃၄ နှစ် ပြည့်ခဲ့တာပါ။ သူ့ရဲ့ မွေးနေ့မှာ ပရိသတ်တွေက ဆုတောင်းစကားတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေ တစ်ဆင့် ရေးသားပေးပို့ခဲ့ကြပါတယ်။ ဒီလို မွေးနေ့ဆုတောင်းပေးပို့ခဲ့သူတွေကို ချွာစီဝမ်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ကျေးဇူးတင်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

အေးပြည့် - စုစည်းသည်

# ဇာတ်လမ်းတွဲသစ်တွင် ပါ့ခ်ဘိုဂန်း၊ ပါ့ခ်ဆိုးဒမ်နှင့် ဗြောင်ဝူဆွတ်တို့ တွဲဖက်ပါဝင်သွားမည်



ပါ့ခ်ဘိုဂန်း



ပါ့ခ်ဆိုးဒမ်



ဗြောင်ဝူဆွတ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ ပါ့ခ်ဘိုဂန်းနဲ့ အတူတက်သစ်စ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ပါ့ခ်ဆိုးဒမ်နဲ့ မင်းသား ဗြောင်ဝူဆွတ်တို့ဟာ လူငယ်တွေအကြောင်း ရိုက်ကူးပုံဖော်ထားတဲ့ ဇာတ်လမ်းတွဲသစ်မှာ အတူတွဲဖက်ပါဝင်သွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲသစ်ကို ထုတ်လွှင့်ပြသသွားမယ့် tvN ရုပ်သံလိုင်းက Record of Youth လို့အမည်ရတဲ့ ဇာတ်လမ်းတွဲမှာ ပါ့ခ်ဘိုဂန်းနဲ့အတူ ပါ့ခ်ဆိုးဒမ်နဲ့ ဗြောင်ဝူဆွတ်တို့ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာပါ။ အဆိုပါဇာတ်လမ်းတွဲကို တနင်္လာ၊ အင်္ဂါနေ့တိုင်း ထုတ်လွှင့်သွားမှာဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာ ဘဝရည်မှန်းချက်ကိုယ်စီ အောင်မြင်အောင် ကြိုးပမ်းနေတဲ့ လူငယ်တွေအကြောင်းကို ဟာသနှောကာ ခံစားရမှာဖြစ်ပါတယ်။

ယင်းဇာတ်လမ်းတွဲမှာ ပါ့ခ်ဘိုဂန်းဟာ အောင်မြင်တဲ့ မော်ဒယ်လ်တစ်ဦးအဖြစ် ပါဝင်ထားတာပါ။ သူဟာ မော်ဒယ်လ်တစ်ဦးအဖြစ် အောင်မြင်နေပေမယ့် သရုပ်ဆောင်တစ်ဦးဖြစ်ခွင့်ရဖို့ ကြိုးပမ်းနေသူ ဖြစ်ပါတယ်။ သရုပ်ဆောင်ဖြစ်ခွင့်ရဖို့ အစမ်းသရုပ်ဆောင်မှုတွေများစွာ ကြုံခဲ့ရပြီး အရှုံးမပေးဘဲ ကြိုးစားသူတစ်ဦးလည်း ဖြစ်ပါတယ်။

ပါ့ခ်ဆိုးဒမ်ကတော့ မိတ်ကပ်ပညာရှင်တစ်ဦးအဖြစ် ပါဝင်ထားတာပါ။ သူဟာ နွေးထွေးတဲ့ နှလုံးသားရှိသူတစ်ဦးဖြစ်ကာ စိတ်ကောင်းရှိပြီး အကောင်းမြင်စိတ်ရှိသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုမရှိဘဲ ကိုယ်ပိုင်လမ်းကြောင်းကို လျှောက်လှမ်းနိုင်ဖို့ရာ ကြိုးပမ်းနေသူတစ်ဦးလည်း ဖြစ်ပါတယ်။

ဗြောင်ဝူဆွတ် ပါဝင်ထားတဲ့ ဇာတ်ကောင်ကတော့ ကျော်ကြားတဲ့ မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ဘဝမှာ အောင်မြင်မှုများစွာရရှိခဲ့သူပါ။ သူဟာ ချမ်းသာတဲ့ မိသားစုမှ ပေါက်ဖွားလာသူဖြစ်ပြီး ဘဝမှာအောင်မြင်မှုတွေကို အလွယ်တကူ ရနိုင်ခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့ဖခင်ဟာ ဒါရိုက်တာတစ်ဦးဖြစ်ပြီး တက္ကသိုလ်က ပါမောက္ခတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ မိသားစုရဲ့ လွှမ်းမိုးမှုမရှိဘဲ အောင်မြင်မှုကို ရယူလိုတဲ့ လူငယ်လေးတစ်ဦးလည်း ဖြစ်ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲအတွက် ရိုက်ကူးရေးလုပ်ငန်းတွေကို အတတ်နိုင်ဆုံး စောစောလုပ်ဆောင်သွားမှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဒုတိယနှစ်ဝက်အတွင်း ထုတ်လွှင့်ပြသသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးချို (အသက် ၈၅ နှစ်)

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့် (ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈ - ၄ - ၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

## (၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ဦးမြင့်အောင် (ညွှန်ကြားရေးမှူး-ငြိမ်း)
### ဆည်မြောင်းဦးစီးဌာန

ကျေးဇူးရှင်ဒယ်ဒီကွယ်လွန်သည်မှာ ၁၀-၄-၂၀၂၀ ရက်တွင် (၄)နှစ်ပြည့်သွားပြန်ပါပြီ၊ အမြဲထာဝရ သတိရ လွမ်းဆွတ်လျက်ပါ၊ မိသားစုအတွက် အေးချမ်း၊ ငြိမ်းအေး၊ လုံခြုံစေခဲ့သော ချစ်ခင်ပွန်းအတွက် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများအား ရရှိခံစားနိုင်စေရန် ဆုတောင်းပြုပို့သလိုက်ပါတယ်။

**ချစ်ဇနီး** - **နွယ်လေး**
**ချစ်သားများ** - **Lucky - သူရအောင်**
- **Happy-ဇာနည်အောင်**
**ချစ်သမီး** - **Beauty-ဖြူနှင်းအောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးချို (အသက် ၈၅ နှစ်)

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့် (ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈ - ၄ - ၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ**
**တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ Engr.ဒေါက်တာမောင်မောင်ဝင်း
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဓာတုအင်ဂျင်နီယာဌာန
### ရန်ကုန်စက်မှုတက္ကသိုလ်(ကြို့ကုန်း)
### အသက်(၈၂)နှစ်

စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုကုမ္ပဏီ[Green Myanmar Environmental Services Co.,Ltd(GMES)]၏ အတိုင်ပင်ခံပညာရှင်(ကြားကာလ အကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်အမှတ်-၀၀၂၇)၊ ရန်ကုန်မြို့နေ ဒေါက်တာ ငြိမ်းငြိမ်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်နိုင်ဝင်း၊ ဦးမောင်မောင်ဖြိုးတို့၏ ကျေးဇူးရှင်မွေးသဖခင် ပါမောက္ခဒေါက်တာမောင်မောင်ဝင်းသည် ၈-၄-၂၀၂၀ ရက်တွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် အကြံပေးပညာရှင်များ၊ ဝန်ထမ်းများ**
**စိမ်းလန်းမြန်မာပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုကုမ္ပဏီ**

### ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၄၉)၊ AMBO Tower၊ (၁၁)လွှာ၊ အခန်းအမှတ်(၁၀)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိန်လွင် [၁၂/ပဇတ(နိုင်)၀၀၁၂၁၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766, HP:09-5017044**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ် ၈၈၊ မြေကွက်တည်နေရာအမှတ်-၈၈၊ မြတ်လေးငုံလမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးသိန်းအောင်) (B/RGN-၀၁၄၅၃၁) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသိန်းအောင် (ကွယ်လွန်)၏ ပါမစ်ပါဆက်ခံမည့်သူအဖြစ် ဖော်ပြထားသူ ညီမဖြစ်သူ ဒေါ်မော်မော်စီ(KMYT-၀၀၉၈၉၂)ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်မြသီတာ(TRY-၀၈၄၈၅၃) [၁၂/ဥကမ(နိုင်)၀၃၅၈၅၈]မှ (က) ပါမစ်မူရင်း၊ (ခ) အရောင်းအဝယ်အရပ်ကတိစာချုပ်၊ (ဂ)ဒေါ်မော်မော်စီမှ ဒေါ်မြသီတာသို့ လွှဲအပ်သော Special Power အမှတ်-၁၅၆၃၁/၁၉၉၇(၂၈-၈-၉၇)၊ (ဃ)အမည်ပေါက် ဦးသိန်းအောင်(ကွယ်လွန်)ပြီးဖြစ်သော်လည်း သေစာရင်း လက်ဝယ်မရရှိခဲ့ကြောင်း အရောင်းအဝယ်စာချုပ်တွင် အမည်ပေါက် ဦးသိန်းအောင်(ကွယ်လွန်)ပြီးဖြစ်သဖြင့် မြေချပါမစ်တွင်ပါရှိသော ဆက်ခံပိုင်ခွင့်ရှိသူ ညီမ ဒေါ်မော်မော်စီထံမှ ဝယ်ယူခဲ့ကြောင်း ထည့်သွင်းဖော်ပြထားကြောင်း မြေချပါမစ် အရောင်းအဝယ်စာချုပ်နှင့် မြေကွက်ကို အရှုပ်အရှင်းမရှိဘဲ လက်ဝယ်ရရှိပြီးဖြစ်ကြောင်း လျှောက်ထားမှုနှင့် ပတ်သက်၍ တာဝန်ယူကြောင်း ဒေါ်မြသီတာမှ ၂၄-၃-၂၀၂၀ ရက်စွဲပါ ဝန်ခံကတိပြုစာ တို့တင်ပြကာ ဂရန်သစ်လျှောက်ထားလာပါသဖြင့် ဒေါ်မြသီတာ၏ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

ဇီဝ
မျိုးစုံ
မျိုးကွဲ
တွေ
ကြွယ်
စေဖို့
သဘာဝ
တောတွေ
ထိန်း
သိမ်းစို့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဥမ္မာသိမ်း
### အသက်(၇၄)နှစ်

[မျိုးချစ်ဗမာ့တပ်မတော်အရေးတော်ပုံ ဂုဏ်ထူးဆောင်လက်မှတ်ရ၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ အငြိမ်းစားသံအမတ်ကြီး ကြည်း-၃၆၄၇၊ သီရိပျံချီစည်သူ ဗိုလ်မှူးကြီးသိမ်းတုတ်(ငြိမ်း) (စစ်ကိုင်း)-ဒေါ်ကြည်ကြည်]တို့၏ ချစ်လှစွာသောသမီး၊ ဒေါ်တင်တင်သိမ်း၏ချစ်လှစွာသောတူမ၊ အမေရိကန်ပြည်ထောင်စု Maryland ပြည်နယ်နေ Mr.Wayne Karlin (ပါမောက္ခ Maryland တက္ကသိုလ်၊ အမေရိကန်ပြည်ထောင်စု)၏ချစ်လှစွာသောဇနီး၊ ကိုဇော်ထက်သိမ်း-Rachel တို့၏မွေးမိခင်၊ မမေစန္ဒာသိမ်း၊ မောင်အောင်ဇေယျသိမ်းတို့၏အဘွား၊ [ဒုတိယဗိုလ်မှူးကြီးထွန်းလွင်(ငြိမ်း)]-ဒေါ်မြမြစိန်တို့၏တူမ၊ ဒေါ်မာလာသိမ်း-ဦးမျိုးညွှန့် [ဒုတိယဝန်ကြီး(ငြိမ်း)ပညာရေးဝန်ကြီးဌာန]တို့၏ညီမ၊ ဦးကျော်စွာသိမ်း(Asia and Pacific Affairs)-ဒေါ်ခင်မေထွေးတို့၏အစ်မ ဒေါ်ဥမ္မာသိမ်းသည် ၂၈-၂-၂၀၂၀ (သောကြာနေ့) မြန်မာစံတော်ချိန် နံနက် ၆:၅၀ နာရီတွင် အမေရိကန်ပြည်ထောင်စု Maryland ပြည်နယ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးချို (အသက် ၈၅ နှစ်)

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့် (ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈ - ၄ - ၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မောင် (စန္ဒီပရဆေး) မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးချို (အသက် ၈၅ နှစ်)

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့် (ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈ - ၄ - ၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလွင်ဦး**
**စွယ်စုံတိုင်းရင်းဆေးတိုက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးချို (အသက် ၈၅ နှစ်)

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့် (ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈ - ၄ - ၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဝေရာဦးသိန်းဝင်း-ဒေါ်စန်းစန်းနု မိသားစု**
**ပုသိမ်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ Engr. ဒေါက်တာမောင်မောင်ဝင်း
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဓာတုအင်ဂျင်နီယာဌာန
### ရန်ကုန်စက်မှုတက္ကသိုလ်(ကြို့ကုန်း)
### အသက်(၈၂)နှစ်

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း [Myanmar Association of Chemical Engineering (MACHE)]၏ ဂုဏ်ထူးဆောင်နာယက၊ ရန်ကုန်မြို့နေ ဒေါက်တာငြိမ်းငြိမ်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်နိုင်ဝင်း၊ ဦးမောင်မောင်ဖြိုးတို့၏ ကျေးဇူးရှင်မွေးသဖခင် ပါမောက္ခဒေါက်တာမောင်မောင်ဝင်းသည် ၈-၄-၂၀၂၀ ရက်တွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများ**
**မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း**

### ဦးဘိုကြည်
### အသက်(၇၁)နှစ်
**B.Sc(IC)**
**GM (RIEC Group of Companies)**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မထွဲကျေးရွာနေ (ဦးအောင်ခင်-ဒေါ်စံသွယ်)တို့၏ သား၊ မကွေးမြို့နယ်၊ သစ်ရာကောက်ကျေးရွာနေ (ဦးဘရွှေ-ဒေါ်အေးသွယ်)တို့၏ သားသမက်၊ (ဦးချစ်)-ဒေါ်အေးလှိုင်၊ (ဦးကျော်ရင်-ဒေါ်တင်တင်အိ)၊ ဦးကျော်ရှင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးမြင့်နိုင်-ဒေါ်လှလှတို့၏ ချစ်လှစွာသော ညီ/မောင်၊ ဒေါ်ညွှန့်ရီ (မူအုပ်-ငြိမ်း)၏အစ်ကို၊ ရန်ကုန်မြို့၊ FMI အိမ်ရာဝင်းနေ ဦးကြည်စိုး (Chairman, RIEC Group of Companies)၏ ယောက်ဖ၊ အရှေ့ကြို့ကုန်း၊ (၁၀)လမ်းတောင်၊ အမှတ်(၆၇၉)နေ ဒေါ်ရီနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်သာစိုး၊ ဒေါ်မေဇွန်တို့၏ ကျေးဇူးရှင်ဖခင်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အရှေ့ကြို့ကုန်း၊ (၁၀)လမ်းတောင်၊ အမှတ်(၆၇၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးချို (အသက် ၈၅ နှစ်)

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့် (ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈ - ၄ - ၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်ဝင်း - ဒေါ်အေးအေးလှိုင်**
**ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးချို (အသက် ၈၅ နှစ်)

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့် (ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈ - ၄ - ၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မှန်ချိုတိုင်းရင်းဆေးတိုက် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းရွှေ(B.A, LL.B)
### အသက်(၆၉)နှစ်၊ ပြည်မြို့

ပြည်မြို့၊ ရွာဘဲရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၄၉)နေ ဒေါ်ထွားတင် (လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း) အခြေခံပညာဦးစီးဌာန၏ခင်ပွန်း၊ ကိုခိုင်ဇော်လင်း-မလုံးလုံးတို့၏ဖခင်သည် ၇-၄-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်(G.T.I) 95 E.P မှ သူငယ်ချင်းများ**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## အလ္လာအရှင်မြတ် အမိန့်တော်ခံယူခြင်း

**ပါမောက္ခ Engr.ဒေါက်တာမောင်မောင်ဝင်း**

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဓာတုအင်ဂျင်နီယာဌာန**

**ရန်ကုန်စက်မှုတက္ကသိုလ်(ကြို့ကုန်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၂၁၉/၂၂၁)ရတနာမြိုင်ကွန်ဒို၊ လေးလွှာ၊ အခန်း(4A)နေ ဒေါက်တာငြိမ်းငြိမ်းဝင်း ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်နိုင်ဝင်း၊ ဦးမောင်မောင်ဖြိုးတို့၏ ကျေးဇူးရှင်မွေးသဖခင် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင်းသည် ၈-၄-၂၀၂၀ ရက်နေ့တွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာကြည်

**အသက်(၇၄)နှစ်**

[ဦးဘသီ (ကန်တော့ခံစာရေးဆရာ)-ဒေါ်သန်းကြည်] တို့၏ တစ်ဦးတည်းသောသမီး၊ ဒေါ်အေးသီတာ-ဦးထွန်းထွန်းဦး (လယ်ယာဖွံ့ဖြိုးဘဏ်)၊ မောင်မောင်ကြည်၊ မအေးဥမ္မာ (SME ဘဏ်)၊ မောင်မောင်သီ-မခိုင်ခိုင်ဝင်း တို့၏ ချစ်လှစွာသောမိခင်၊ ဦးမောင်မောင် (ဟိုတယ်ခရီး အငြိမ်းစား)၏ ချစ်လှစွာသော ဇနီးသည် ၈-၄-၂၀၂၀ ရက် ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၉-၄-၂၀၂၀ ရက်တွင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

သစ်တော
နဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်
ကို
နှစ်စဉ်စိုက်
ရွှေတိုက်
ကိုစိုး

### ဒုတိယဗိုလ်မှူးကြီးလင်းနိုင်(ငြိမ်း)၊ တေဇ(၂)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းရေတာရှည်လမ်းဟောင်း၊ အမှတ်(၂၃၊ A-6)နေ ဒေါ်တင်တင်ဖုန်း၏ ခင်ပွန်း၊ ယာယီခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးနေဇော်လင်းနိုင်၊ (မအိစကားဝါလင်းနိုင်)တို့၏ ဖခင် ဒုတိယဗိုလ်မှူးကြီးလင်းနိုင်(ငြိမ်း)၊ တေဇ(၂) သည် ၉-၄-၂၀၂၀ ရက် နံနက် ၈:၀၇ နာရီတွင် သဃ်န်းညီနောင်ကျေးရွာ၌ ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် သဃ်န်းညီနောင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၂၀ ရက် နံနက် ၆ နာရီတွင် သဃ်န်း ညီနောင်ကျေးရွာ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါ ရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်နီ**

**အသက်(၈၇)နှစ်**

**မြောင်၊ မရိုးကုန်း**

သူငယ်ချင်းကိုဇော်ဇော်ထွန်း B.E (Mechanical)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်နီ အသက် (၈၇)နှစ်သည် ၈-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT သူငယ်ချင်းများ**

### အထူးကျေးဇူးတင်ရှိခြင်း

၄-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ဦးအောင်စောဦး ဒု/အင်ဂျင်နီယာချုပ်(ငြိမ်း) မကျန်းမာစဉ် အထူးဂရုစိုက်ကုသပေးသော အာရှတော်ဝင်ဆေးရုံမှ အထူးကုဆရာဝန် Dr.ဒေါ်ဆွေဆွေသက်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါအထူးကု(ဓာတ်ရောင်ခြည်)မှ Dr.ဒေါ်ဝါဝါမဥ္ဇူ၊ ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာရှိကြီးများနှင့် ဝန်ထမ်းများ၊ ပတ္တမြား FM မှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း၊ စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်း၊ RIT 1980-1983, B.E (EC/EP)အတန်းဖော်သူငယ်ချင်းများ၊ Forever Group Co.,Ltd, MRTV-4, Channel 7, Manadalay F.M, Teen Radio ဝန်ထမ်းမိသားစု၊ ရပ်ဝေးရပ်နီးမှ အားပေးစကား ပြောကြားသော ဌာနအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးလှအောင်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၇၁/ခ)နေ (ဒေါ်သိန်းသိန်း)၏ ခင်ပွန်း၊ ဗိုလ်မှူးကြီးအောင်သူ(ငြိမ်း)-ဒေါ်လှဝင်းကြည်၊ (ဦးအောင်ဇော်မင်း)-ဒေါ်စီလေးအောင် (မူပြ-ငြိမ်း)၊ (ဦးအောင်မိုး-ဒေါ်ရွှေဝါ)တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးလှအောင် (တပ်ကြပ်ကြီး-ငြိမ်း) သည် ၉-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်တင်တင်ဌေး

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**အသက်(၆၅)နှစ်**

**[ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ မွေး-ညွှန်ဦးစီးဌာန]**

**မွေး-ရေဝန်ကြီးဌာန**

(ဦးဘမြင့်)-ဒေါ်အေးကြည်တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၁၇)၊ ပထမထပ်နေ ဦးထွန်းထွန်းအောင် [ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ သာသနာရေးဝန်ကြီးဌာန]၏ ချစ်လှစွာသောဇနီး၊ ဦးဉာဏ်ဖြိုး(မြန်မာ့အလင်း-ငြိမ်း)-ဒေါ်ခင်စန်းဝေ၊ ဦးသိန်းဝင်း(အစိုးရအဖွဲ့ရုံး-ငြိမ်း)-ဒေါ်ခင်ရီဝင်း၊ ဦးသက်ဇင်မောင် [ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန]-ဒေါ်ရီရီဝေ [လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန]၊ ဦးသိန်းဇော်-ဒေါ်လှလှရီ၊ ဦးခင်မောင်ဦး-ဒေါ်သက်သက်ဝေ၊ ဦးအောင်နိုင်ထွေး-ဒေါ်သင်ဇာအောင်တို့၏ အစ်မကြီး၊ ကိုချမ်းငြိမ်းအောင်-မရွှေရည်ဝင်းထွန်း(PROTAG Engineering Co.,Ltd.)၊ ကိုဇင်မင်းဦး (ခေတ္တ-စင်ကာပူ)-မမေဦးခိုင်၊ ဗိုလ်ကြီးအောင်မျိုးထွန်း(က-ရ-တ)တို့၏ မိခင်၊ မြေးတစ်ယောက်၏အဘွား ဒေါ်တင်တင်ဌေးသည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၁:၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၁၀-၄-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၂၀ ရက်နေ့တွင် လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၁၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးနော်ထွယ်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)**

**ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၄၇)နှစ်**

ပဲခူးတိုင်းဒေသကြီးပြည်ခရိုင်၊ပေါက်ခေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနော်ထွယ်သည် (၈-၄-၂၀၂၀)ရက်(ဗုဒ္ဓဟူးနေ့) နံနက် (၁:၄၀)နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ပဲခူးမြို့

### ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးလင်းနိုင် (ငြိမ်း)၊ တေဇ(၂)**

**အသက်(၆၉)နှစ်**

ဒုတိယဗိုလ်မှူးကြီးလင်းနိုင် (တေဇ-၂)၊ အသက်(၆၉)နှစ်သည် ၉-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၈:၀၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ ညီငယ်များ**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှအောင်**

**အသက်(၈၆)နှစ်**

စစ်တက္ကသိုလ်ဗိုလ်လောင်းအမှတ်စဉ်(၂၄)မှ ဗိုလ်မှူးကြီးအောင်သူ(ငြိမ်း)-ဒေါ်လှဝင်းကြည်တို့၏ ဖခင် ဦးလှအောင် သည် ၉-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ရွှေပြည်သာမြို့နယ် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင်(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးအောင်သိန်းညွန့် (ငြိမ်း)**

**OTS-40**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ တိုက်(၂၄၈)၊ အခန်း(၁၀)၊ တိုက်(၄)လုံး၊ ရန်ကင်းမြို့နယ်နေ ဒေါ်လဲ့လဲ့ဝင်း၏ ခင်ပွန်း ဦးအောင်သိန်းညွန့်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီဟ(၄၀)**

**သူငယ်ချင်း မိသားစုများ**

### ဦးကျင်ရှိန် (ထားဝယ်-တလိုင်းမရပ်)

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**အသက်(၉၀)**

ရန်ကုန်မြို့၊ အမှတ်(၈၆)၊ ကံ့ကော်မြိုင်လမ်း၊ ရန်ကင်း(၈)ရပ်ကွက်နေ (ဦးပျိုညီ-ဒေါ်ဖွားအို)၏ သား၊ (ဦးဘဘူ-ဒေါ်သန်း-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်ရင်ရင်အေး (MPT-ငြိမ်း)-ဦးမြတ်သိန်းထွန်း၊ ဒေါ်ခင်ခင်အေး (မူလတန်းကျောင်းအုပ်-အ-မ-က-၁၉၊ မရမ်းကုန်း)၊ ဒေါ်သောင်းကြွယ်၊ ဦးအောင်အောင်-ဒေါ်ဆွေဇင်မောင်၊ ဦးမိုးကျော်၊ ဒေါ်သီတာ (JAT မူလွန်-၇၊ သဃ်န်းကျွန်း)-ဦးစိုင်းစံရွှေတို့၏ ဖခင်၊ မစုစုဇင်မာမျိုး (UNOCHA)၊ မသန့်သဇင်မျိုး (UNOPS)၊ မောင်စိုင်းစိုင်းသီဟခမ်း၊ မောင်ရဲဖြိုးဦး (အထက-၂၊ ရန်ကင်း)၊ မယွန်းဝတီဦး (အမက-၁၅၊ သဃ်န်းကျွန်း)တို့၏ အဘိုး၊ ဒေါ်အုန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း ဦးကျင်ရှိန်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်လှ

**အထက-၄၊ မြောက်ဒဂုံ(အငြိမ်းစား)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ်(၄၈၅)နေ (ဦးသိန်းဖေ-ဒေါ်စောရှင်)တို့၏ သားကြီး၊ (ဦးချစ်စိန်-ဒေါ်မြသောင်း)တို့၏ သားသမက်၊ ဒေါ်မေခင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးမြင့်စိန်)-ဒေါ်ခင်ခင်တင့်၊ (ဦးစောဝင်း)-ဒေါ်သန်းသန်းဌေးတို့၏ အစ်ကိုကြီး၊ ဒေါ်သင်းသင်းအေး၊ ဦးထွန်းနိုင်စိုး-ဒေါ်သီတာအောင်၊ ဦးထွန်းနိုင်လင်း (PHYO MYANMAR Co.,Ltd.)တို့၏ ဖခင်၊ တူ/တူမ ငါးယောက်၊ မြေးလေး မောင်ပိုင်သွန်းဆက်၏ အဘိုးသည် ၉-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးကျော်ဝင်း (မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာ(၁၅)လမ်း၊ အမှတ်(၆၇၃/က)နေ (ဦးကံညွန့်-ဒေါ်သိန်းနု)တို့၏ သား၊ (ဒေါ်အိအိခင်)၏ ခင်ပွန်း၊ မောင်ရဲကျော်သူဝင်း၊ (မအိမ့်သဉ္ဇာဝင်း) တို့၏ ဖခင်သည် ၇-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတက်ထွန်း(ခ)ဦးစိန်မြင့်(ခ)တန်အီတက်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရတနာသိဒ်လမ်း၊ အမှတ်(၆၈၆)၊ ရွာမအရှေ့နေ (ဦးတန်စံမွေး)၊ (ဒေါ်လိုကာဝှါး)တို့၏ သား၊ (ဦးစိုးတင့်)၏ ညီ၊ (ဒေါ်သန်းသန်းနွယ်)၊ ဦးအီချန်၊ ဒေါ်တင်တင်နွယ်၊ ဦးအီနူးတို့၏ အစ်ကို၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်စောမြတ်သန္တာ၊ ဦးDavid၊ ဒေါ်ဖူးသဉ္ဇာတို့၏ ဖခင်သည် ၉-၄-၂၀၂၀ ရက် နံနက် ၉:၄၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်

**အသက်(၆၃)နှစ်**

**အောင်ဘာလေသိန်းဆုဌာနခွဲ(ငြိမ်း)**

**ပြည်တွင်းအခွန်များဦးစီးဌာန**

(ဦးချစ်တီး-ဒေါ်လှတင်)တို့၏ သား၊ ဦးချစ်ဆွေ (ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့-ငြိမ်း)-ဒေါ်ဝင်းမြိုင်၊ ဦးချစ်အောင်-ဒေါ်မြမြသွယ် (ဂိုးပါဝါကုမ္ပဏီလီမိတက်)တို့၏ ညီ၊ ဒေါ်သန်းသန်းအေး (ဂိုးပါဝါကုမ္ပဏီလီမိတက်-မန္တလေးတိုင်းအရောင်းကိုယ်စားလှယ်)၏ မောင်၊ ဒေါ်မြမြ(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆေးဝါးလုပ်ငန်း)၏ အစ်ကို၊ ဒေါ်ချိုချိုစိန် (မီကိုကုမ္ပဏီလီမိတက်) ၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၄-၂၀၂၀ ရက်နေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ-Engr.ဒေါက်တာမောင်မောင်ဝင်း**

**အသက်(၈၂)နှစ်**

ရန်ကုန်စက်မှုတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနမှ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဆရာကြီးဒေါက်တာမောင်မောင်ဝင်းသည် ၈-၄-၂၀၂၀ ရက်တွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မြန်မာနိုင်ငံ ဓာတုအင်ဂျင်နီယာ မိသားစုအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုဖြစ်ရခြင်းအပေါ် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၅ ခုနှစ်**

**ဓာတုအင်ဂျင်နီယာဘွဲ့ရတပည့်များ**

# ရန်ကုန်နှင့် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများတွင် ပြည်သူ ၃၇၄ ဦး Facility Quarantine ထားရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၉**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူများနှင့် တပ်မတော်သားများ၊ မိသားစုဝင်များ အတွက် ကာကွယ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

## COVID-19 Fund မှ ပထမအသုတ်အဖြစ် လုပ်ငန်း ၈၈ ခုအား ချေးငွေထုတ်ယူခွင့်ပြု

**နေပြည်တော် မေ ၉**

Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၃/၂၀၂၀)ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများအနက် ပထမအသုတ်အဖြစ် လုပ်ငန်း ၈၈ ခုကို COVID–19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ကြောင်း စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲများ ဇူလိုင်လကုန်အထိ ရပ်နား



**ရန်ကုန် မေ ၉**

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ရောဂါကြောင့် မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်နေသည့် BWF ကြက်တောင်ပြိုင်ပွဲများကို ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် (BWF)က ဇူလိုင်လကုန်အထိ ထပ်မံရပ်နားခဲ့သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ကိုဗစ်–၁၉ ရောဂါကြောင့်

စာမျက်နှာ ၂၆ ကော်လံ ၅ သို့ ◆



## GAP နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ အိမ်တိုင်ရာရောက် ရောင်းချ

**လားရှိုး မေ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး မိမိတို့အိမ်၌သာ နေထိုင်သည့် မိဘပြည်သူများထံသို့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agricultural Practices–GAP) နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို ယနေ့နံနက် ၇ နာရီက အိမ်တိုင်ရာရောက် စတင်ရောင်းချခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ စည်ပင်သာယာရေးဌာနတို့ကလည်း မေ ၁၁ ရက်ကစ၍ စားသောက်ကုန်များကို ပေါက်ဈေး၏ ၂၀ ရာခိုင်နှုန်းလျှော့ပြီး ၁၂ ဘီးကားဖြင့် လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အလှူရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များကလည်း အခြေခံစားသောက်ကုန်ပစ္စည်းများကို မိမိတို့တတ်နိုင်သည့် အတိုင်းအတာအလိုက် အိမ်တိုင်ရာရောက် ကူညီထောက်ပံ့ပေးလျက်ရှိသည်။

**ဟန်ငြေး(လားရှိုး)**

## ကြေးမုံ ယနေ့ ဖတ်စရာ

### ကုလသမဂ္ဂက ဗင်နီဇွဲလားနိုင်ငံသို့ ကိုဗစ်-၁၉ ဆိုင်ရာ အထောက်အပံ့ပစ္စည်း တန် ၉၀ ပေးပို့

စာမျက်နှာ » ၁၁



### တောင်ကိုရီးယားနိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်မှုတွင် ဦးဆောင်နိုင်ရန် သမ္မတမွန်ဂျေအင်း မျှော်လင့်

စာမျက်နှာ » ၁၂



### ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနထားရှိရေး ရှင်းလင်းဆွေးနွေး

စာမျက်နှာ » ၅

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅